# ဒသမတန်းစိတ်ကြိုက်မြန်မာစာ
# မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတို ကျောင်းသုံးစာအုပ်မိတ်ဆက်

မြန်မာစာအခြေခံခိုင်မာပြီး ကျွမ်းကျင်စွာတတ်မြောက် အသုံးပြုနိုင်ရန် ဦးတည်ချက်ထားရှိပြီး အခြေခံပညာအထက်တန်း မြန်မာစာသင်ရိုးကို ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် ကျောင်းသားအားလုံး လေ့လာသင်ယူရမည့် မြန်မာစာနှင့် မြန်မာစာကို အထူးစိတ်ဝင်စားပြီး နက်နက်ရှိုင်းရှိုင်းလေ့လာလိုသည့် ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာဟူ၍ နှစ်မျိုးခွဲခြားထားသည်။ စိတ်ကြိုက်မြန်မာစာသင်ယူမည့် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် မြန်မာစာကို အသုံးချစာပေအဖြစ် အသုံးပြုနိုင်မည့် အခြေခံကောင်းများရရှိစေရန် ပြုစုရေးသားထားပါသည်။

ဒသမတန်း စိတ်ကြိုက်မြန်မာစာ မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတို ကျောင်းသုံးစာအုပ်ကို အသုံးပြုရာတွင် မြန်မာစာအရေးအသားဆိုင်ရာ၊ မြန်မာစာပေစိစစ်လေ့လာမှုဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်အတွက် ဆရာ၏ လမ်းညွှန်မှုဖြင့် တစ်ဦးချင်း လေ့ကျင့်ခြင်း၊ အဖွဲ့လိုက်လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ဖြင့် သင်ယူမည်။ မြန်မာစာပေ၏ အနှစ်သာရကို လေ့လာသင်ယူရာတွင်ဖြစ်စေ၊ လက်တွေ့အသုံးချရာတွင်ဖြစ်စေ ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြဿနာများကိုလည်း ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ် ဖန်တီးတတ်စေရန် လေ့ကျင့်သင်ယူမည်။ အချို့စာသင်ချိန်များတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လက်တွေ့လုပ်ဆောင်မှုများဖြင့် လေ့လာသင်ယူကြမည် ဖြစ်သည်။

DBE BOX - Copyright Protected

## သင်ယူရမည့်အကြောင်းအရာ

၎င်းဒသမတန်း စိတ်ကြိုက်မြန်မာစာ မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတို ကျောင်းသုံးစာအုပ်တွင် အောက်ပါအကြောင်းအရာများ ပါဝင်သည်။

**အခန်း – ၁**

မြန်မာပြဇာတ်

ပြဇာတ်သဘောတရား

မြန်မာပြဇာတ်ရွေးချယ်ချက်

**အခန်း – ၂**

မြန်မာဝတ္ထုတို

ဝတ္ထုတိုသဘောတရား

မြန်မာဝတ္ထုတိုရွေးချယ်ချက်

## သင်ယူကြရမည့်နည်းလမ်းများ

သင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် အရေးပါသော ၂၁ ရာစု ဘာသာစကားဆိုင်ရာကျွမ်းကျင်မှုအဖြစ် ဆရာက လက်တွေ့သင်ကြားလေ့ကျင့်ပေးမည်။

### လေ့လာမှုနယ်ပယ်

မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတို တို့သည် ရသစာပေများဖြစ်သည်။ ပြဇာတ်နှင့် ဝတ္ထုတို တို့သည် သဘောသဘာဝအားဖြင့် များစွာကွဲပြားမှုမရှိပေ။ ဖန်တီးမှုတွင်သာ ကွဲပြားခြားနားသည်။ ပြဇာတ်နှင့် ဝတ္ထုတို တို့ကိုလေ့လာရာတွင် ရည်ရွယ်ချက် သို့မဟုတ် အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင် ဖန်တီးပုံ၊ ကာလဒေသနောက်ခံ၊ အရေးအဖွဲ့၊ ရသနှင့် အသိအမြင်ဟူသည့် နယ်ပယ် ခြောက်ရပ်ဖြင့် လေ့လာမည်။

### လေ့လာမှုနည်းနာ

❖ **ပူးပေါင်းဆောင်ရွက်ခြင်း**- သင်ခန်းစာများသင်ယူရာတွင် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီးမြန်မာပြဇာတ်နှင့် ဝတ္ထုတိုဆိုင်ရာ အတွေးအခေါ်များမျှဝေခြင်း၊ အဖြေများအတူရှာဖွေခြင်းတို့ကို လုပ်ဆောင်မည်။ သာဓကအားဖြင့် ပြဇာတ်တစ်ပုဒ်မှ ပြောစကားများကို အပြန်အလှန်ပြောဆိုခြင်း၊ မြန်မာပြဇာတ် သို့မဟုတ် မြန်မာဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ရှုပြီးနောက် စကားဝိုင်းဆွေးနွေးခြင်း၊ မြန်မာပြဇာတ် သို့မဟုတ် မြန်မာဝတ္ထုတိုကဲ့သို့သော ရသစာပေမှ ရရှိသောအသိအမြင်ချင်း ဖလှယ်ခြင်း၊ မြန်မာပြဇာတ် မြန်မာဝတ္ထုတိုတို့၏ ဖန်တီးမှုအတတ်ပညာကို ဆွေးနွေးခြင်းတို့ကိုဆောင်ရွက်မည်။

DOE BOX - Copyright Protected

- **ဆက်သွယ်ပြောဆိုခြင်း -** မြန်မာပြဇာတ်၊ မြန်မာဝတ္ထုတို သင်ခန်းစာများမှ ဆက်သွယ်မှုဆိုင်ရာနည်းလမ်းများမှ ဆောင်ရန် ရှောင်ရန်အချက်များကိုလေ့လာပြီး အသုံးချနိုင်စေမည်။ မြန်မာပြဇာတ် မြန်မာဝတ္ထုတို သင်ခန်းစာအားလုံးကို ပြောဆိုဆွေးနွေးခြင်း၊ ရွတ်ဖတ်ခြင်း၊ ရွတ်ဆိုခြင်း၊ နားထောင်ခြင်း၊ ရေးသားခြင်းစသည့် ဆက်သွယ်မှုများကို ကိုယ်အမူအရာများ မှန်ကန်စွာ ပေါင်းစပ်ဆက်သွယ်နိုင်သည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာမည်။

- **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** - မြန်မာပြဇာတ်၊ မြန်မာဝတ္ထုတို ဖြေရှင်းရန်ရှိသည့် လူမှုဘဝဆိုင်ရာ ပြဿနာများ၊ စာအရေးအသားဆိုင်ရာပြဿနာများကို အဖြေရှာခြင်း၊ တင်ပြခြင်း၊ အမှားရှာဖွေခြင်းနှင့် ပြုပြင်ခြင်းတို့ကို ပြုလုပ်ရမည်။

- **တီထွင်ဖန်တီးခြင်း** - ဘာသာစကားနှင့် စာအရေးအသားကိုအသုံးပြုရာတွင် သမားရိုးကျ ပြောဆိုရေးသားသည့် အခြေအနေမှကျော်လွန်ပြီး အတွေးအခေါ်များပေါင်းစပ်ကာ ပြောဆိုရေးသားနိုင်သည့် စွမ်းရည်များ၊ နည်းလမ်းသစ်များဖြင့် ဆက်သွယ်မှုထိရောက်စေရန် ကျောင်းသားများကိုယ်တိုင် တီထွင်ဖန်တီးသည့် အလေ့အထများရရှိစေမည်။ မြန်မာပြဇာတ်တစ်ပုဒ်ကို ဖန်တီးရေးသားခြင်း၊ တင်ဆက်ကပြခြင်း၊ မြန်မာဝတ္ထုတိုတစ်ပုဒ်ဖန်တီးရေးသားခြင်းတို့ဖြင့် မိမိကိုယ်တိုင်တီထွင်ဖန်တီးရေးသားတတ်သည့် အလေ့အကျင့်များ ရရှိလာစေမည်။

- **နိုင်ငံသားကောင်းဖြစ်ခြင်း** - မြန်မာပြဇာတ်၊ မြန်မာဝတ္ထုတိုစာပေသည် လူ့သဘောလူ့သဘာဝကို ထင်ဟပ်သည့် ရသစာပေအမျိုးအစား ဖြစ်သည်။ မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတို စာပေကို လေ့လာဖတ်ရှုခြင်းဖြင့် နိုင်ငံသားကောင်းဖြစ်စေရန် အရင်းခံကျသော အချက်ဖြစ်သည့် လူ့သဘော လူ့သဘာဝကို သိရှိနားလည်ခြင်း၊ လူမှုပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ပြုမူကျင့်ကြံတတ်ခြင်းစသည့် အလေ့အကျင့်ကောင်းများရရှိစေမည်။

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့်ရလဒ်များ

ဒသမတန်း စိတ်ကြိုက်မြန်မာစာကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

DHEEBOOK Copyright Protected

## မြန်မာပြဇာတ်

မြန်မာပြဇာတ်သင်ခန်းစာများကို လေ့လာသင်ယူပြီးနောက် ပြဇာတ်သဘောသဘာဝကို ကောင်းစွာ သိမြင်လာမည်။ ပြဇာတ်တစ်ပုဒ်ကိုဖန်တီးသည့် ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင်ဖန်တီးမှု၊ ကာလဒေသနောက်ခံဖန်တီးမှု အတတ်ပညာကို သိရှိလာမည်။ ပြဇာတ်သည် လူ့လောက၏ အဖြစ်အပျက်တို့ကို ဖော်ကျူးသည့် စာပေမျိုးဖြစ်ရာ ပြဇာတ်ကိုလေ့လာပြီးနောက် လူ့လောက အကြောင်းကို ကောင်းစွာသိမြင်လာမည်။ ပြဇာတ်တစ်ပုဒ်၏ ရသစာပေသဘောကို နားလည်ခံစားတတ်လာမည်။ ရသစာပေမှပေးသော အသိအမြင်များကို လက်တွေ့လောကတွင် ပြန်လည်အသုံးချတတ်လာစေမည်။ ရသစကားပြေများ၏ ရသခံစားမှုမှတစ်ဆင့် လူ့သဘော လူ့သဘာဝများကို သတိပြုမိ၍ လက်တွေ့ဘဝတွင် ဆန်းစစ်သုံးသပ်တတ်လာမည်။ ပြဇာတ်ကပေးသောရသကို ကောင်းစွာခံစားတတ်၍ ရှင်းပြတတ်လာမည်။

## မြန်မာဝတ္ထုတို

မြန်မာဝတ္ထုတို သင်ခန်းစာများကို လေ့လာသင်ယူပြီးနောက် မြန်မာဝတ္ထုတို တစ်ပုဒ်ကိုဖန်တီးသည့် ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင်ဖန်တီးမှု၊ ကာလဒေသနောက်ခံဖန်တီးမှု အတတ်ပညာကို သိရှိလာမည်။ ဝတ္ထုသည် လူ့စရိုက်သဘာကို ဖော်ညွှန်းသည့် စာပေဖြစ်ရာ ဝတ္ထုကိုလေ့လာပြီးနောက် လူ့သဘော လူ့သဘာဝကို ကောင်းစွာသိမြင်လာမည်။ ဝတ္ထုတိုတစ်ပုဒ်၏ ရသစာပေသဘောကို နားလည်ခံစားတတ်လာမည်။ ရသစာပေမှပေးသော အသိအမြင်များကို လက်တွေ့လောကတွင် ပြန်လည်အသုံးချ တတ်လာစေမည်။ ရသစာပေများ၏ ရသခံစားမှုမှတစ်ဆင့် လူ့သဘော လူ့သဘာဝများကို သတိပြုမိ၍ လက်တွေ့ဘဝတွင်ဆန်းစစ် သုံးသပ်တတ်လာမည်။ မြန်မာဝတ္ထုတိုတစ်ပုဒ် ဖန်တီးမှုကို နားလည်လာပြီး ကိုယ်ပိုင်ဖန်တီးရေးသားတတ်လာမည်။

ပြဇာတ်နှင့်ဝတ္ထုသည် ရသစာပေဖြစ်သောကြောင့် ပြဇာတ်နှင့်ဝတ္ထုကိုလေ့လာပြီး ရသခံစားနှစ်သက်ခြင်းကိုဖြစ်ပေါ်စေမည်။ စာရေးသူ၏ စေတနာကြောင့် လူ့လောကကိစ္စတို့၌လည်းကောင်း၊ ဘဝအဖြစ်အပျက်တို့၌လည်းကောင်း ဝမ်းမြောက်ထိုက်သောအရာကို ဝမ်းမြောက်ရမှန်းသိလာမည်။ သနားထိုက်သောအရာအတွက် သနားရမှန်းသိလာမည်။ အားတက်ထိုက်သောအရာအတွက် အားတက်ရမှန်းသိလာမည်။ ရဲရင့်ထိုက်သောအရာအတွက် ရဲရင့်ရမှန်းသိလာမည်။ အံ့ဩထိုက်သောအရာအတွက် အံ့ဩရမှန်းသိလာမည်။ ချစ်မြတ်နိုးထိုက်သောအရာအတွက် ချစ်မြတ်နိုးရမှန်းသိလာမည်။ စက်ဆုပ်

DBE BOX Copyright Protected

ထိုက်သောအရာအတွက် စက်ဆုပ်ရမှန်းသိလာမည်။ ချီးကျူးထိုက်သောအရာအတွက် ချီးကျူးရမှန်းသိလာမည်။ ကဲ့ရဲ့ထိုက်သောအရာအတွက် ကဲ့ရဲ့ရမှန်းသိလာမည်။ ကျောင်းသားတို့သည် မိမိဘဝပတ်ဝန်းကျင်ကို မိမိခံစားမှုအသိဖြင့် သတိမူမိ၍ အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို သဘောပေါက်လာနိုင်မည်။ ထိုမှတစ်ဆင့် ဘဝအသိ ဘဝအမြင်များရရှိကာ လူ့လောကတွင် တွေးခေါ်မြော်မြင်တတ်သော၊ စာနာနားလည်တတ်သော နိုင်ငံသားကောင်းများ ဖြစ်လာမည်။

DBE BOX - Copyright Protected

# အခန်း – ၁
# မြန်မာပြဇာတ်

**ပြဇာတ်သဘောသဘာဝ**

ပြဇာတ်ဟူသည့် ဝေါဟာရကို မြန်မာအဘိဓာန်၌

“၁။ ဇာတ်လမ်းကို ကပြသရုပ်ဆောင်နိုင်ရန် ရေးဖွဲ့သောစာပေ၊

၂။ ယင်းဇာတ်ကို သရုပ်ဆောင်ကပြသောပွဲ။”

ဟူ၍ဖွင့်ဆိုထားပါသည်။ ပြဇာတ်တွင် စင်တင်ပြဇာတ်နှင့် ပြဇာတ်စာပေဟူ၍ရှိပါသည်။ ပြဇာတ်တစ်ပုဒ်တွင်

၁။ အာဘော်

၂။ ဇာတ်လမ်း

၃။ ဇာတ်ဆောင်

၄။ နောက်ခံအခင်းအကျင်း

၅။ ဇာတ်ဆောင်ပြောစကား

၆။ ဇာတ်ခုံအညွှန်းစကား

ဟူသောအင်္ဂါရပ်များပါဝင်ပါသည်။

ပြဇာတ်ကဏ္ဍတွင် ဖော်ပြထားသော မဟော်ကျေးစေခန်းပြဇာတ်သည် ရှေးပြဇာတ်ဖြစ်သည်၊ မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများပြဇာတ်သည် မျက်မှောက်ခေတ်ပြဇာတ်ဖြစ်သည်။ ထိုပြဇာတ်များမှ ပြဇာတ်စာပေတို့၏ ယေဘုယျလက္ခဏာများ သဘောသဘာဝများကိုလေ့လာရန်ဖြစ်သည်။

ရှေးခေတ်ပြဇာတ်များတွင် ဇာတ်ဆောင်ပြောစကားများ ဆိုင်းဆင့်ပတ်တိုက်စကားများကို ကာရန်ပါသော လင်္ကာစပ်စကားပြေဖြင့်ဖွဲ့သည်။ ဇာတ်ချင်းတေးကဗျာများ ဖွဲ့လေ့ရှိသည်။ ခေတ်သစ်ပြဇာတ်တွင် ဇာတ်ဆောင်ပြောစကားများကို ပုံမှန်စကားပြောနေသကဲ့သို့ ရိုးရိုးစကားပြေဖြင့်ရေးသည်။ ဇာတ်ချင်းများသီးသန့်မပါပေ။

**ရွေးချယ်ချက်**

၁။ မဟော်ကျေးစေခန်း

၂။ မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ

DBE BOX - Copyright Protected

## မပေဟာ်ကျေးစေခန်း

မပေဟာ် ဆို ။ ။ ဗုဒ္ဓကိုရ၊ ဘုရားအလောင်း၊ မတ်ကောင်းပဏ္ဍိ။ ။ ငါ့ဝယ်စကား၊ နားမရှိ၍၊ ကဝိလေးဖြာ၊ မိုက်စွာဒေဝိန်း၊ သိန်းနှင့်ပကုသ်၊ ကာမိန်းယုတ်တို့၊ မဟုတ်အကြံ၊ အရှင့်ထံမှောက်၊ တင်လျှောက်ထား၍၊ ယုံမှားတစိ၊ ရှိလေပြီ။ ထွန်တုံးနောက်ဖွား၊ တောတွင်းသားလို့၊ ငါ့အားမတန်၊ ရာဇသံနှင့်၊ အမြန်နှင်ထုတ် ပြုသည်မှာ၊ ရာဇာမင်းဖျား၊ အယူမှားသော်လည်း၊ ငါ့အားကြံခွင့်ဖြစ်ပေသည်။ ပြည်ဥတ္တရာ၊ တိုင်းပဉ္စာက၊ လာသည့်အရေး၊ ထောက်ချင့်တွေးသော်၊ ကျေးသားလိမ္မာ၊ ကျွန်ရင်းချာကို၊ သာလိကာထံသို့၊ ညဏ်ဆင်၍လျင်မြန်စွာလွှတ်ရဦးတော့မည်။

(တစ်ကိုယ်တည်းပြော)

မပေဟာ်ဆက်ဆို ။ ။ ဣန္ဒနီလာ၊ သန္တာနှုတ်ကွေး၊ မြကိုယ်မွေးနှင့်၊ ကျေးမျှားမြတေ၊ ရွှေချိုင့်နေ။ ။ ဝိဒေဟရာဇ်၊ တိုင်းစစ်ကျယ်စွာ၊ တို့ပြည်သာကို၊ ရာဇာစူဠနီ၊ တူညီကြမ်းကြုတ်၊ သူယုတ်ထောင်လွှား၊ ပုဏ္ဏားကေဝဋ္ဋ၊ မညွတ်ခုခံ၊ လွှတ်ကြံခါခါ၊ ရန်ရှာသော်လည်း၊ ဗိုလ်ပါရန်လေ့၊ တပ်လန်ပြေး၍၊ အရေးမလှ၊ ရှုံးလက်စကို၊ ဒေါသမပြေ၊ ထွေထွေရာရာ၊ ယုတ်မာပုဏ္ဏား၊ မင်းဖျားစူဠနီ၊ သိင်္ဂီရောင်လျှပ်၊ နန်းပြာသာဒ်ထက်၊ ချိန်းချက်တိုင်ပင်၊ မမြင်လျှို့ကွက်၊ သူ့အတွက်ကို၊ အမတ်သူလျှို၊ ပြန်ဆိုသည့်စကားကို ကြားသိရသည်။ ယခုတစ်ဖန်၊ ရာဇသံနှင့်၊ တမန်အယောင်၊ မိတ္တာမှောင်ဖြင့်၊ ဟန်ဆောင်ကြမ်းကြုတ်၊ ပုဏ္ဏားယုတ်သည်၊ သူလုပ်ဆောင်၍၊ ထွတ်ခေါင်ရတနာ၊ ပဉ္စာလစန္ဒီ၊ ကြန်ညီနတ်ဆင်း၊ သမီးရင်းကို၊ ဆက်နှင်းနှံ့အပ်၊ စုလျားပတ်မည်၊ ရိပ်ခြည်ထွေပြား၊ ထိုစကားကို၊ ခြားနားသေချာ၊ တိုင်းပဉ္စာသို့၊ လျင်စွာဆက်ဆက်၊ ပြာသာဒ်ထက်တွင်၊ ငှက်မလိမ္မာ၊ သာလိကာကို၊ ပညာလျှို့ကွက်၊ ကိုယ့်အတတ်နှင့်၊ ဆက်စပ်ပြု၍၊ ခုသည်ခြင်းရာ၊ အဖြာဖြာကို၊ သိသာအောင်မေးရမည်။ ရွှေကျေးတိုက်ကျော် တိုင်ပင်ဖော်။

ကျေးကဆိုစေ ။ ။ တင်ပါသည်ဘုရား။ ။ အရှင့်ကျွန်ယုံ၊ ရွှေဘုံသိင်္ဂီ၊ တိုင်းပဉ္စာကို၊ မကြာကုန်အောင်၊ ကျိုးတော်ကို ဆောင်ပါတော့မည်ဘုရား။ ။ ရော-သည် တစ်ခါ၊ ဥတ္တရာ ပဉ္စာလ၊ တိုင်းရဋ္ဌပူရီတွင်၊ စူဠနီမင်းဖျားနှင့်၊ ပုဏ္ဏား ကေဝဋ္ဋတို့၊

စဉ်းလဲလှည့်ပတ်သည့်အကြံကို၊ တမန်တကာ့ထိပ်ပေါ်၊ မဟော်ကျွန်ယုံ၊ ဂုဏ်မိပတိ၊ ဉာဏ်ကဝိနှင့်၊ ပဏ္ဍိတမကိုဋ်၊ လောင်းသိုက်ရ ကျေးသား၊ ရှစ်ပါးအင်္ဂါ၊ များရာဇိန္ဒ၊ သံတကာ့ရာဇာ၊ အဖြာဖြာကို၊ စိန္တာသုတ၊ အဝဝနှင့်၊ သိရအောင် မြန်မြန်၊ အာကာယံ နယ်တစ်ဝိုက်က၊ လေလိုက်သင့်ပျံပြီးလျှင်၊ ယဉ်မူဟန်ဉာဏ်ရှိ မယ်သာလိနှင့်၊ ကိလေသာ့မိတ်ဖက်၊ ကြင်ဂဟေဆက်၍၊ သက်နှင်းကာ ပုံရအောင်၊ တောင်ဟုန်ကို နှိုးတော့မည်။ တံပိုးသံ မရိုးသံ မြေမိုးခြိမ့်ညံတဲ့အောင်၊ ချစ်ရင်းဆွယ်မယ်လို့၊ ပတ်အောင်သွယ်လွှတ်။ ။

(ဆိုင်းဆင့်ပတ်တိုက်)

တစ်ခန်းရပ်

**ကျေးသားနှင့် သာလိကာအခန်း**

(မဟော်၏ ကျေးသား ဥတ္တရာ ပဉ္စာလသို့ရောက်စေ)

ကျေးသား ဆို ။ ။ တိုင်းမိဓိလာ၊ ဝိဒေဟာက၊ပဉ္စာလသို့၊ ကောက်ညစ်သော အကြံကို၊ ဇကန်မုချ၊ သိရအောင်၊ သုဝရာဇာ၊ ပျံမြန်းလို့လာခဲ့သည်။ ။ အင်္ဂါခုနစ်ပါး၊ တံခါးကျုံးမြောင်း၊ တန်ဆောင်းခိုနန်း၊ ဈေးလမ်းသဘင်၊ ထွက်ဝင်လို့သွားလာ၊ ဗိုလ်ပါခပဲ၊ သူ့ရဲသူခက်၊ လက်နက်မကွာ၊ ချပ်ကာမိန်ညို၊ မောက်တို မောက်လူ၊ ကိုင်ယူတုတ်ဓား၊ လေးမြားစွဲလျက်၊ တစ်ခဲနက်မို့၊ ကျွက်ကျွက်သာညံ၊ ရထားနှင့် ဆင်မြင်းသံမှာ၊ ခြေချင်းထပ် ဗလောင်ဆန်၊ ညံချင်တိုင်းညံ၊ ထပ်ချင်တိုင်းထပ်၊ မင်းမြတ်မဟော်၊ ကျွန်တော်ယုံကြည်၊ မွေးမြူသည့်ကျေး၊ ဆိုရေးဥက္ကဋ္ဌ၊ အမှတ်ဘယ်ရှိ ရဲသတ္တိ စုံလင်စွာနှင့်၊ မယ်သာလိစံရာဆောင်၊လေသာပြာသာဒ်၊ဉာဏ်အကြံ လိမ်လည်လှည့်ပတ်လို့၊ နားအပ်ကာဝင်ပြီးလျှင်၊ စဉ်တိုက်ကြီး မေးရအောင်၊ ဝိုင်းဆိုသည့် မြပဂေးက၊ အရေးပိုင် တစ်ငုံဆစ်၍ ပတ်မျက်ချစ်ဖော်။ ။

(ပတ်တိုက်ဆိုင်းဆင့်)

ကျေးသားဆက်ဆို ။ ။ မယ်သာလိစံရာ၊ ဆောင်လေသာ နန်းပြာသာဒ်၊ စိန်သတ်သည့် မုတ်ကြာသို့၊ ဆောမြန်စွာ ဝင်သွားလျှင်၊ ရှောင်တခင်ခြင်းရာ၊ ဘယ်ရွာဘယ်တိုင်းက ဆစ်ပိုင်းလို့ မေးသောခါ၊ ဖြေစရာ စကား၊ ခြားနားမှန်စွာ၊ မိဓိလာက၊ လောင်းရာဇာမဟော်၊ ဖွားဖက်တော်ဟု၊ ထုတ်ဖော်လို့ပြောမိလျှင်၊ သဘောချင်းမဆိုင်၊ ကြင်ဖက်တော်မပြိုင် ရှိချေမယ်။ ။ သယ်-အမည်ကို၊ လိမ်လည်ဥပါယ်၊ ပရိယာယ်နှင့်၊ လည်ဆယ်လို့ ပြောရအောင်၊ စိန်တုရင် မှန်ကင်းကြားက၊ နားနေကာ ကြည့်ရဦးတော့မယ်။

(တစ်ကိုယ်တည်းပြော)



DBE BOX - Copyright Protected

**(ပြာသာဒ်ထက်လှောင့်ချိုင့်တွင်းမှ သာလိကာမထွက်စေ)**

သာလိကာမ ဆို ။ ။ သယ်-ဘယ်ခါမှ မကြားစဖူး၊ မြည်လာချက် ထူးလှချည့်၊ ထူးထူးထွေထွေ၊ ပွေပွေလီလီ၊ ချီချီငေါ်ငေါ်၊ ကြွေးကြော်ဖန်ဖန်၊ အသံကခြား၊ ဆိတ် ဝါစေ့ ဝါးသည့်နှယ်၊ စကားမပီ၊ ပလီပလာ၊ မယ်ကြားလှာသည်၊ ဆောင်လေသာ၊ ပြူပြတင်းက၊ ချက်ချင်းထွက်၍ အသာကြည့်ရှုရဦးတော့မယ်။ ။ သယ်-မသင့်မလျော်၊ ခွင့်မမြော်ဘဲ၊ တောပျော်ကျေးရိုင်း၊ ဆစ်ပိုင်းမထောက်၊ မကြောက်မရွံ့၊ ဝံ့ဝံ့စားစား၊ ကိုးပါးရောင်လျှပ်၊ ပြာသာဒ်မှန်ကင်း၊ ရွှေနန်းတွင်းမှာ၊ အတင်းခုသာ၊ ဝင်ရောက်လှာ၊ အရာ မဟုတ်ပါတကား။ ။ သုတ်သုတ်ပျာပျာ၊ ရဲမျက်နှာနှင့်၊ ခြင်းရာမသိ၊ တယ်မိတတ်တိုင်း၊ နှုတ်သံရိုင်းသနှင့်၊ မဆိုင်းကျူးကျော်၊ ရွှေနန်းတော်သို့၊ တောစော်နံနံ၊ တိရစ္ဆာန်တို့၊ မတန်မရာ၊ မဝင်လှာနှင့်၊ ထွက်ပါ့ကိုကျေးသား။ ။

ကျေးသား ဆို ။ ။ ဂုဏ်အနဂ္ဃ။ ကိုသုဝမှာ၊ နှိမ့်ချစကား၊ တောသားသဏ္ဍာန်၊ တိရစ္ဆာန်နှင့်၊ ပုံစံခိုင်းနှိုင်း၊ သူပြည်တိုင်းမို့၊ ဆိုတိုင်း ခံရချေသေးသည်။ ။ လူရည်ဇာတိ၊ မယ်သာလိက၊ မသိသော်လည်း၊ ဉာဏ်ပိတ်ဆီးလို့၊ ထီးသံ နန်းသံ၊ ရာဇသံနှင့်၊ မတန်အဖက်၊ ရွှေနှုတ်ထွက်ကို၊ ကွင်းလိမ်ချက်ချင်း၊ ခြေနင်းအနေသို့ ကျတဲ့အောင်၊ ပီယဝါစာ၊ ချစ်ပဏ္ဏာနှင့်၊ ပျူငှာဆန်းပြား၊ ချီးမြှောက်စား၍၊ ငါ မေးရဦးတော့မည်။ ။

(တစ်ကိုယ်တည်းပြော)

နဝရတ်မျက်ရှိန်၊ တထိန်ထိန်နှင့်၊ စိန်သူရကန်၊ ဝင်းလျှံဖိတ်ဖိတ်၊ ဂေါ်မိတ်သန္တာ၊ ရတနာနှင့်၊ မြ ပြတင်းဝယ်၊ သက်နှင်းပမံ၊ သဘင်ခံ၍၊ မဟာ်ဂီရိ၊ ယင်းဇာတိနှင့်၊ နှံ့သိပညာ၊ ကြန်အင်္ဂါနှင့်၊ မူရာပျောင်းအိ၊ မယ်သာလိငယ်၊ မိမိတို့စံခန်း၊ ပြာသာဒ်နန်းတွင်၊ တင့်ဆန်းသာယာ၊ လသော်တာသို့၊ ကျန်းမာကိုယ်တွင်း၊ ဘေးရန်ကင်းပါစ။ ။ နှံ့ရွှင်းကြိုင်စွာ၊ သြဇာထူးထွေ၊ ပျားရည်နှင့် မုန့်ဆန်း၊ ရွှင်လန်းဖြော်ဖြော်၊ စားတော်သစ်သီး၊ လုံးကြီးလုံးငယ်၊ အသွယ်သွယ်ကို၊ လိုဖွယ်မတ၊ သုံးဆောင်ရတဲ့၊ ညိုမြညက်သွယ်၊ မောင့်သက်လှယ်။ ။

သာလိကမ ဆို ။ ။ စကားကြီးကျယ်၊ ကျေးဧည့်သည်ငဲ့။ သွယ်သွယ်ခုခံ၊ တောသားဉာဏ်နှင့်၊ ရာတန်မမျှ၊ စစရာရာ၊ ပျူငှာသွင်ပြင်၊ သမင်ကြို့ထိုး၊ ဆိုရိုးပုံတု၊ ထုံးစံပြုသို့၊ ထောက်ရှုမမြော်၊ လမ်းမှားချော်၍၊ ရွှာဆော်မင်းနှင့်၊ အခင်းကြုံလျက်၊ နှုတ်ခွန်းဆက်မိလို့၊ ရှက်စဖွယ်လိ၊ ရွှေနန်းကြီးဝယ်၊ ရွှေထီးရိပ်ခို၊

ချဉ်ချိုသစ်သီး၊ လုံးကြီးကျွဲကော၊ ငှက်ပျောသြဇာ၊ သကာပျားရည်၊ ထွေထွေ မုန့်ဆန်း၊ အခန်းခန်းနှင့်၊ နန်းသူ့ဂမုန်း၊ ယဉ်မဆုံးကို၊ စားသုံးရာ မေးသည် များမှာ၊ တောသားဘာဝ၊ ပဟိုရ်သံလေး၊ နားနှင့်ဝေးသည့်၊ ကျေးညိုမြမို့၊ မူလကြံခက်၊ နှုတ်ထွက်မငြိမ်၊ ဖျင်းသိမ်ဆွေးနွေး၊ တောမွေးနန်းလူ၊ သွင် ဟန်မူလို၊ ဉာဏ်ယူနိုင်းတု၊ ပုံစံပြုလို့၊ ထောက်ရှုကာ မေးသင့်ပါသည်၊ ရွှေကျေး တိုက်ကျော် ကိုတောပျော်။ ။

ကျေးသား ဆို　။　။ ရွှေရောင်ပိတ်ဖြာ၊ နီလာမြသွေး၊ နန်းထက်မွေးမို့၊ ယဉ်ကျေးလိမ္မာ၊ ကြန် ငါးဖြာနှင့်၊ ညီညာသင့်လျော်၊ စိန်ချိုင့်ပျော်သည်၊ အတော်ပျောင်းအိ၊ မယ် သာလိငယ်။ ။ မသိလျှင်မေးမြန်း၊ မစင်လျှင် ဆေးကြစတမ်းဟု၊ ကြောင်းလမ်း ဥပဒေ၊ ထုံးသက်သေနှင့်၊ ထုတ်ဖွေခြင်းရာ၊ ပြဆိုပါမည်။ မကြည်သဘော၊ အပြစ်တင်စောပါဘိ။　။　တောသားတောနေ၊　လေလေဖျင်းဖျင်း၊ သတင်းညံ့သိမ်၊ နှုတ်မငြိမ်ဘူးလို့၊ သိမ်သိမ်ငယ်ငယ် မှတ်သလား။ ။ တိုင်း ကား ဇာတိ၊ သီရိရဋ္ဌ၊ အရိဋ္ဌပူရီ၊ ပြည်သိင်္ဂီဝယ်၊ ခွန်ယူအုပ်စိုး၊ ရိပ်ဖြူမိုး သည်၊ သတိုးမင်းစစ်၊ ဓမ္မရာဇ်တွင်၊ ချစ်ခင်ရိုးသား၊ ချီးမြှောက်စားသည်၊ ကျေးသားနန်းနေဖြစ်ပါသည်။ ။ ရွှေပြည်ဥက္ကင်၊ သမုနတ်လျှင်၊ မြတ် ဥယျာဉ်တော်၊ စံပျော်တုရင်၊ သဘင်ဖြန့်ကာ၊ နောက်တော်ပါသည်၊ ကြင်ရာ မြှောက်သား၊ နှစ်ပါးသက်နှံ၊ မြရေကန်တွင်၊ကြည်ရွှင်မြသွင်၊ စံပယ်ဆင်၍၊ နန်းပြင်မြေသာ၊ ထွက်ခဲ့လာသော်၊ စိန်ကြာသလင်း၊ မုတ်မှန်ကင်းဝယ်၊ လေညင်းလေသာ၊ ခံကြရာတွင်၊ ကြမ္မာဖန်ကွဲ၊ တိမ်တိုက်ထဲက၊ စွန်ရဲ ယုတ်မာ၊ ချီသုတ်လာ၍၊ ကြင်ရာမြှောက်သား၊ မအားကိုယ်လက်၊ ရန်သူ လက်မှ၊ ရုန်းထွက်မသာ၊ ပါသည့်တာကို၊ ပူဆာသောက၊ ဗျာပါဒနှင့်၊ ရူတ ညှိုးငယ်၊ နေတုန်းဝယ်ကို၊ ဘုန်းကြွယ်မဟာ၊ မိန့်ရွှေစာနှင့်၊ မှူင်ကာတွေဝေ၊ မင်းမနေနှင့်၊ ရွှေပြည်အောင်ချာ၊ ဥတ္တရာတိုင်း၊ သမိုင်းစဉ်ခ၊ ပဥ္စာလမှာ၊ မဟာစူဠနီ၊ သိင်္ဂီရောင်လျှပ်၊ နန်းပြာသာဒ်ထက်၊ စောင့်ကြပ်မကွာ၊ သာလိကာတည့်၊ ပညာဆန်းပြား၊ ဤမြှောက်သားကို၊ စကားချေင်၊ သူ့အထံဝယ်၊ လျင်မြန်သွားလေ၊ မိန့်တော်စေ၍၊ မသွေခုသာ၊ စံတော်ရာကို၊ သစ္စာပန္နက်၊ ကြင်ဂဟေဆက်၍၊ အသက်ချင်းနီးရအောင်၊ လူပျိုကြီး တစ်ကိုယ်ကြံ၊ မေတ္တာခံ ဝင်ကာဖမ်းမယ်လို့၊ စံခန်းသို့ ရောက်ပါသည်၊ ဘုန်းတောက်သည့် သာလိကာ၊ နွဲ့ကလျာ ဘာကိုမျှစိုးတော်မမူပါနှင့် မိမိငယ်။ ။

DBE BOX - Copyright Protected

သာလိကာမ ဆို ။ ။ ဝေဝုစ်ခြယ်လှယ်၊ ပရိယာယ်နှင့်၊ ဆန်းကြွယ်ထူးခြား၊ သူ့စကားမှာ၊ ပျားသကာတူ၊ သွင်ယူပြောင်းလှဲ၊ ကိုရွှေခဲငဲ့။ ။ ကျွဲနှင့်ဆင်ကွေ့၊ တစ်ရံတွေ့မို့၊ ချစ်ငွေ့ကြင်သက်၊ မိတ်မဖက်သို့၊ ဆက်ရက်နှင့်ကျေး၊ နဖူးစာ ဝေးလှချည့်၊ ကြန်ရေးသွင်လဲ၊ ဆိတ်နှင့် ဆင်တွဲသလို၊ ဆန်းနဲ(နည်း) သွယ်ဝယ်၊ ရေနံသည်က၊ ခေါင်းပေါင်းစ ကော်ဖွဲ့လို့ထောင်သည့်နှယ်၊ ပုံဆောင်ရုပ်သွင်၊ သူခိုးဝင်ပြီးလျှင်၊ အိမ်ရှင်ကိုမူ၊ ခိုးသူက၊ လူ လူ ဟစ်သလို၊ စိတ်ညစ်လို့ သေရော့မယ်၊ တစ္ဆေက လက်ဖွဲ့ဆောင်သည့်နှယ်၊ ပေါင်မြှောင်လို့ မပြောပါနှင့်၊ ပေါက်ကျော်အကြားမှာ၊ စိုင်မှားလို့ပါသည့်နှယ်၊ ရယ်စရာ ဖန်စိတ်လို့၊ အရိုင္မတိုင်းပြည်က၊ မယားသေ အိမ်ထောင်ကြီးငဲ့၊ စနက်မီးမသွယ်လာနှင့်၊ နောက်ဆွယ်မှာ တပ်ဆုတ်၍၊ ပုဒ်မသာ ခံပါတော့ ကိုရွှေခဲငဲ့။ ရှက်ကွဲအောင် ဆိုလိုက်ကရော့မယ်။ စိတ်ကိုမစမ်းပါနှင့်၊ စံခန်းသို့ ပြန်ပါတော့ ကိုကျေးသား။

ကျေးသား ဆို ။ ။ မူလက္ကန္ဒြေ၊ သံပြေပြေနှင့်၊ အဆွေလုံမိ၊ မယ်သာလိ။ ။ သီရိပျက်ချော်၊ ဂုဏ်မောက်လို့ မော်သလား၊ လူ့ဖော်မနီး၊ တောတွင်းကြီးတဲ့၊ သစ်သီးသစ်ရွက်၊ မြိုင်နက်ဝန်းမြှောင်၊ တောင်ကြိုတောင်ကြား၊ လေလွင့်ဖွားသည့်၊ ကျေးသားနုပ်နုပ် မှတ်သလား။ ။ ဆိတ်နှင့်ဆင်တွဲ၊ မရာဘဲဟု၊ ရှက်ကွဲစလွယ်၊ မတူတရူ၊ ခိုးသူမပါ၊ အပြစ်ရှာတဲ့၊ မာယာသည်၊ အထည်သိန်လုပ်လှပါကလား။ သူခေါ်လျှင် သူမတော်၊ သိန်တော်ပြောင် အခြေပြု၍ ချင့်တောင်း။ လူဖမ်း၍ ရောင်းတဲ့၊ ပြောင်းရော လူး ဆတ်၊ စားလတ်တာတေ၊ ကျေးလေကျေးလွင့် မှတ်သလား။ ဆန်ပေးမှ ဆေးရသည်၊ အရေးပိုင်သခင်၊ ဝါခင်းကြီးရှင်က၊ ဝါပင်ကို ချင့်ရွယ်လို့၊ ဝယ်သူပေါ် ခိုက်ကို၊ မထိုက်လို့ မရောင်းလျှင်၊ ကုန်ဟောင်းလို့ ဆွေးသည့်နှယ်၊ ဈေးကောင်းမှ အမြတ်ရသည်၊ ကာလဆစ်ပိုင်း၊ ထောက်ချင့်နှိုင်းသော်လည်း၊ ဟိုင်းသဘောကို သူရှာတဲ့ မယ်သာလိကာငဲ့။ သတိထားလို့ စဉ်းစားတော်မူပါဦး။ ။ မဏိစိန္တာ၊ ရတနာကို၊ နွံမှာပင် နှစ်သော်လည်း၊ မနစ်တဲ့ထုံး၊ ဇာတိထုံးကဲ့သို့ လုံးလုံးနောင်ခါ သိပါလိမ့်မည်။ ။ ပြည်တော်အရိုင္မသို့ အာကာသ ကြငှန်းက၊ ဖြန့်မြန်းကာ ပျံတော့မည် မိမိငဲ့။ ။

(ကျေးသားသွားဟန်ပြုစေ)

DBE BOX - Copyright Protected

သာလိကာမ ဆို ။ ။ ဆက်စဉ်များစွာ၊ သံသရာက၊ သစ္စာရေစက်၊ သွန်းချဖက်လို့၊ စုံမက်ဖွယ်ချင်း၊ ချစ်ခြင်းပျူငှာ၊ စံရာနန်းမှ၊ ကြုံတွေ့ရသည်၊ စိမ်းမြညိုလွင် ကျေးရွှေစင်ငဲ့။ ။ သဲတွင်မာယာ၊ ထဲမပါ၊ လမ်းသာဆုံရွှေ့၊ တစ်ချိုတွေ့မို့၊ စေ့မြေ့ ခြင်းရာ၊ ပညာမြော်သိ၊ ရှိမရှိကို၊ သတိထောက်လှမ်း၊ စိတ်တော်ကိုစမ်း ပါဘိသည်။ စံမြန်းသည့် တိုင်းပြည်သို့ ပြန်လည်တော်မူပါနှင့်ဦး။ ။ ဘုံနန်း သူဇာရှင်တို့၊ ပဒ္မင်ငါးဖြာ၊ တူရိယာနှင့်၊ ပတ်သာ ဒုံမင်း၊ ငြိမ့်ငြိမ့်ညင်းမျှ၊ ဂန္ဓဗ္ဗနှင့်၊ သကျကိန္နရီ၊ မာနဝီတို့၊ မြောက်ချီကျူးကျော်၊ နန်းချင်းခေါ်ကြသည်ကို၊ စိတ်တော်သန်မြန်၊ ရွှေနားတော်ခံ၍၊ ပျော်ပျော်ရတက်၊ ညဉ့်တစ်ရက်မျှ၊ မြန်းစက်မွေ့လျော်၊ ခေါ်တော်မူပါအုံး။ ။ ဂေါယာနိမိတ်၊ ကျွန်းမြရိပ်သို့၊ ဖိတ်ဖိတ်ဝင်းလျှံ၊ သူရကန်ဖျား၊ ဖန်စက်သွားနှင့်၊ ရထားလှည့်ခွေ၊ နေမင်းညို၍၊ မိုးလေများ ချုပ်ခါမှ၊ တူ နှုတ်ကယ်သေချာ၊ အုပ်ထိန်းကာနှင့်၊ သစ္စာရင်ဆင်၊ ကြင်တိုင်းယဉ်ပမယ်၊ မထိုင်ခင်က ခြေဆင်းလို့၊ ပလောင်တွင်း လက်ဖက်ကောင်းကို၊ နောက်နှောင်းမှသာစားရသည်။ ရှေ့အားမကြီးပါနှင့်၊ ခရီးသည် ကိုရွှေကျေးငဲ့၊ ထောက်တွေးလို့ ဆိုင်းနေသင့်ပါသည်။ ။

ကျေးသား ဆို ။ ။ ကောင်းပါပြီ မိမိငယ်။ ။ ကတိဇကေန်၊ သစ္စာတော်မှန်လျှင်၊ မင်းနန္ဒာ့မွေပုံ၊ လောကွတ်စုံစာဂီ၊ ခြသေ့်ဆီရွှေဖလား၊ သကြားနှင့် ဖရုံလို၊ မယ်ချစ်လျှင်ချိုပါမည်။ ပုံဆိုသည့်သီဂီ၊ ကိန္နရီနှစ်ပါး၊ ချောင်းရေခြားသော်လည်း၊ စုလျားရစ်တူ၊ စံပယ်တူအကြောင်းကို၊ ကျမ်းဟောင်းနှင့်ထုံး၊ ပုံနှုန်းသက်သေရှိပါသည်။ ချစ်ကြည်မေတ္တာ၊ မယ်သက်ပါလျှင်၊ များစွာဆင်မြင်း၊ ဗိုလ်သင်းပင်းနှင့်၊ ခင်းကျင်းစီရင်၊ မောင့်အရှင်က၊ မြောက်တင်ဆောင်နှင်း၊ မယ်တို့မင်းမှာ၊ လင်းလင်းသာကြည်၊ ပြည်နှစ်ပြည်ကို၊ ရွှေရည်မြကဲ့သို့၊ မိတ်ကြီးဖွဲ့ပါလိမ့်မည်။ နွဲ့နွဲ့ညိုပြာ၊ သို့ဆိုရာတွင်၊ အောင်ချာဥတ္တရပဉ္စာလနှင့်၊ ဝိဒေဟတိုင်း၊ မိုက်ရိုင်းရန်စစ်၊ ယမန်က ဖြစ်ကြောင်းကို၊ သတင်းဟောင်းစကား သန့်သန့်ကြားလိုက်သည်၊ ခုကားဘယ်သို့၊ မချို့မေတ္တာ၊ ရေကြည်ကြာသို့၊ ကြည်သာ လေးမြတ်ကြပါ၏လား။ ခြားနားသေချာ၊ မယ်သာလိက မိန့်ရှိပါ။

သာလိကာမ ဆို ။ ။ ပညာဆွေးနွေး၊ ကိုရွှေကျေးငဲ့။ အရေးအရာ၊ ပြည်ရွာတိုင်းကား၊ မှုခင်းများကို၊ လားလားမေးခွင့်၊ ကြောင်းမသင့်ဘူး၊ ထောက်ချင့်လီဆယ်၊ သွယ်သွယ်ပရိယာယ်၊ ကြောက်ဖွယ်ကြီးမား၊ မင်းစကားကို၊ လူကြား၍ မလျော်ပါဘူး၊ မေးတော်မူပါနဲ့ ကိုရွှေကျေးငဲ့။ ။

DBE BOX Copyright Protected

ကျေးသား ဆို ။ ။ မေတ္တာသက်နှံ၊ သစ္စာပန်ဖက်မို့၊ နှစ်သက်ထူးခြား၊ တူနှစ်နားမို့၊ ကိုးစား ယုံမိပါတယ်။ မယ်တို့ပြည်နှင့်၊ ကိုယ့်ပြည်မခြား၊ ရွှေနှစ်ပြားကဲ့သို့၊ ထင်မှတ် မှားလို့သာ မောင်မေးပါသည်။ မယ်တို့စံနေ၊ သည်တိုင်းပြည်ထက်၊ စစ်မက် ထူက၊ မောင်ပူရချည့်၊ သဘောရှိ၍၊ သာကြည်ထွေပြား၊ မေးသည်များမှာ၊ မကြားသင့်လို၊ လွှဲသိုလျှို့ဝှက်၊ ဇည့်သည်ငှက်မို့၊ စုံမက်တော်မမူလျှင်၊ မတူလို့ မှတ်ကရော့မည်။ ပြာသာဒ်ရိပ်ခို၊ ကြော့ဖုန်းမို။ ။

သာလိကာမ ဆို ။ ။ ပြန်ဆိုခြင်းရာ၊ မယ်ပြောပါမည်။ သစ္စာထွေပြား၊ ဘယ်စိတ်မှ ခြားပါဘူး၊ သနားကမား လှပါးတင့်တယ်၊ ကြော့မောင်ငယ်။ ။ရှေးဝယ်သောခါ၊ မိဓိလာနှင့် ပဥ္စာလရာဇ်၊ ရန်စစ်မငြိမ်၊ ကြိမ်ကြိမ်လုပ်ကြံ၊ ဖန်ဖန်တာဝ၊ တိုင်ပင်ကြ သည်မှာ၊ ကေဝဋ္ဋပုဏ္ဏား၊ ဉာဏ်အားထင်မြင်၊ ကြန်အင်စုံစွာ၊ ပဥ္စာလစန္ဒီ၊ စူဠနီမင်း၊ ချစ်ခြင်းနွေးနွေး၊ ရင်သွေးနတ်နှင့်၊ ရစ်ပတ်စုလျား၊ ပေးထိမ်းမြား မည်၊ ကြံလိမ်လည်၍၊ ပြည်မိဓိလာ၊ ဝိဒေဟာသို့၊ မာယာ သွေးဆောင်၊ ထင်ယောင်တောသား၊ မြက်ချိုပျားနှင့်၊ လှည့်ဖြားဖိနှောင်၊ မြှူးထောင်တွင် ထား၊ ငါး၏အမှတ်၊ ခေါ်၍သတ်မည်၊ အမတ်ကေဝဋ္ဋ၊ ညီညွတ်တိုင်ပင်၊ စုံလင်ပြီးလတ်၊ ကေဝဋ္ဋတမန်၊ ရာဇသံနှင့်၊ ပြန်ချိန်နီးပါပေ့၊ မောင်ကြီး ကျေးညို ရွှန်းလဲ့စို။ ။

ကျေးသား ဆို ။ ။ ဩ-ဖြစ်ရလေခြင်း၊ မင်းစကား စိုးစကား၊ တို့ပြင်လူများ ကြားရော့မယ်။ ဆန်းပါဘိမို့၊ ကျွန်ုပ်တို့မှာ၊ ကြောင်းစအခွင့်၊ မကြားသင့်ပေဘူး။ ထောက်ချင့် လုံးစုံ၊ ကိုယ်ကကျူး ကိုယ့်ဒူးမှ မယုံရ သည်ကာလမို့ အုပ်ချုပ်လို့သာ၊ လျှို့ဝှက် ရာသည်။ မယ်သာလိဆွေ မိကြင်ဖော်နှင့်၊ မောင်တော်တို့ သစ္စာလေးချက်ကို၊ ပန္နက်မိဋ္ဌာန်၊ တူညွတ်လို့ဖန်ပြီးလျှင်၊ တိမ်ဝမိုးက၊ အရိဋ္ဌတိုင်းပြည်သို့၊ ဆန်း ပွေ့လီမြန်းတော့မည်။ မောင်မှန်းတဲ့ သာလိကာ မင်းသူဇာငဲ့၊ မေတ္တာသာ ပို့ပါတော့။ ပြည်တော်သို့ ပြန်ဦးတော့မယ် မမငယ်။ ။

သာလိကာမ ဆို ။ ။ တစ်ရွာသား ရည်းစားလုပ်က ချစ်မဝသည်၊ လွမ်းစတာရှည်၊ အတည်တည် ကို၊ ဘယ်ဆီကာလ၊ ဘယ်ချိန်မှ၊ သုဝရာဇာ၊ မယ်စံမြန်းတဲ့ နန်းအောင်ချာ ကို၊ ပြန်လှာတော်မူပါ့မယ်၊ အပူမအေးနိုင်ဘု၊ ရွှေကျေးသက်ဝေ၊ ဂမုန်းခွေ၊ သေချာအောင် မိန့်တော်မူခဲ့ပါ့ရှင်။ ။

ကျေးသား ဆို ။ ။ မယ်သာလိ၊ လုံမိသက်စင်၊ မောင့်သက်ထင်ပါသည့်၊ ကြင်ရွှေနှစ်ကဲ့။ ။ ချစ်ကတဲ၊ အနိုင်သာခွဲရသည်၊ လည်ရွဲမုတ္တာ၊ ခေါ်ချင်ပါသည်၊ မသာအရေး၊

DBE BOX Copyright Protected

ရပ်ဝေးရှည်စွ၊ မကြာရအောင်၊ ဆောင်းကအပြောင်း၊ မိုးဆောင်းနွေလ၊ သုံးရာ့ခြောက်ဆယ်၊ ခြောက်ရက်ကယ်များစွာ၊ ဤကမ္ဘာတွင်၊ မဟာသံဝေ၊ သုညကပ်လုံး၊ မဆုံးမချင်း၊ ပြာသာဒ်တွင်းက၊ သက်နှင်း နန်းသူ၊ မျှော်တော်လို့၊ မပူရစ်ပါနှင့်၊ ကိုယ်ချစ်သည့် သာလိကာ၊ လှကလျာငဲ့။ အရှေ့မှာ နေဝင်လို့၊ ပြည်ညောင်ပင်ပွင့်တဲ့အချိန်၊ ရေစိမ်လျှင်၊ ရစ်သံပွ၊ ခါးကြိုးကနို့ရည်ထွက်မှ၊ ဇတဒဂ်လျှင်မြန်၊ မောင်ရောက်အောင် ပြန်ခဲ့ပါမည်၊ ဘုံဝေယန်နန်းရိပ်ခိုက၊ ကြိုဆိုတော်မူပါရော့ မိမိငယ်။ ။

(သာလိကာမ ဆဲစေ)

ကျေးသားဆက်ဆို ။ ။ ရော - သည်တစ်ခါ၊ ရာဇာစူဠနီနှင့်၊ ဒုစိန္တိကေဝဋ်တို့၊ ကောက်ကျစ်လိမ်လည်၊ ဥပါယ်စကားကို၊ မင်းမဟော်ကျေးသား၊ နားထောင်စေ မိန့်တော်သံ၊ သာလိကာ ကညာစစ်နှင့်၊ ထောင့်ငါးရာမြစ်တွင်း၊ ချစ်ပဏ္ဏာ လွဲမဆုံး၊ တစ်ညဥ့်လုံးပျော်စံ၊ အတွင်းပြင်စကားကို၊ ခြားနားသိသာ၊ အရှင့်မှာလဲ၊ မှူတော်ကုံ၊ ငယ်ကျွန်ယုံကလည်း မယားရ၊ ဌာနပြည်တော်သို့ ကြွေးကြော်ကာ အပြန်၊ မဟာဆံဝိုင်းဗဟိုက၊ ဝိဂြိုဟ်နှင့်ဉာဏ်ရှာ၊ မင်္ဂလာတက်ခန်း၊ လန်းစေဆုအောင်နိမိတ်နှင့်၊ ပတ်ဘိသိက်မြှောက်။ ။

(ဆိုင်းဆင့်ပတ်တိုက်)

**တစ်ခန်းရပ်**

## လေ့ကျင့်ခန်း

၁။ "မဟော်ကျေးစေခန်း" ပြဇာတ်တွင် မည်သူက မည်သူ့ကို ခေါ်ဝေါ်သော အာလုပ်စကားများကို တွေ့ရသနည်း။ ကျေးသားလေးအားခေါ်ဆိုသော အာလုပ်စကားများကို လေ့လာတင်ပြပါ။

၂။ "မဟော်ကျေးစေခန်း" ပြဇာတ်မှ သာလိကာမအားခေါ်ဆိုသော အာလုပ်စကားများကို လေ့လာတင်ပြပါ။

၃။ "မဟော်ကျေးစေခန်း" ပြဇာတ်လာ အချီအချများတွင် သာလိကာမ၏စရိုက်ကို ပံ့ပိုးပေးသော အချီအချစကားများကို ဖော်ပြပါ။

၄။ "မဟော်ကျေးစေခန်း" ပြဇာတ်မှ ဆိုင်းဆင့်၊ ပတ်တိုက်စကားများကို လေ့လာတင်ပြပါ။

၅။ "မဟော်ကျေးစေခန်း" ပြဇာတ်မှ ဇာတ်ဆောင်များအတွက်ညွှန်းဆိုသည့် ဇာတ်ညွှန်းစကားများကိုဖော်ပြပါ။ ဇာတ်ညွှန်းစကားများသည် ဇာတ်လမ်းနှင့်ဇာတ်ဆောင်အနက် မည်သည့် အပိုင်းကို ပို၍ အထောက်အပံ့ပေးသည်ဟု ထင်ပါသနည်း။

DBE BOX - Copyright Protected

# "မြေပိုင်ရှင် ဦးကံကောင်းနှင့် သမီးများ"
## တစ်ခန်းရပ်ပြဇာတ်

**ဇာတ်ဆောင်သူများ**

မြေပိုင်ရှင် ။ ။ ဦးကံကောင်း

သမီး ။ ။ မေရီကံကောင်း

သမက် ။ ။ ကိုဘအောင်

ကိုဘအောင်တို့၏ သမီး ။ ။ မာဂရက် (အသက် ၁၀ နှစ်)

သမီးငယ် ။ ။ အေမီကံကောင်း

အေမီခင်ပွန်း ။ ။ ခင်မောင်မောင်သန်း

တစ်ခန်းရပ်ပြဇာတ်ကို ၁၉၅၄ ခုနှစ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှစ်ပတ်လည် ကပွဲသဘင်တွင် မြို့တော်ခန်းမ၌ ပထမဦးဆုံးအကြိမ်အဖြစ် တင်ဆက်ကပြခဲ့သည်။ ထိုစဉ်က သုံးညတိုင်တိုင် ကပြခဲ့သည်။

(ကန့်လန့်ကာဖွင့်လိုက်သော် အထက်တန်းလွှာ လူကုံထံတို့၏ ဧည့်ခန်းတစ်ခုကို တွေ့ရစေ။ ဧည့်ခန်းအလယ်တွင် စားပွဲငယ်တစ်လုံးနှင့် ဘေးတွင် ကုလားထိုင်ငါးလုံးစီချထား၊ ထိုစားပွဲဝိုင်း၏ နောက်ဘက်တည့်တည့်တွင် အိမ်တိုင်တစ်တိုင်အဖြစ် တိုင်တစ်လုံးယူထားစေ။ စားပွဲဝိုင်းနှင့် ခပ်ယွန်းယွန်း နောက်ဘက်တစ်နေရာ ဇာတ်ခုံထောင့် တစ်ထောင့်တွင် အိမ်အတွင်းခန်းသို့ အပြင်မှ ဝင်လာနိုင်သည့် တံခါးပေါက်ကြီးတစ်ခုရှိစေ။ ထိုတံခါးပေါက်တွင် တံခါးရွက်ဟူ၍ မရှိရ။ ဘောင်ချည်း သက်သက်သာ ရှိရမည်။

ကန့်လန့်ကာပွင့်နေပြီး အတန်ကြာသော် မေရီသည် ဇာတ်ခုံလက်ယာထောင့်မီးဖိုခန်း အတွင်းမှ လက်ဖက်ရည်အိုးတစ်အိုးယူပြီး ထွက်လာစေ။ သို့ ထွက်လာစဉ် စားပွဲဝိုင်းသို့ မရောက်မီ စားပွဲဝိုင်းနှင့် မီးဖိုရှိရာ ဇာတ်ခုံထောင့် တစ်နေရာကြားတွင် ရှိဟန်ပြုထားသော (တကယ်မရှိ) မှန်တင်ခုံကို ကြည့်ပြီးသွားစေ။ လက်ဖက်ရည်အိုး စားပွဲပေါ်တင်ပြီးလျှင် မှန်တင်ခုံရှိရာသို့လာခဲ့။ မှန်တင်ခုံတကယ်မရှိသည်ကို တကယ်ရှိနေသည့်ဟန် သရုပ်ဆောင်လုပ်ပြီး မှန်ကြည့် ပေါင်ဒါဖို့၊ ဆံပင်ပြင်ပြီးလျှင် မီးဖိုသို့ ထပ်ဝင်သွား။ ဤအကြိမ်တွင် လက်ဖက်ရည် ပန်းကန်များပါလာစေ။ စားပွဲတွင် ချပြီးသော် မှန်ထပ်ကြည့် အလှပြင်။ ဤကဲ့သို့ နှစ်ကြိမ် သုံးကြိမ်ခန့် မှန်ဝင်ကြည့်လိုက်၊ လက်ဖက်ရည်ပွဲ အတွက် ပစ္စည်းသယ်လိုက်လုပ်နေပြီး နောက်ဆုံးမီးဖိုမှထွက်လာသည့်အကြိမ်တွင် ဇာတ်ခုံလက်ဝဲထောင့် နှင့် အိမ်အတွင်းခန်းဆီးသို့ လှမ်း၍ခေါ်စေ။)

မေရီ ။ ။ အမာရေ အမာရေ ဟေ့ မာဂရက်။ မာမီခေါ်တာကြားရဲ့လား . . လာခဲ့စမ်း ဒီကို . . ။ (အိမ်ခန်းအတွင်းမှ သမီးဖြစ်သူ မာဂရက် ပြေးထွက်လာ . . )

မာဂရက် ။ ။ မာမီ သမီးကို ခေါ်သလား မာမီ။

မေရီ ။ ။ အေးခေါ်တယ် . . ညည်းဟာကလဲ ဆော့လှချည်လား။ ဘယ့်နှယ့်ဟယ်၊ ဒီလိုအချိန်မျိုးမှာ ညည်းမို့လို့ ကစားဖို့စိတ်ကူးရတတ်ပလေ။ ညည်း ဘိုးဘိုး အိမ်ပေါ်မှာ လဲသေနေတဲ့ အချိန်မျိုးမှာ မဆော့ရဘူးသမီးရဲ့။ ငြိမ်ငြိမ်ကလေး နေရတယ်။ သွား . . သွား . . သွား အဝတ်အစားလဲချည်။ တော်တော်ကြာ နင့်အန်တီနဲ့ အန်ကယ်တို့ . . . လာကြလိမ့်မယ်။

မာဂရက် ။ ။ (အံ့ဩဟန်ဖြင့်)။ ဘယ့်နှယ့် မာမီ။ အန်တီအေမီတို့ လာကြမယ် . . ဟုတ်လား မာမီ။ ဘာလုပ်ဖို့လာမှာလဲ မာမီရဲ့။ သူတို့မလာတာကြာပြီပဲ။

မေရီ ။ ။ အော် . . သမီးနှယ်။ ဘိုးဘိုးကိစ္စအတွက် လာကြမှာပေါ့။ သမီး အဖေက ဘိုးဘိုးသေတာ တွေ့တွေ့ချင်း . . အန်တီတို့ဆီကို တယ်လီဖုန်းဆက်ခေါ် လိုက်တယ်။ အဲ့ဒါကြောင့် သူတို့လာကြမှာ။

မာဂရက် ။ ။ ဟင် . . ဘိုးဘိုးသေလို့ . . အန်တီတို့လာကြမယ်။ ဘယ့်နှယ် မာမီ . . ။

မေရီ ။ ။ (စိတ်မရှည်ဟန်ဖြင့် . . ) တယ် ဒီကောင်မလေး အမေးအမြန်းထူလိုက်တာ သွား အဝတ်အစားလဲမှာဖြင့် သွားလဲချည်။ လူကြီးက ဒါလုပ်ဆိုရင် လုပ် ပေါ့။ တယ် လျှာရှည်တယ်။ (ဤအခိုက် အပြင်မှလာသော ကိုဘအောင်သည် အပြင်မှနေပြီး . . တံခါးမကြီးကို ခေါက်နေ။ အတွင်းရှိ လူများကို မြင်ဟန် မပြုရ အတွင်းမှလူများကလည်း မြင်ဟန်မပြုရ။ မေရီသည် တံခါးပေါက်ကို ခေါက်နေသံကြားသဖြင့်)

မေရီ ။ ။ ဟော . . အေမီတို့ လာကြကုန်ပြီထင်တယ် . . ဒုက္ခပါပဲတော်။ (ပြောပြော ဆိုဆို တံခါးပေါက်ကြီးအနီးတွင် ရှိဟန်ဖြစ်သော ပြတင်းမှန်ပေါက်မှ အပြင် သို့ ချောင်းကြည့်ဟန်ပြုစေ။ အပြင်တွင် ကိုဘအောင် ရောက်နေမှန်းမြင် သဖြင့် စိတ်အေးသွားဟန်)

မေရီ ။ ။ တော်ပါသေးရဲ့၊ တော်ပါသေးရဲ့၊ ကိုဘအောင်ပဲ (သို့ ပြောဆိုရင်း တံခါးပေါက် ကြီးကို အပေါ်မှချက်နှင့် အောက်မှချက်ကို ဖြုတ်ဟန်ပြုပြီး တံခါးရွက်ကို အတွင်းသို့ ဆွဲဟန်ပြုပြီး တံခါးဖွင့်ပေးလိုက်စေ။ ဤတံခါးပေါက်မှ အပေါ်

DEEBOX - Copyright Protected

အင်္ကျီနှင့် ဘန်ကောက်လုံချည် ခပ်နွမ်းနွမ်းဝတ်ထားသော ကိုဘအောင် ဝင်လာစေ။ နောက် မေရီဖွင့်ထားခဲ့သော တံခါးကို အထက်အောက် ချက်ထိုးဟန်ပြုပြီး ပိတ်ထားခဲ့စေ။)

ကိုဘအောင် ။ ။ သူတို့ မလာကြသေးဘူးလား။

မေရီ ။ ။ မလာကြသေးလို့ ရှင်မမြင်တာပေါ့။ ရှင်ကလဲ (သမီးဘက်လှည့်၍) ဟဲ့ မာဂရက်၊ မသွားသေးဘူးလား၊ သွားလေ။ အဝတ်အစားလဲချည်လေ။ (မာဂရက် အတွင်းဝင်သွားစေ)

မေရီ ။ ။ ကဲ ရှင်ကလဲ ရှင်ဖိနပ်ကြီး ချွတ်စမ်းပါအုံး။ ဖုန်တွေချည်းပဲ။ ဟိုကောင်မက ဖုန်ကလေးတစ်လုံးတွေ့ရင် အင်မတန်ကဲ့ရဲ့ချင်တဲ့ကောင်မ။

ကိုဘအောင် ။ ။ နေစမ်းပါအုံးကွ မင်းညီမတို့က လာကြမှာတဲ့လား။ မင်း ရန်ဖြစ်ကြတုန်းက ဒီအိမ်အရိပ်ကိုတောင် မနင်းဘူးလို့ ပြောသွားတယ် မဟုတ်လား။

မေရီ ။ ။ အံမာ ဒီကောင်မလား မလာဘဲနေမှာ၊ အဖေသေတယ်ကြားရင် ပြေးလာလိုက်မဲ့ ဖြစ်ခြင်း။ ဒီကောင်မက ရစရာ ယူစရာများရှိရင် နည်းနည်းလေးမှ အောင့်အည်း နေနိုင်မဲ့ကောင်မ မဟုတ်ဘူး။ အခုလဲကြည့်ပါ။ အဘိုးကြီး အမွေယူရအောင် ပြေးလာပါလိမ့်မယ်။

ကိုဘအောင် ။ ။ ဘာမှ မပြောပါဘူးကွာ၊ (စကားလှိုးလွှဲပြောဟန်ဖြင့် ) ဘယ်မှာတုံး ငါ့လုံချည် အပောင်း။

မေရီ ။ ။ ရှင့်အခန်းထဲမှာ (သတိရဟန်ဖြင့်) အော်. . နေအုံး။ နေအုံး (မေရီ အတွင်းခန်းအတွင်းဝင်သွား ပြန်ထွက်လာသော် ပုဆိုးကွက်ကျားကြီး တစ်ထည် ပါလာစေ။) ဟောဒီမှာ အဘိုးကြီးလုံချည်၊ မသေခင်ကလေးက ဝယ်ထားတာ အသစ်ကြီးပဲ အဲ့ဒါရှင်ဝတ်။

ကိုဘအောင် ။ ။ ဟာကွာ တော်မယ်မထင်ပါဘူး။ မဝတ်ချင်ပါဘူး။

မေရီ ။ ။ ရှင်ကလဲ . . ရှင်မှ မဝတ်ရင် ဘယ်သူဝတ်မှာလဲ . . လျှာရှည် မနေနဲ့ ဝတ်မှာသာဝတ်စမ်း၊ (ကိုဘအောင်ကိုအတင်းပေး၊ ကိုဘအောင်က ယူ၍ ဝတ်) အော် . . ဒါနဲ့ ကိုဘအောင် ဖေဖေ့ဗီရိုလေးရှိတယ်မဟုတ်လား . . အဲဒါလဲ ကျွန်မတို့ ယူထားရအောင်။

DBEBOX Copyright Protected

ကိုဘအောင်　။ ။　အေမီတို့လာမှ ညီတူညီမျှခွဲယူပါလားကွာ။ တို့ သူမသိဘဲ ဟိုဟာယူ ဒီဟာယူနဲ့ မကောင်းပါဘူး။ ညီအစ်မချင်းပဲ မျှမျှတတ ပစ္စည်းခွဲကြပေါ့။

မေရီ　။ ။　ဒီကောင်မနဲ့ ဒီလိုလုပ်လို့မရဘူး၊ ဘာမဆို အင်မတန်လိုချင် မျက်စိရှိတာ။ ညီတူ ညီမျှကို ခွဲလို့ရမှာမဟုတ်ဘူး၊ သူမလာခင် ယူစရာရှိတာယူထားမှ တော်ရုံကျတာ။

ကိုဘအောင်　။ ။　မင်းက အဲဒီဗီရိုလေး ယူထားတယ် ဆိုပါတော့ တော်တော်ကြာ သူသိသွားရင် . . ဘယ့်နှယ် လုပ်မလဲ။

မေရီ　။ ။　အံမယ်ဒါတော့ သူတို့မဟုတ်ဘူး၊ အဘိုးကြီး ဒါဝယ်ပြီးကတဲက ဒီကောင်မ ဒီလာတာမှ မဟုတ်ဘဲ၊ ပြီးတော့လဲ ဒီအောက်ရွှေ့ထားလိုက်ရင် ကျွန်မတို့ ဥစ္စာပဲ မှတ်နေရော . . ။

ကိုဘအောင်　။ ။　ကြံကြံဖန်ဖန် လုပ်မနေနဲ့ကွာ . .

မေရီ　။ ။　(အမိန့်ပေးသည့်ဟန်ဖြင့်) ကဲ. . ကိုဘအောင် ရှည်မနေနဲ့ ၊ အဲဒီဗီရိုကို သူတို့မလာခင် အပေါ်ထပ်က သွားချချည်။

ကိုဘအောင်　။ ။　ဟာ မချချင်ဘူးကွာ။

မေရီ　။ ။　(ရန်ထောင်သည့်ဟန်ဖြင့်) ရှင်ကလဲ။ ဘယ့်နှာလဲ။

ကိုဘအောင်　။ ။　ဒါတော့ တရားမယ် မထင်ဘူးကွာ. . ။ ငါက မတရားတဲ့အလုပ်မျိုး ဘာမှ မလုပ်ချင်ဘူးဟ. . ။

မေရီ　။ ။　(ကိုဘအောင်ပြောသည်ကို ဂရုစိုက်၍ နားထောင်ဟန်မရှိဘဲ ကိုယ့်စိတ်ကူးဖြင့် ကိုယ်ပြောဟန်ဖြင့်) ဒီလိုလုပ် . . ဒီလိုလုပ် ကျွန်မတို့ရဲ့ဗီရိုအဟောင်းကြီးကို အဖေ့အခန်းထဲထားမယ်။ အဲဒါ အဖေ့ပစ္စည်းဆိုပြီးတော့ ဟိုကောင်မကို ပေးလိုက်ရင် ပြီးတာပဲ။ ဟိုကောင်မကလဲ ဘာမဆို ရရင်ယူမဲ့ကောင်မပဲ။

ကိုဘအောင်　။ ။　နေပါအုံး. . . ခုလိုရွှေ့ပြောင်းနေတုန်း သူတို့လာရင် ဘယ်နှယ့်လုပ်မလဲ။

မေရီ　။ ။　အော် အိမ်ရှေ့တံခါး ပိတ်ထားတာပဲ၊ ဖွင့်မပေးနဲ့အုံးပေါ့ရှင် အင်္ကျီချွတ်မှာသာ ချွတ်ပါ။

(ကိုဘအောင် ဝတ်လာသော အပေါ်အင်္ကျီကို ချွတ်။)

မေရီ　။ ။　ကျွန်မအပေါ် တက်ပြီးနေတော့ ကုလားထိုင်တွေ ရွှေ့နှင့်မယ် ရှင်လိုက်ခဲ့။ (ထိုအတွင်း အဝတ်အစားသစ်များဖြင့် မာဂရက်ထွက်လာ)

DBL BOX - Copyright Protected

မာဂရက် ။ ။ (လက်ထဲတွင် ဆွဲကြိုးတစ်ကုံးကိုင်ကာ) မာမီ ဆွဲကြိုးဆွဲပေးစမ်းပါ။

မေရီ ။ ။ ငါအလုပ်များနေတယ်၊ နင့်အဖေလုပ်ခိုင်း (ပြောပြောဆိုဆို မေရီ အတွင်းသို့ ဝင်သွား၊ ကိုဘအောင်က မာဂရက်ကို ဆွဲကြိုးဆွဲပေး)

မာဂရက် ။ ။ ဒယ်ဒီတို့ ဘာလုပ်ကြမလို့လဲ ။

ကိုဘအောင် ။ ။ အော် အိမ်ပေါ်ထပ်က ဘိုးဘိုးဗီရိုကြီးအောက်ရွှေ့ကြမလို့။

မာဂရက် ။ ။ (အနည်းငယ် စဉ်းစားနေဟန်ဖြင့် ပြော)

အော် အန်တီအေမီတို့မလာခင် ရွှေ့ထားကြမှာလား။

ကိုဘအောင် ။ ။ (လန့်သွား) ဟယ် ကောင်မလေးက တောက်တီးတောက်တဲ့ နင့်အဘိုးက သူ မသေခင် နင့်အမေကို ပေးခဲ့တာပဲ။ အန်တီအေမီတို့နဲ့ ဘာဆိုင်သလဲ။

မာဂရက် ။ ။ ဘိုးဘိုးသေပြီ၊ ဟုတ်လား ဒယ်ဒီ။ ဘယ်တုန်းက ဘိုးဘိုးက မာမီကို သူ့ဗီရိုကို ပေးခဲ့တာတဲ့လဲ ။

ကိုဘအောင် ။ ။ ဒီနေ့မနက်ကပဲ နင့်အဘိုး မသေခင်ကလေးကပဲ နင့်အမေကို ပေးသွားတာ တဲ့ဗျာ။

မာဂရက် ။ ။ ဟာ ဒယ်ဒီကလဲ၊ ဘိုးဘိုးမနက်က အရက်တွေ မူးနေတာပဲ။

ကိုဘအောင် ။ ။ ဟဲ့ ကောင်မလေး ဘာတွေပြောနေတာလဲ နင်ဒီနေ့က စပြီး ဒီလို မပြောရ တော့ဘူး သိရဲ့လား။ သေတဲ့လူအကြောင်းကို ဘယ်တော့မှ မကောင်းမပြောရ ဘူးသိလား ။

(ကိုဘအောင် မာဂရက်အား ဆွဲကြိုးဆွဲပေးပြီးသော် မေရီသည် တိုင်ကပ် နာရီကြီးတစ်လုံးပိုက်ပြီး အခန်းထဲဝင်လာ )

မေရီ ။ ။ ဒီမယ် ကိုဘအောင် ဟောဒီနာရီကြီးပါ ကျွန်မတို့ ယူထားကြရအောင် (မေရီ သည် အခန်းတွင်း ဟိုဟိုဒီဒီ လျှောက်ကြည့်ပြီး အသင့်ရှိနေသော တိုင်ကြီး ကို လက်ညှိုးညွှန်ကာ ) အဲဒီနေရာမှာ တက်ချိတ်တော်။

မာဂရက် ။ ။ ဒါ ဘိုးဘိုးနာရီကြီးပဲ ဒယ်ဒီ။ မာမီက ဘာပြုလို့ ယူလာခဲ့ရတာလဲ။

မေရီ ။ ။ ရှူးရှူး တိတ် ဒီလိုမပြောရဘူး။ ဒါ တို့ဥစ္စာ ဖြစ်သွားပြီ၊ ကဲ ကဲ ကိုဘအောင် ချိတ်မှာသာ ချိတ်စမ်းပါ။ ဟဲ့ ဟဲ့ ဒီမှာ မာဂရက် . . အန်တီလာရင် ဒီနာရီနဲ့ ဟို ဘိုးဘိုးဗီရိုအကြောင်း သွားမပြောနဲ့နော် ကြားလား။ ကလေး ကလေး ပီပီနေ၊ တောင်ပြော မြောက်ပြော မပြောရဘူး မှတ်ထားနော်။

မာဂရက် ။ ။ ဟုတ်ကဲ့ မာမီ မပြောပါဘူး။ (ကိုဘအောင် နာရီတက်ချိတ်ပြီးလျှင် အပြင်မှ ခင်မောင်မောင်သန်းနှင့် အေမီတို့စုံတွဲရောက်လာပြီး တံခါးခေါက်)

မေရီ ။ ။ (တံခါးခေါက်သံကြား၍) ယော လာကြပြီထင်တယ် လုပ်ကြပါအုံး။ ဟဲ့ဟဲ့ မာဂရက် တံခါးသွားမဖွင့်လိုက်နဲ့အုံးနော်။ (မာဂရက်သည် ပြတင်းပေါက်မှ ချောင်းကြည့်ပြီး)

မာဂရက် ။ ။ ဟုတ်တယ်မာမီ အန်တီတို့ လာကြပြီ။

မေရီ ။ ။ (ပျာယာခတ်လျက်) ဟဲ့ကောင်မလေး ဟုတ်ဟုတ်၊ မဟုတ်ဟုတ် တံခါးမဖွင့်လိုက်နဲ့အုံးနော်။ ငါက ဖွင့်ဆိုမှဖွင့်။ ကဲဟာ နင် တံခါးနားကို သွားမနေနဲ့၊ ဒီကုလားထိုင်ပေါ်မှာ ထိုင်နေစမ်း ငါက ဖွင့်ဆိုမှဖွင့်။ (ပြောပြောဆိုဆို မာဂရက်အား ကုလားထိုင်တစ်လုံးပေါ်သို့ဆွဲပြီး အထိုင်ခိုင်း)

မေရီ ။ ။ လာ. . လာ ကိုဘအောင် အပေါ်က ဖေဖေ့ဗီရိုသွားချရအောင်လာပါ၊ ကြောင်တိကြောင်တောင် လုပ်မနေစမ်းပါနဲ့ . . မြန်မြန် မြန်မြန် လာ . . လာ . . ။

(မေရီ ပြောပြောဆိုဆို ခပ်သွက်သွက်အတွင်းဝင်သွား။ ကိုဘအောင်က ယောင်တိယောင်ငမ်းနှင့် လိုက်သွား၊ ဤကဲ့သို့အတွင်းမှလူများ ယောက်ယက်ခတ်နေသည်ကို အပြင်မှ ခင်မောင်မောင်သန်းနှင့် အေမီတို့က မမြင်ဟန်ဖြင့် အတန်ကြာ တံခါးဖွင့်ပေးခြင်းမရှိသည်ကို စိတ်မရှည်ဟန်ဖြင့် . . ယောက်ျားက တစ်လှည့်၊ မိန်းမက တစ်လှည့် တံခါးခေါက်နေကြ။ ထိုအတွင်း မေရီနှင့် ကိုဘအောင် ဗီရိုကလေးတစ်လုံးကို နှစ်ဦးသား မနိုင့်တနိုင်ဖြင့် မ ဝင်လာကြ . . ဟိုနေရာ ထားရကောင်းနိုးနိုး နှစ်ယောက်သား ဗီရိုမလျက် ဟိုပြေးလိုက် ဒီပြေးလိုက်ဖြစ်နေ နောက်ဆုံး အခန်းဝဲဘက်ထောင့်တိုင်အနီးတွင် ဝုန်းခနဲ ပစ်ချကြ၊ ထိုအချိန်တွင် အပြင်မှ လင်ဖြစ်သူက တံခါးရွက်ကို ဝုန်းဝုန်း ဝုန်းဝုန်းနေအောင် ကိုင်တွန်းနေဟန်ပြ)

မေရီ ။ ။ ကဲကဲ မာဂရက်၊ တံခါးဖွင့်ပေးလိုက်တော့။ ဟဲ့ဟဲ့ နေအုံး . . နေအုံး. . ။ (အင်္ကျီဆွဲချ ဆံပင်ပြုပြင်ပြီး ) ဒီမယ် ကိုဘအောင် ကျွန်မကို ကြည့်စမ်းပါအုံး၊ ဘာများ လိုနေသလဲလို့ . . ။

ကိုဘအောင် ။ ။ (ရုတ်တရက် ကြည့်လိုက်ပြီးမှ . . ) ဟာမဟုတ်တာ မင်းကလဲ အရေးထဲမှာ။

မေရီ ။ ။ ရှင်က ဒီကုလားထိုင်မှာထိုင် (ယာဘက်ထိပ်ဆုံး ကုလားထိုင်တွင် အထိုင်ခိုင်း) ဒီသတင်းစာကို ဖတ်ချင်ယောင်ဆောင်နေ . . သွား မာဂရက် တံခါးဖွင့်ချည်။

(မာဂရက် တံခါးဖွင့်၍ မေရီက ဝဲဘက်ထိပ်ဆုံး ကိုဘအောင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်မည်အပြု မာဂရက်သည် အောက်ကန့်လန့်သာ ဖွင့်နိုင်ပြီး အပေါ်ကန့်လန့် မမီ၍လှမ်းခေါ်၊ မေရီသွား၍ အပေါ်ကန့်လန့် ဖွင့်ဟန်ပြု ဖွင့်လိုက် တံခါးပွင့်သော် အေမီတို့ အတွဲဝင်လာ အေမီနှင့် မေရီ တံခါးပေါက် အနီးတွင်ပင် ဖက်ငိုကြ။ ခင်မောင်မောင်သန်းက ကိုဘအောင် ဆီလာပြီး လက်ဆွဲနှုတ်ဆက်ကြ။ နောက် မေရီနှင့် အေမီ စားပွဲဝိုင်းရှိရာသို့ လာပြီး ကုလားထိုင်တစ်လုံးစီတွင် ယှဉ်ထိုင်ကြ။

ခင်မောင်မောင်သန်းကလည်း အေမီ၏ ယာဘက် ကိုဘအောင်၏ ဝဲဘက်တွင် ယှဉ်ထိုင်။ ကိုဘအောင်နှင့် မေရီသည် အထက်ကကဲ့သို့ မျက်နှာချင်းဆိုင် ဖြစ်နေစေ ။ မာဂရက် အခန်းတွင်း ပြေးဝင်သွား စားပွဲဝိုင်းက လူစုအတန်ကြာ စကားမပြောဘဲ၊ ငြိမ်သက်နေကြပြီးနောက် )

အေမီ ။ ။ ဖေဖေအသက် ဘယ်လောက်ရှိပြီလဲ မမ။

မေရီ ။ ။ ပြီးခဲ့တဲ့လက ၆၅ နှစ်ပြည့်တာပဲ။

(မေရီသည် ငိုဟန်ဖြင့် လက်ကိုင်ပဝါထုတ်ခါ နှပ်ညှစ်)

သန်း ။ ။ တရားနဲ့ ဖြေပါ မေရီရယ်၊ တစ်နေ့ ကျွန်တော်တို့ ခင်ဗျားတို့လဲ သေကြရ အုံးမှာပဲ . . ။

အေမီ ။ ။ ဖေဖေဟာ လူကောင်းပကတိနဲ့ ဖြုန်းခနဲလဲသေရတယ်ဆိုတာ ဘာရောဂါတဲ့ လဲ မမရဲ့ ဆရာဝန်က ဘာပြောသေးလဲ။

မေရီ ။ ။ ဆရာဝန်ကို မမီလိုက်ပါဘူးကွယ် . . ။

အေမီ ။ ။ ဘယ့်နှယ် . . ဘယ့်နှယ် ဆရာဝန်မမီတာလဲ . . ။

သန်း ။ ။ (အလွန်အံ့ဩဟန်ဖြင့်) ဟောဗျ . . ခင်ဗျားတို့ ဆရာဝန်မခေါ်ကြဘူးလား။

မေရီ ။ ။ အော် ဘယ့်နှယ်မခေါ်ရမှာလဲ၊ ခေါ်တာပေါ့ ကိုဘအောင်ကို ဒေါက်တာ လှဘော်ဆီ တစ်ခါတည်း ခေါ်ခိုင်းလိုက်တာပဲ။ ဒါပေမဲ့လို့ ဒေါက်တာ မရှိလို့ လိုက်မလာဘူး။

အေမီ ။ ။ အော် .. မမရယ် .. ဆရာဝန်ပဲ ဒါလောက် ရှားရှားပါးပါး ရှိရသလား၊ ဒီဆရာဝန်မရရင် တခြားဆရာဝန် ထပ်ခေါ်ပေါ့ မခေါ်ဘူးလား ..။

မေရီ ။ ။ မဟုတ်ပါဘူး၊ အဖေ့ကို အမြဲ ဒေါက်တာလှဘော်ပဲကုတယ်။ သေမယ်လုပ်တော့လဲ သူ့ကိုပဲ ခေါ်ရမှာပေါ့၊ သူတို့ဆရာဝန်ဟာ တစ်ယောက်ကနေ တစ်ယောက် ပြောင်းရရင် ကြိုက်တာမဟုတ်ဘူး။

သန်း ။ ။ ဒါတော့ မမတို့က ပိုသိမှာပဲလေ .. ဒါပေမဲ့ ...။

အေမီ ။ ။ ဒါပေမဲ့ တခြားဆရာဝန်မခေါ်လို့ အဖေသေရတာပဲ။

မေရီ ။ ။ ညည်းက ဘယ့်နှယ်ပြောလိုက်တာလဲ၊ ဆရာဝန်ရလို့လိုက်လာကော အသက်မီမှာမဟုတ်ပါဘူး။ ငါတော့ လေဖြတ်တယ်ထင်တာပဲ။

သန်း ။ ။ အရက်သောက်တဲ့လူများဟာ ဘယ်တော့မှမဖြတ်ဘူး ပြောကြပါတယ် ဟဲ .. ဟဲ .. ဟဲ ။

အေမီ ။ ။ အို ကိုကိုက ဘာဖြစ်လို့ရယ်ရတာလဲ (ခင်မောင်မောင်သန်းသည် မည်သူကမျှ လိုက်မရယ်သဖြင့် ကြောင်တောင်တောင် ဖြစ်နေစေ)

မေရီ ။ ။ ဖေဖေဟာ ဒီမနက်က အကောင်းချည်းရှိသေးတယ်၊ မနက်က လက်ဖက်ရည်သောက်ပြီး အပြင်ကိုထွက်သေးတယ်၊ ပြန်လာတော့ လေကလေးတချွန်ချွန်နဲ့၊ ထမင်းစားမလားလို့မေးတော့ .. မစားတော့ဘူးဆိုပြီး အပေါ်တက်သွားတာပဲ၊ နေ့ခင်းကျတော့ ခါတိုင်းလိုသံပရာရည်တိုက်ဖို့ အပေါ်တက်သွားတော့ တကတဲ အိပ်ရာပေါ်မှာ စန့်စန့်ကြီး၊ ဒါနဲ့ ငါလဲ သံပရာရည်ခွက်ကို ဖေဖေ့ဗီရိုပေါ် .. အဲ .. ဟုတ်ပေါင် .. ခုတင်ပေါ်ချပြီး လှုပ်နှိုးကြည့်တော့ နှိုးလို့မရဘူး တစ်ကိုယ်လုံးလဲ အေးစက်လို့ .. မဟုတ်လား ကိုဘအောင်..။

ကိုဘအောင် ။ ။ ဟုတ်ပါတယ် .. ဟုတ်ပါတယ် .. ကျုပ်ကို မေရီလှမ်းခေါ်လို့ ကျုပ်လဲ အပေါ်တက် လိုက်သွားတယ်၊ ဟုတ်ပါတယ် အဘိုးကြီးကို တောင့်နေပြီး၊ သေတယ်ဆိုကတည်းက အသက်ကိုမရှိတော့ဘူး။

မေရီ ။ ။ မမာနေလို့ ကုသရတယ်ဆိုရင် ဟုတ်သေးရဲ့၊ အခုတော့ လူကောင်းပကတိ ခေါက်ခနဲ ဖြစ်သွားတယ်ဆိုတော့တို့လဲ မတတ်နိုင်ဘူးပေါ့ .. ။

အေမီ ။ ။ ဟုတ်ပါတယ် .. ဟုတ်ပါတယ် ကျွန်မလဲ အဖေဟာ ဒီလိုအဖြစ်မျိုး ဖြစ်လိမ့်မယ်လို့ ထင်ခဲ့မိပါတယ်။ (မေရီနှင့်အေမီသည် လက်ကိုင်ပဝါများထုတ်ကာ တရှုပ်ရှုပ် နှပ်ညှစ်၍ ငိုဟန်ပြု။ အတန်ကြာ လေးဦးသား ငြိမ်သက်နေပြီးနောက် မေရီသည် စားပွဲပေါ်မှ ထလိုက်ကာ)

DREBOY - Copyright Protected

မေရီ ။ ။ ကဲ . . အိမ်ပေါ်တက်ပြီး . . ဖေဖေ့အလောင်းကို အရင်ကြည့်ကြမလား . . လက်ဖက်ရည် အရင်သောက်ကြမလား . . ။

အေမီ ။ ။ ဘာအရင်လုပ်မလဲ ကိုကို။

သန်း ။ ။ ဘာပဲလုပ်လုပ်လေ . . ။

အေမီ ။ ။ လက်ဖက်ရည် အရင်သောက်ကြတာပေါ့ မမရယ်။

(မေရီသည် လက်ဖက်ရည်ခွက်များတွင်းသို့ အိုးထဲတွင် တကယ်မပါသော လက်ဖက်ရည်များ လိုက်၍ငှဲ့ပေးစေ၊ ကိုဘအောင်လက်ဖက်ရည်ဖိတ်ဟန်ပြု၊ မေရီ မျက်စောင်းထိုးကြည့်)

ကိုဘအောင် ။ ။ ကျုပ်တို့ အခုလုပ်ရမှာက အသုဘချဖို့ကိစ္စပဲ။ ပထမ သတင်းစာထဲထည့် ကြော်ငြာရမယ်။

အေမီ ။ ။ ဟုတ်တယ် ကျွန်မလဲ အဲဒါကို စဉ်းစားနေတာပဲ။ ဘယ်လိုကြော်ငြာရေးကြမလဲ။

ကိုဘအောင် ။ ။ ရေးရိုးရေးစဉ် ထုံးစံအတိုင်း ရိုးရိုးပဲရေးပေါ့၊ ဘယ်နေ့ဘယ်မှာ ဘာရောဂါနဲ့ ဆုံးတယ်လို့ ရေးရင်တော်ရောပေါ့ . . ။

မေရီ ။ ။ မဟုတ်သေးပါဘူး၊ သူ့သမီး ဘယ်သူဘယ်ဝါ အိမ်မှာဆုံးတယ်၊ ဘယ်သူတွေရဲ့ ဖခင်၊ ဘယ်သူ ဘယ်ဝါရဲ့ ယောက္ခမ၊ မြေပိုင်ရှင်သူဌေးကြီး ဘယ်သူဘယ်ဝါ ဒါတွေတော့ ထည့်ရအုံးမှာပေါ့ . . ။

ကိုဘအောင် ။ ။ ဘယ်သူဘယ်ဝါ အဖေဆိုတာတော့ ထည့်ရမှာပေါ့၊ ဘယ်သမီးအိမ်မှာ ဘာညာဆိုတာတော့ မလိုပါဘူး၊ မင့်အိမ်မှာ သေတယ်ဆိုတာ တစ်ရပ်လုံးသိပါတယ်ကွာ။

အေမီ ။ ။ ကျွန်မတော့ 'အမြဲလွမ်းဆွတ် သတိရနေခြင်း' ဆိုတာတောင် ထည့်ချင်သေးတယ်။

ကိုဘအောင် ။ ။ ခင်ဗျားကလဲ ကြံကြံစည်စည်ဗျာ၊ သေတာမှ ဒီနေ့၊ လွမ်းဆွတ်သတိရချင်တာက အရင်ပဲ၊ ဒါမျိုးဆိုတာ နောက်တစ်နှစ် နှစ်နှစ်နေမှ ထည့်ရတဲ့ ဥစ္စာပဲ။

သန်း ။ ။ နောက်တစ်နှစ် နှစ်နှစ်ဆိုရင် မေ့သွားမှာစိုးလို့ အစကတည်းက ထည့်ထားချင်တယ် ထင်ပါ့ဗျာ၊

အေမီ ။ ။ (ခင်မောင်မောင်သန်းအား မျက်စောင်းထိုး၍) ဟင်း ကိုကိုနော် . . ။

မေရီ ။ ။ ကျွန်မတော့ ဒီလိုထည့်ချင်တယ်။ ချစ်စွာသောဖခင်၊ ကွယ်လွန်သူ ဒေါ်ဒေစီ ကံကောင်း၏ ခင်ပွန်း၊ ဝဏ္ဏကျော်ထင်မြေပိုင်ရှင်ကြီး ဦးကံကောင်းဆိုပြီး ဖေဖေ့ဂုဏ်ပုဒ်တွေပါ ထည့်ရရင်မကောင်းဘူးလား။

သန်း ။ ။ အဲဒါလေးကတော့ ကဗျာဆန်တယ်ဗျ။

ကိုဘအောင် ။ ။ ကဗျာဆန်တယ် ဘာတယ်လုပ်မနေနဲ့။ တောင်ဟာထည့် မြောက်ဟာထည့် နေရင် ကြော်ငြာခတွေသိပ်ကျနေမယ်၊ တိုတိုတုတ်တုတ်ရိုးရိုးပဲကောင်းတယ်။

အေမီ ။ ။ ကဲပါရှင် ဒါနောက်မှ စဉ်းစားကြတာပေ့ါ၊ လက်ဖက်ရည်သောက်ပြီးရင် ဖေဖေ့ ပစ္စည်းတွေ စစ်ကြရအောင်၊ ဘာတွေများ ချန်ထားရစ်ခဲ့သလဲလို့။

မေရီ ။ ။ အံမယ် .. ညည်းက စစ်ကြည့်ရအောင်လေး ဘာလေးနဲ့ မယုံသင်္ကာရှိလိုက်တာ ..။ တို့က ဘာများ ခိုးဝှက်ထားမှာ လိုက်လို့၊ ဖေဖေ့မှာ အဖိုးတန်ရွှေငွေရယ်လို့ ဘာမှမရှိပါဘူး။

အေမီ ။ ။ ဖေဖေ့ ရွှေလက်ပတ်ကြိုးနဲ့ နာရီတော့ရှိမှာပေ့ါနော် .. အဲဒါကို သားသားကို ပေးမယ်လို့ ဖေဖေက ပြောခဲ့ဖူးတယ်။

မေရီ ။ ။ အံမယ် .. ညည်း သားကိုပေးဖို့ပြောတယ်၊ ငါတော့မကြားမိပါဘူးတော်။

အေမီ ။ ။ ဟုတ်ပါတယ် မမရဲ့၊ ဖေဖေ ကျွန်မတို့နဲ့နေတုန်းက ပြောခဲ့တယ်။ ဖေဖေက သူ့မြေးကို သိပ်ချစ်တာ။

မေရီ ။ ။ ငါဖြင့် ယုံပေါင်။

သန်း ။ ။ ကဲ ကဲ ကဲ တော်ကြပါ၊ တော်ကြပါ၊ အဘိုးကြီးရဲ့အသက်အာမခံစာချုပ်တို့၊ ဘဏ်ငွေစာရင်းတို့၊ အိမ်စာချုပ်တို့ဘာတို့ကို ယူကြည့်ကြပါလား ..။ ဘာတွေ ဘယ်လောက်များ ကျန်ခဲ့သလဲလို့ သိရအောင်။

မေရီ ။ ။ ဒါတွေက ဗီရိုထဲမှာ ထားတယ်၊ သော့က ဖေဖေ့ဆီမှာ။ ဟဲ့သမီး အမာ .. အမာရေလာခဲ့စမ်း (အတွင်းခန်းမှ မာဂရက် ပြေးထွက်လာ)

မေရီ ။ ။ သွား .. အိမ်ပေါ်ကို ဘိုးဘိုးဘေးက စားပွဲလေးပေါ်မှာ သော့တွဲရှိတယ် သွား ယူချေစမ်း။

မာဂရက် ။ ။ မသွားရဲပါဘူး မာမီရယ် . . . ကြောက်ပါတယ်။

မာရီ ။ ။ သွားမှာ သွားစမ်းပါ၊ ဘာကြောက်ရတာတုံး၊ ဘာမှကြောက်စရာမရှိဘူး။ သွား . . သွား။ (မာဂရက်သည် မသွားချင် သွားချင်နှင့် ထွက်သွားစေ၊)

(အေမီသည် အခန်းတွင် တစ်နေရာရှိဗီရိုကိုမြင်)

အေမီ ။ ။ ဒါဘယ်သူ့ဗီရိုလဲမမ။

မေရီ ။ ။ ဖေဖေ့စာချုပ်စာတမ်းတွေ ထည့်ထားတဲ့ တို့ဗီရိုပေါ့။ အဲ . . အဲ . . အဲ . . ဖေဖေ့ဗီရို ဟုတ်ပေါင်၊ ဖေဖေ့စာချုပ်စာတမ်းတွေ ဒီထဲမှာရှိတယ်၊ သူက တို့ဗီရိုထဲမှာ ဒါတွေထည့်ထားမယ်၊ သော့တော့ သူယူထားမယ်ဆိုပြီး ထည့်ထားတာပဲ၊ ဗီရိုကတော့ ကိုဘအောင်ဝယ်လာတာပဲ။

သန်း ။ ။ အရင် ကျွန်တော်လာတုန်းက ဒီဗီရို ခင်ဗျားတို့ဆီမှာ မရှိပါဘူး။

အေမီ ။ ။ ဟုတ်ပါရဲ့ ဗီရိုကလှလိုက်တာ၊ ဘယ်က ဝယ်လာလဲ "ရိုး" ကလား။

ကိုဘအောင် ။ ။ ဟာ . . အယ် . . ဟဲ့ မေရီ ငါဘယ်က ဝယ်ခဲ့ပါလိမ့်။

မေရီ ။ ။ ဟုတ်တယ်လေ ရှင် "ရိုး" က ဝယ်ခဲ့တာပဲ။

(မာဂရက် မာမီ မာမီဟု အော်ပြီးပြေးဝင်လာ)

မေရီ ။ ။ ဟဲ့ သမီး . . ဘာတုံး . . ဘာတုံး။

မာဂရက် ။ ။ ဘိုးဘိုး ထလာပြီ မာမီ . . ဘိုးဘိုးထလာပြီ . . ။

အေမီ ။ ။ ဟယ် . . ကောင်မလေးက မဟုတ်တရုတ်။

မေရီ ။ ။ တောက်တီးတောက်တဲ့ ဒီကောင်မလေးက သမီးဘိုးဘိုးသေပြီလေ ဘာတွေ လျှောက်ပြောတာလဲ။ သမီးကလေး လန့်လာပြီထင်တယ်။

မာဂရက် ။ ။ မဟုတ်ဘူးမာမီ ဘိုးဘိုးထလာတာ သမီးမြင်ခဲ့ရတယ်၊ တကယ့်ကို ထလာတာ။

(စားပွဲရှိ ကိုဘအောင်တို့အားလုံး မတ်တတ်ထလိုက်ကြ)။

အေမီ ။ ။ မမ အပေါ်သွားကြည့်ချည်ပါလား။

မေရီ ။ ။ ဟယ် . . ငါတစ်ယောက်တည်း လာလိုက်ခဲ့ ကိုဘအောင်

(ကိုဘအောင်၏ လက်လှမ်းဆွဲ)

ကိုဘအောင် ။ ။ အလိုဗျာ . . ကျုပ်လဲ မသွားရဲပေါင်. . ။ လာ ကိုခင်မောင်မောင်သန်း ခင်ဗျားလဲ လိုက်ခဲ့။

သန်း ။ ။ နားထောင် နားထောင် ဘာသံလဲ အပေါ်က အသံကြားတယ်။

(အဝတ်အစား ကပိုကရိုဖြင့် ဦးကံကောင်းထွက်လာစေ၊ အားလုံးကြောက်လန့်ပြီး . . အေမီက . . သူ့ခင်ပွန်းကို မေရီက ကိုဘအောင်ကိုဖက်ထားကြစေ . . မာဂရက်က ကြောင်ကြည့်နေ။)

DBE BOX - Copyright Protected

ကောင်း ။ ။ ဟ ခင်မောင်မောင်သန်းတို့ အေမီတို့ပါလား။ နင်တို့ ဘယ်တုန်းက ရောက်ကြလဲ၊ မလာစဖူး လာစဖူးပါလားဟ။

(ပြောပြောဆိုဆို ခင်မောင်မောင်သန်းအား လက်ဆွဲနှုတ်ဆက်မည့်ဟန်ဖြင့် လက်ထိုးပေး၊ ခင်မောင်မောင်သန်းနှင့် အေမီတို့နှစ်ဦးသား ဖက်လျက် နောက်ဆုတ် နောက်ဆုတ်သွား)

မေရီ ။ ။ ဖေဖေ . . ဖေဖေ . . ဖေဖေ ဟုတ်ရဲ့လား။

ကောင်း ။ ။ ဟ ဘာဖေဖေ ဟုတ်ရဲ့လားလဲ၊ ဘယ်လိုဖြစ်နေကြတာလဲ ကရို့။

မေရီ ။ ။ သူ မသေဘူး . . မသေသေးဘူး။

သန်း ။ ။ ဟုတ်တယ် . . သေပုံတော့ မရသေးဘူး။

ကောင်း ။ ။ ဟ ဘယ်လိုဟာတွေလဲဟ၊ ဘယ့်နှယ် ကိုခင်မောင်မောင်သန်းတို့ ဘာကိစ္စများ ရောက်လာကြတာလဲ၊ ကဲထိုင်ကြစမ်းပါအုံး၊ ပြောကြစမ်းပါအုံး။

(ဦးကံကောင်းက ခင်မောင်မောင်သန်းနှင့် အေမီတို့ကြားရှိ ကုလားထိုင်ပေါ် ဝင်ထိုင်၊ အားလုံးကိုယ့် နေရာကိုယ်ပြန်ထိုင်ကြပြီးသော်)

အေမီ ။ ။ မဟုတ်ဘူး ဖေဖေရဲ့၊ အံ့ဩစရာဖြစ်နေလို့ ဖေဖေနေကောင်းတယ်နော်။

ကောင်း ။ ။ အံမယ်လေး ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်လို့၊ ဒီအိမ်မှာ ငါ နောက်ဆုံးသချိုင်းသွားရမဲ့ကောင်။ ဟောဒီဘအောင်ကြီးကိုကြည့်စမ်း၊ ဒီကောင်အရင်သချိုင်းသွားမဲ့အကောင် (ဤသို့ ပြောရင်းဆိုရင်း ဦးကံကောင်းသည် ကိုဘအောင် ဝတ်ထားသော လုံချည်ကိုမြင်) ဟ . . ဒီလုံချည် ငါ့လုံချည် မဟုတ်လား၊ ဘယ့်နှယ် ဒီကောင်က ဝတ်ထားရတာလဲ။

(ကိုဘအောင်သည် လုံချည်ကို ချွတ်ရမလို၊ ဝတ်ထားရမလိုရှိနေစေ)

မေရီ ။ ။ ဟုတ်ပါတယ်ဖေဖေရဲ့ . . ဒါ ဖေဖေ့ လုံချည်ပါပဲ၊ လုံချည်အသစ် ဆိုတော့ ကော်တွေတောင့်ပြီး၊ မာနေတယ် မဟုတ်လား၊ အဲဒါပျော့သွားအောင်လို့ ကျွန်မက ကိုဘအောင်ကို အဝတ်ခိုင်းထားတာပါ။

အေမီ ။ ။ (မဲ့ကာရွဲ့ကာဖြင့် ခင်မောင်မောင်သန်းသို့ပြော)။

လူဖြင့် မသေသေးဘူး၊ လုံချည်ကအစ ယူကြတော့တာပဲ။

မာဂရက် ။ ။ ဘိုးဘိုး တကယ်မသေဘူးနော်၊ အမယ်လေး ဝမ်းသာလိုက်တာ။

မေရီ ။ ။ ရှူး . . ရှူး . . ဟဲ့ မာဂရက် ဘာတွေ လျှောက်ပြောနေတာလဲ။

DBE BOX Copyright Protected

ကောင်း ။ ။ ဟဲ့ . . ဘယ့်နှယ် ဘယ့်နှယ် ဘယ်သူမသေဘူး။

မေရီ ။ ။ အော် . . မာဂရက်က ဖေဖေ ရေသောက်ခဲ့သလားလို့မေးတာပါ။

ကောင်း ။ ။ အော် . . အော် မသောက်ခဲ့ရသေးဘူး၊ ငါ့မြေးရဲ့ အခုဘိုးဘိုး လက်ဖက်ရည်ပဲ သောက်တော့မယ် လာ ငါ့မြေးကောမသောက်ရသေးဘူးလား၊ လာ လာ ဘိုးဘိုးနဲ့ အတူတူသောက်ရအောင်(မြေးအတွက် လက်ဖက်ရည်ထည့်ပေး . . မာဂရက်နှင့် ဦးကံကောင်း လက်ဖက်ရည်သောက်နေစဉ်)

မေရီ ။ ။ (အေမီဘက်သို့လှည့်၍)ကြည့်စမ်း သူ့အဘိုးက သူ့မြေးကိုသိပ်ချစ်တာ။

အေမီ ။ ။ သားသားကိုလဲ သူ့အဘိုးက ချစ်တာပါပဲ မမရဲ့။

မေရီ ။ ။ ကဲ မေးလေ ရွှေလက်ပတ်ကြိုးနဲ့ နာရီ ညည်းသားကို ပေးမယ်ဆိုတာ မေးလေ။

အေမီ ။ ။ မမေးတော့ပါဘူး . . ရှိပါစေတော့။

ကောင်း ။ ။ (ယခုမှ သတိပြုမိဟန်ဖြင့်) ဟ နင်တို့မျက်လုံးတွေကလဲ ဝိုထားကြတာပါလား၊ ဘာဖြစ်ကြတာတဲ့တုံး၊ ဘယ်သူသေလို့တုံး၊ (ရယ်မောလျက်ပြော) တို့အမျိုးထဲကပဲထင်တယ်။

မေရီ ။ ။ ခင်မောင်မောင်သန်းရဲ့ အမျိုးထဲကဆုံးလို့အဖေရဲ့။

ကောင်း ။ ။ ဟ ခင်မောင်မောင်သန်းအမျိုး ဘယ်သူတုံးဟ။

မေရီ ။ ။ သူ့ အစ်ကိုတဲ့ . . ။

သန်း ။ ။ ကျွန်တော့်မှာ အစ်ကိုမရှိဘူးဗျာ . . ။

ကောင်း ။ ။ (မကြားဟန်ဖြင့်)သူ့အစ်ကို နာမည်ဘယ်သူ . .

သန်း ။ ။ ဟို . . ဟို . . အမ်။

မေရီ ။ ။ ကိုဘသန်း။

(ပြိုင်တူ)

အေမီ ။ ။ ကိုညီပု။

သန်း ။ ။ ကိုဘသန်း ကိုညီ အယ် အဲ ဘသန်းပု ဘသန်းပု။

ကောင်း ။ ။ ဘယ်မှာ သေတာတုံး။ မင်းအစ်ကိုက။

သန်း ။ ။ မန္တလေးမှာခင်ဗျ။

(ပြိုင်တူ)



DBE BOX - Copyright Protected

မေရီ ။ ။ ဟသ်ာတမှာ

ကောင်း ။ ။ ဩော် .. ဟသ်ာတက .. မန္တလေး ပြောင်းသွားတာလား ...
အသက် ဘယ်လောက်ရှိပြီလဲ.. ။

သန်း ။ ။ ငါးဆယ့်ခြောက်နှစ်၊ ဖေဖေ့လောက်ကြီးပြီ ..။

ကောင်း ။ ။ ကြီးလှပါပကော .. ဒီလိုဆိုရင် မင်းမန္တလေး သွားရအုံးမှာပေါ့။

သန်း ။ ။ ဟုတ်ကဲ့ .. သွားရအုံးမယ်။

မေရီ၊ အေမီ ။ ။ (ပြိုင်တူ) မသွားပါဘူး မသွားပါဘူး။

သန်း ။ ။ ဟုတ်ကဲ့ .. မသွားပါဘူး မသွားပါဘူး။

ကောင်း ။ ။ ကဲ .. ကဲ လက်ဖက်ရည်သောက်ကြလေ။ (ပြောပြောဆိုဆို ဦးကံကောင်းသည် လက်ဖက်ရည်ခွက်ထပ်ကိုင်၊ မေရီ လက်ဖက်ရည်ထည့်ပေး၊ အေမီက ပျာပျာသလဲနှင့် မုန့်ပန်းကန်ရွှေ့ပေးရင်း..ကိုဘအောင်နှင့် ခင်မောင်မောင်သန်းတို့ကလဲ။ သကြားပေးသူပေး၊ လက်သုတ်ပဝါပေးသူပေးနှင့် အလုပ်ရှုပ်နေကြစေ။ နောက် ဦးကံကောင်းက လက်ဖက်ရည်ခွက်ကို အားရပါးရ ကျိုက်ချစေ)

သန်း ။ ။ (အဘိုးကြီးကို ကြည့်လျက်) အား .. ဦး အစားအသောက်လဲ မပျက်ဘဲကိုး။

ကောင်း ။ ။ မပျက်ပေါင်ဗျာ စားကောင်းသောက်ကောင်း တဖျောင်းဖျောင်းပဲ.. အသွားမပျက် အစားမပျက် အသောက်မပျက် ဟဲ ဟဲ ဟဲ ထည့်စမ်းပါအုံး .. နောက်တစ်ခွက် (လက်ဖက်ရည် ပန်းကန်တိုးပေး)။

အေမီ ။ ။ ခုနတော့ ဖေဖေလဲနေတယ်ဆို .. အိပ်ပျော်နေတာလား။

ကောင်း ။ ။ အိပ်ပျော်တာဟုတ်ပေါင်ဗျာ .. ဟဲ .. ဟဲ နည်းနည်းလွန်လာလို့ မှိန်းသွားတာထင်ပ့ါ (နောက်ထပ်ထည့်ပေးသော လက်ဖက်ရည်ခွက်ကို မော့အသောက်လိုက် 'သီး' သွား၊ ပါးစပ်ထဲမှ လက်ဖက်ရည်များ ထွေးလာ၍ ပါးစပ်ဖြင့် ထွေးထုတ်ဟန်ပြကာ။ ဟိုဘက် သည်ဘက်သို့ လှည့်ကြည့်ကာ ထွေးခံရှာနေစဉ် ၎င်း၏ဗီရိုကိုသွားတွေ့၊ ထွေးမည့်လက်ဖက်ရည်ကို မထွေးဘဲ ပြန်မျိုချလိုက်ရာမှထခါ) 'ဟေ့ .. ဟိုမှာ ငါ့ဗီရိုဘာပြုလို့ အောက်ရောက်နေရတာလဲ ဘယ်သူကဘာပြုလို့ အောက်ချခဲ့ရတာလဲကွ။ ပြောစမ်းပါအုံး' (ထိုအတွင်းတိုင်ကပ်ထားသော ၎င်း၏တိုင်ကပ်နာရီမှ နာရီထိုးသံ ကြား၍ မော့ကြည့်) ဟော ဒါလဲ ငါ့နာရီပါကလား ..၊ ဘယ့်နှယ့်လုပ် ဒီအောက်



DBE BOX Copyright Protected

ရောက်နေရတာလဲဟေ .. ပြောကြစမ်းပါအုံး (ကိုဘအောင်ဘက်လှည့်ပြီး) ဒီကောင်ကလဲ ငါ့လုံချည်ကို ဝတ်လို့ ..။

မေရီ ။ ။ (ပျာပျာသလဲ) ဒီလိုပါ .. ဒီလိုပါ ဖေဖေ၊ သမီးရှင်းပြပါ့မယ်။

ကိုဘအောင် ။ ။ ဟုတ်ပါတယ် .. ဟုတ်ပါတယ် .. မေရီ ရှင်းပြပါလိမ့်မယ်၊

အေမီ ။ ။ မဟုတ်ဘူး ဖေဖေ .. သမီးပြောပြမယ် ဒီအိမ်မှာ အိမ်တွင်းလုယက်မှု ဖြစ်နေတယ် ဖေဖေရဲ့၊

မေရီ ။ ။ ဟဲ့ .. ကောင်မ ဘာပြောတာလဲ တိတ်စမ်း ..၊

အေမီ ။ ။ မတိတ်ဘူး .. မတိတ်ဘူး .. ပြောစရာရှိတာတော့ ပြောရလိမ့်မယ် .. နို့မဟုတ် ကိုယ်လဲ ကြံရာပါဖြစ်နေလိမ့်မယ်၊

ကိုဘအောင် ။ ။ ဟဲ့ အေမီ၊ ဘာတွေ ပြောနေတာလဲ .. နင့်မမပြောတာ နားထောင်မှပေါ့၊

အေမီ ။ ။ ရှင်သာနားထောင် ရှင်သာ ထူလို့ နလို့ မမခိုင်းသမျှ ဘာမဆို လျှောက်လုပ်တဲ့လူ၊ ကျွန်မတော့ ပြောစရာရှိတာပြောမှာပဲ။

သန်း ။ ။ အေမီကတော့ ပြောစရာရှိတာ ဘွင်းဘွင်းပြောတယ်၊ ပြောလဲ ပြောတာပဲ၊ ပြောသာ ပြောဟ .. အေမီ .. ။

မေရီ ။ ။ ပြောချင်ရင်အပြင်မှာ ထွက်ပြော ဒီငါ့အိမ်မှာတော့ မပြောရဘူး၊

ကောင်း ။ ။ (စားပွဲကို လက်သီးနှင့် ထုလျက်) တော်ကြစမ်း .. တန်ကြစမ်း၊ ပြောစမ်းပါအုံး ငါ့ကိုများ ဘာဖြစ်ကြတာလဲလို့၊

အေမီ ။ ။ ပြောပါ့မယ်ဖေဖေ ကျွန်မက ဖေ့ဖေ့ကို ဘယ်သူ အလုအယက်မှ မခံစေချင်ဘူး၊

ကောင်း ။ ။ ဟဲ့ ... ငါ့ကို ဘယ်သူက လုလို့ယက်လို့လဲ ဟဲ့ .. ပြောစမ်းပါအုံး၊

အေမီ ။ ။ ကိုဘအောင်နဲ့ မမပေါ့၊ အဘိုးကြီးတော့ ချောပြီဆိုပြီး အခန်းထဲဝင်၊ ဟောဒီ ဗီရို .. နာရီကြီးကို ခိုးထုတ်လာခဲ့ကြတာ သူတို့ပေါ့ဖေဖေရဲ့။

အောင်နှင့်မေရီ ။ ။ (ပြိုင်တူ) အေမီ .. အေမီ၊

အေမီ ။ ။ အံမယ် .. ခုမှ တားမနေကြနဲ့ သူတို့က အဘိုးကြီးချောပြီတဲ့၊

ကောင်း ။ ။ ဘယ်အဘိုးကြီး ချောတာလဲ၊

အေမီ ။ ။ ဖေဖေချောတာပေါ့၊ ဖေဖေ့ကိုပြောတာ၊

ကောင်း ။ ။ ဟောဗျ .. ငါလည်း မချောပါဘဲကလား။

အေမီ ။ ။ မချောဘူးလေ . . ဒါပေမဲ့ . . သူတို့က သေတယ် ထင်နေတာ။

ကောင်း ။ ။ အို . . ဟိုး . . ဟိုး . . ဟား ဟား ဟား ဟား . . ဒါကြောင့် နင် . . နင်တို့ တစ်တွေ ငိုယိုနေကြတာကိုး ဟား . . ဟား . . ဟား . . ဟား . . ဖြစ်မှ ဖြစ်ရလေဟယ် . .၊

မေရီ ။ ။ ဒီလိုပါ ဖေဖေ ကျွန်မရှင်းပြပါအုံးမယ်။

ကောင်း ။ ။ ဘယ့်နှယ်လဲ နင်တို့တစ်တွေ ငါ့အမွေကိုကော ခွဲလို့ပြုလို့ . . ပြီးကြပြီလား။

အေမီ ။ ။ မခွဲပါဘူး ဖေဖေ . . မမက အကုန်လုံးသူချည်း . . ဘုံးတာပါပဲ။

ကောင်း ။ ။ မေရီ နင်ဟာတယ်ပြီး လိုချင်မက်မောရှိတာပဲ . . နင်က အမွေ ညီတူမျှတူ ရမယ် မဟုတ်ဘူးလို့ဘဲ ထင်နေတယ် ဟုတ်တယ် မဟုတ်လား။ ငါကတော့ အမွေခွဲပေးခဲ့မလို့ပါပဲ။

အေမီ ။ ။ ဘယ်လိုခွဲပေးမှာလဲ ဖေဖေ . .။

ကောင်း ။ ။ ခုမှတော့ မလိုတော့ပါဘူးလေ ငါ ဒီအစီအစဉ် ဖျက်လိုက်ပြီ။

မေရီ ။ ။ ဖေဖေရယ်၊ သမီးတို့ မိုက်မိပါတယ်၊ ဗွေမယူပါနဲ့ ဖေဖေရယ်။

ကောင်း ။ ။ ငါဘယ်သူ့ကိုမှ ဗွေမယူဘူး စိတ်လဲ မဆိုးပါဘူး။ အဲ ငါ ဘယ်လိုလုပ်မယ်ဆိုတာ ပြောမယ်။ ငါဟာ သမီးတို့ မေမေဆုံးကတည်းက သမီး နှစ်ယောက်ဆီမှာ တစ်လှည့်စီနေခဲ့တယ် . . ဟုတ်တယ် မဟုတ်လား။

အားလုံး ။ ။ ဟုတ်ပါတယ် ဟုတ်ပါတယ် (ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံကြ အဘိုးကြီး ဆက်ပြောမည်ကို နားထောင်နေကြစေ)

ကောင်း ။ ။ အဲ . . အဲသလို သမီးနှစ်ယောက်ဆီမှာ တစ်ယောက် တစ်လှည့်နေခဲ့ပြီး။ ခု ငါ့အစီအစဉ်က ငါသေတဲ့အချိန်မှာ ငါနဲ့ အတူတူနေတဲ့သူကို အမွေပေးမယ်။ ဘယ့်နှယ်လဲ အစီအစဉ်ကြိုက်ကြရဲ့လား။

ဘအောင် ။ ။ ထီဖွင့်သလိုပါပဲကလား၊ တယ်မဆိုးဘူး ထင်တယ် . . ဟဲ . . ဟဲ . . ဟဲ။

အေမီ ။ ။ (သွက်လက်စွာ) ဖေဖေ ဖေဖေ ခုဒါဖြင့် . . သမီးတို့နဲ့ လိုက်နေမှာပေါ့နော်။ ဖေဖေကလဲ ဖေဖေရယ် . . သမီးတို့နဲ့ မနေတာကြာလှပြီ . . ခု တစ်ခါတည်း လိုက်ခဲ့မယ်နော် ဖေဖေ . . နော် ဖေဖေ . . နော် ဖေဖေ။

ကောင်း ။ ။ ငါပြောပါ့မယ်လေ။

အေမီ ။ ။ ဖေဖေရယ် . . ဖေဖေ သမီးတို့ဆီမှာ မနေတာကြာပါပြီ။ ဖေဖေကတော်တော့

DBE BOX Copyright Protected

ကို နေနိုင်တယ်၊ တစ်ခါတလေလဲ လာနေအုံးမှပေ့ါ ခုလိုက်မယ် မဟုတ်လား ဖေဖေ . .။

မေရီ ။ ။ အံမာ ဖေဖေက တို့နဲ့နေတာ နင်တို့နဲ့ နေသလောက်မှ ကြာတာမဟုတ်သေးဘဲ၊ တို့ကလဲ မထည့်ပေါင်တော် . . ဖေဖေကလဲ လိုက်မှာမဟုတ်ပါဘူး။

အေမီ ။ ။ ဖေဖေကလာ မလိုက်မှာ၊ မမတို့ ဒီနေ့ လုပ်ပုံမျိုးနဲ့ဆိုရင် ဖေဖေက နေလိမ့်မယ် စောင့်များကြည့်စမ်းပါအုံး။

ကောင်း ။ ။ အေမီက ဖေဖေ့ကို ပြန်လိုက်နေစေချင်တယ်ပေ့ါ . . ဟုတ်လားသမီး။

အေမီ ။ ။ နေစေချင်တာပေ့ါ ဖေဖေရဲ့ ဖေဖေကလဲ လိုက်မယ်နော် . .။

ကောင်း ။ ။ ဘယ်လိုသဘောရလဲဟေ့ မေရီ နင့်ညီမက သူတို့နဲ့ ပြန်နေပါတဲ့ . .။

မေရီ ။ ။ ဖေဖေ . . ဟိုတုန်းက သူနဲ့ကျွန်မ ဘာဖြစ်လို့ ရန်ဖြစ်ရသလဲဆိုတာ ဖေဖေ သိရဲ့လား။

အေမီ ။ ။ ဟင်းနော် မမ ချေးခြောက်ရေနှုး မနေပါနဲ့။

မေရီ ။ ။ နှုးရမယ်အေ့ . . နှုးရမယ် ဖေဖေ ငါ့ဆီမှာ မနေလဲ နင့်ဆီမနေအောင်တော့ ပြောရမှာပဲ။ ဒီလိုပါ ဖေဖေ။ ဒီကောင်မက ဖေဖေ့ကိုလူကိုယ်ချိန်နဲ့ စက်ပြီး ရွှေပုံပေးတောင် သူတို့တော့ ခေါ်မထားဘူးပြောလို့ ကျွန်မနဲ့ ရန်ဖြစ်လိုက်ရတာ။ သူက ဖေဖေ့တစ်သက် ဘယ်တော့မှ သူ့အိမ်မှာ မထားချင်ဘူးတဲ့ ဒါကြောင့် ကျွန်မတို့က ဖေဖေ့ကို ခေါ်ထားရတာ . .။

ကောင်း ။ ။ နင်တို့နှစ်ယောက်ဟာ ဘယ်သူမှ ဒီအဖေကြီးကို အိမ်ပေါ်တင် ကျွေးမွေးထားရတာကို ဂုဏ်ယူချင်ကြပုံမရပါဘူး။ တယ်မိုက်တဲ့ သမီးတွေပဲ . .။

မေရီ ။ ။ ကျွန်မ ကာယကံ . . ဝစီကံ . . ပြစ်မှားမိတာများရှိရင် ခွင့်လွှတ်ပါ ဖေဖေရယ်၊ ကျွန်မတောင်းပန်ပါတယ်။

ကောင်း ။ ။ ဟဲ့ . . ဟဲ့ . . သမီးတို့ နှစ်ယောက်က ခုမှ မှားမှန်းသိကြတာကိုး။ ဒါပေမဲ့ ဘယ်သူကမှ ဖေဖေ့ကို လက်ခံချင်ကြပုံ မရပါဘူး။

မေရီ၊ အေမီ ။ ။ မဟုတ်ပါဘူး ဖေဖေ မဟုတ်ပါဘူး။ လက်ခံပါ့မယ် . . လက်ခံပါ့မယ် . .။

ကောင်း ။ ။ လက်ခံကြမှာပေ့ါလေ . . ဖေဖေက ဖေဖေနဲ့ အတူနေသူကို အမွေပေးထားရစ်ခဲ့ပေမယ်လို့ဆိုတာကိုး . .။

သန်း ။ ။ ကဲပါ ပြောမှာသာပြောပါဗျာ . . ဖေဖေဟာ . . သမီးတစ်ယောက်ယောက်နဲ့

တော့ နေရမှာပဲ။ ကဲ ဘယ်သူနဲ့နေမယ်ဆိုတာသာ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါဗျာ။

ကောင်း ။ ။ ပြောမလို့ပါပဲ မောင်ရာ .. ရွှေလောမကြီးစမ်းပါနဲ့ .. ပြောမှာပါ.. ပြောမှာပါ ..(အဘိုးကြီးသည် ထိုင်ရာမှ ထပြီး) ဒီလို ဒီလို .. ဖေဖေ နောက်မိန်းမ ယူတော့မလို့ ... ။

အောင်နဲ့သန်း ။ ။ (အံ့ဩဟန်ဖြင့်) ဘယ့်နှယ် ..

မေရီ ။ ။ .. နောက် .. နောက်မိန်းမယူမယ် ..။

အေမီ ။ ။ ကြံကြီးစည်ရာ ...

ကောင်း ။ ။ ဟုတ်တယ်။ ငါနောက်မိန်းမ ယူတော့မယ် ..။

(ပြောပြောဆိုဆို အဘိုးကြီးသည် တံခါးပေါက်နားသို့ ထသွား၊ အားလုံးက လိုက်ကြည့်နေ၊ အဘိုးကြီးက ပြန်လှည့်ပြီး ..)

ကောင်း ။ ။ ငါယူမဲ့ မိန်းမက အရက်ဆိုင်ပိုင်ရှင် .. မုဆိုးမ ဒေါ်သိန်းတဲ့ .. အဲဒီမှာပဲ အိပ် ..၊ အဲဒီမှာပဲစား .. ။ အဲဒီမှာပဲ ဖေဖေ နေတော့မယ်။ တို့မင်္ဂလာဆောင်ကျတော့ မင်းတို့အားလုံး လာခဲ့ကြဟုတ်လား .. ဖေဖေက ဖိတ်ပါတယ် ..။ (တံခါးပေါက်မှ ထွက်မည်ပြုပြီးမှ နောက်ပြန်လှည့်ကြည့်ကာ) အော် .. ဒါနဲ့ မောင်ဘအောင်တို့ မေရီတို့ကို ငါ့ဗီရိုနဲ့ နာရီကြီး အောက်ချထားတာ ကျေးဇူးပဲကွယ် .. နို့မို့ရင် ငါ့ဘာသာငါ အောက်ချနေရအုံးမှာ၊ တော်တော်ကြာ ကားလွှတ်လိုက်မယ် .. ကားပေါ်သာ တင်ပေးလိုက်ကြပေါ့ .. ကဲ .. သွားပြီ သွားပြီ၊ (ပြောပြောဆိုဆို အဘိုးကြီးထွက်သွား .. ကျန်ရစ်သူများ ငေးကျန်နေစဉ် ကားလိပ်ဖြည်းဖြည်းချ)

**စိန်ခင်မောင်ရီ**

DBF BOX - Copyright Protected

**လေ့ကျင့်ခန်း**

၁။ "မြေပိုင်ရှင် ဦးကံကောင်းနှင့် သမီးများ" ပြဇာတ်တွင် မည်သည့်ရည်ရွယ်ချက်မျိုးကို တွေ့ရသနည်း။ ထိုရည်ရွယ်ချက်ကို ဖော်ပြပါ။

၂။ စရိုက်ဟူသည်အဘယ်နည်း။ မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ၏ စရိုက်အဖွဲ့များကို ဖော်ပြပါ။

၃။ "မြေပိုင်ရှင် ဦးကံကောင်းနှင့် သမီးများ" ပြဇာတ်လာ အချီအချများတွင် ဇာတ်ဆောင်၏ စရိုက်ကို ပံ့ပိုးပေးသော အချီအချစကားများကို ဖော်ပြပါ။

၄။ "မြေပိုင်ရှင် ဦးကံကောင်းနှင့် သမီးများ" ပြဇာတ်တွင် မည်သည့်ရသများကို ခံစားရသနည်း။ ထိုရသများသည် ရသသက်သက်နှင့် ဘဝအာနိသင်ပါသောရသနှစ်မျိုးအနက် မည်သည့်ရသမျိုးဖြစ်သနည်း။

၅။ "မြေပိုင်ရှင် ဦးကံကောင်းနှင့် သမီးများ" ပြဇာတ်မှ ရရှိသည့် ဘဝသင်ခန်းစာကို ဖော်ပြပါ။

DBE BOX - Copyright Protected

# အခန်း – ၂
# မြန်မာဝတ္ထုတို

## ဝတ္ထုတိုသဘောသဘာဝ

ဝတ္ထုတိုဟူသည်မှာ

အတိုတောင်းဆုံးအချိန်ပိုင်းအတွင်း ဇာတ်ဆောင်တို့၏ လှုပ်ရှားမှုသို့မဟုတ် အဖြစ်အပျက် သို့မဟုတ် အာရုံခံစားမှုကို စာလုံးအရေအတွက်အနည်းနိုင်ဆုံးဖြင့် ကျစ်ကျစ်လျစ်လျစ် ရေးဖွဲ့တင်ပြထားသော စာဖြစ်သည်။ ဝတ္ထုတိုတစ်ပုဒ်တွင်

၁။ ဝတ္ထုအာဘော်

၂။ ဇာတ်လမ်း

၃။ ဇာတ်ဆောင်

၄။ ကာလဒေသနောက်ခံ

၅။ အရေးအဖွဲ့

ဟူသည့်အင်္ဂါရပ်များပါဝင်ပါသည်။

ဝတ္ထုကဏ္ဍတွင် ဖော်ပြထားသော သူအိုမကြီးဝတ္ထုတိုသည် ကုန်းဘောင်ခေတ် မြန်မာဝတ္ထုတိုကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြနေသည့် အထောက်အထားတစ်ခုဖြစ်သည်။ ပညာတော်သင်၊ လူရိုးဆိုတာ၊ မိုးဦးကျ၊ ရောင်းခါစ၊ အခမဲ့ကုလီထမ်းခြင်း၏အကျိုး ဝတ္ထုတိုများသည် ခေတ်သရုပ်၊ ဘဝသရုပ်တို့ကို ပေါ်လွင်စေသည့် ဝတ္ထုတိုများ ဖြစ်သည်။ အကြောင်းအရာနှင့် လိုက်ဖက်နေသော စကားအသုံးအနှုန်းရွေးချယ်မှု၊ ရည်ရွယ်ချက်ရောက်အောင် ဖော်ဆောင်သွားနိုင်မှု၊ ဝတ္ထုတို၏ သဘောသဘာဝနှင့် ကိုက်ညီမှုတို့ကို ဝတ္ထုတိုများတွင် တွေ့နိုင်ပါသည်။

## ရွေးချယ်ချက်

၁။ သူအိုမကြီး

၂။ အခမဲ့ ကုလီထမ်းခြင်း၏အကျိုး

၃။ ပညာတော်သင်

၄။ မိုးဦးကျ

၅။ ရောင်းခါစ

၆။ လူရိုးဆိုတာ

PDF BOX - Copyright Protected

## သူအိုမကြီး

ငါတို့မြတ်စွာဘုရားသည် သာဝတ္ထိပြည်နဂိုရ်၌ ဝါဆိုတော်မူသောအခါ ပဝါရဏာအပြီးတွင် ခရီးဒေသစာရီ ကြွချီလှည့်ပတ်၍ တိုင်းမြတ်ကောသလ ဌာနအောင်ချက် ဘူမိနက်သို့ ရွှေစက်တစ်တန် ပြန်လည်တော်မူရာတွင် အာဂန္တုကဘက်ကို တတ်စွမ်းသမျှ လှူဒါန်းကြမည်ဟု ကောသလမင်းနှင့်တကွ များပြားပြောထူ ပြည်သူခပင်းတို့သည် အသင်းစုဖွဲ့ယှက်၍ သူထက်ကားငါ သူသာငါနိုင် ဂုဏ်ပြိုင် အားပြ စီမံကြ၍ မွန်မြတ်လှသော ဘောဇဉ်ခဲဖွယ်တို့ကို ကြီးကျယ်မြားမြောင် လုပ်ဆောင်ပြီးပြေလျှင် ဇေတဝန်ကျောင်းတော်သို့သွား၍ ဓမ္မဃောသကရဟန်းထံ အလှူခံပုဂ္ဂိုလ်ကို လျှောက်ဆိုတောင်းပန် ကြသည်တွင် ဓမ္မဃောသကရဟန်းကြီးကလည်း အသီးသီးသော ဒါယကာတို့အား ထိုက်ရောက်ရာ ရဟန်းများကို ညွှန်ကြားပေးအပ်လိုက်လေသည်၊ ဇေတဝန်ကျောင်းတော်၌ အဂ္ဂသာဝကဓမ္မ သေနာပတိသာရိပုတ္တရာမဟာထေရ်ကျော် ကိုယ်တော်မြတ်တစ်ပါးသာ ဒကာမပေါ် ကြွင်းတော်မူလေ သတည်း။

ထိုအခါ သာဝတ္ထိပြည်သူ ခေါင်းဖြူဖွေးဖွေး ချင်းသေးထမီကို လက်တိုအင်္ကျီအနွမ်းနှင့် သက်တမ်းခေါင်ခိုက် ပြာဆိုက်အောင်မွဲလှသော ဒါယိကာမကြီးတစ်ဦးသည် မြူးထူးဝမ်းသာ သဒ္ဓါ လောက်လုံ ပြည်သူတို့ပြုပုံကို အာရုံသက်ဝင် ဇောပီတိရွှင်လှ၍ လှူချင်သည့်ဝိတက်နှင့် အသက်ကို မတာတွယ် အရွယ်ကိုမရွေး ချွေးတစ်ပြိုက်ပြိုက် အားတိုက်ခြိုးခြံ အစေခံလုပ်ငန်းဖြင့် ပင်ပန်းစွာ ကြိုးစည်၍ တစ်ပြည်စ သုံးခွက်စ ဆန်ကြမ်းမျှကို ရလတ်သောခါ ဝမ်းစာမခြွင်း ဆန်ရင်းကို ဆွမ်းလုပ် ဆန်နုပ်ကို ယာဂုကျို အတိုအထွာ ဟင်းလျာဝယ်ဖို့ တချို့ကိုထား ဤသို့အားဖြင့် ကြိုးစားလုံ့လ ဆွမ်း ကိစ္စပြီးစေသတည်း။ ထိုအခါ ဒါယိကာမကြီးသည် ဤသို့မြည်တမ်း၏၊ ဩော် ငါအသက်ကြီး သေလုနီးသည် ဖျာယီးဖျာယာ လှူချင်စွာ၍ သဒ္ဓါလှုလှု ကြိုးစား၍ပြုသောကြောင့် ဆွမ်းမှုပြီးစီးလေ သတည်း။ တစ်ပါးသူမှာ အလှူခံရဟန်းကို စုငန်းဝေငှ ရကုန်ကြပြီ။ ဒုက္ခသမား ငါအဘွားမှာ ချက်လား ပြုတ်လား ကိစ္စများ၍ တစ်ပါးသောသံဃာတော်ကို ပင့်ခေါ် ရန်မရှိသေး၊ ငါ့ဖို့ရာ အလှူခံကို စာရေးတံ မကျ မလှူရလျှင် လုံ့လအားခဲ၍ ခဲလေသမျှ ငါ့ဒါနသည် သဲကျရေလို အဒေါ်အိုမှာ ကိုယ်အစတုံး၊ လူဖြစ်ကြီးရှုံးတော့မည်ဟု ယူကျုံးမသာ တစာစာမြည်လျက် ဇေတဝန်ကျောင်းတော်သို့ ပြေးလေ၍ ဓမ္မဃောသကရဟန်းထံ အလှူခံပုဂ္ဂိုလ် ရလိုပါကြောင်း လျှောက်တောင်းသည်တွင် ဩော်ဒါယိကာမကြီး နေလည်းနီးလှပြီ အသီးသီးအသွယ်သွယ် ကြီးငယ်အများ ဤပြည်သားတို့သည် တစ်ပါးစီ နှစ်ပါးစီ မြှောက်ချီပင့်ခေါ်၍ သံဃာတော်ကုန်ချေပြီ၊ သို့ရာတွင် ရှင်သာရိပုတ္တရာ ပညာဆီမီး ကိုယ်တော်ကြီး မူကား သင်းသီးအလွတ်ကျန်သေး၏၊ အဒေါ်အိုအား ပုဂ္ဂိုလ်ကျော် သနားလိုက်စားတော်မူပါလျှင် လှူစရာရတော့မည်ဟု ဓမ္မဃောသကအရှင်က မတင်မကျ ကမ္မသကာစကားဖြင့် ပြန်ကြားတော်

မူရာတွင် မိန်းမအို သူ့ခမျာလည်း လာမိပြီဖြစ်သောကြောင့် နှစ်၍သာတင်ရသည်။ ကြပ်ကြပ်ကြီး မတင်စား၊ ဘုရားတစ်ဆူ ကိုယ်စားတော်မူပေသော ဘုန်းရှိသူလက်ယာရံသည် တာတေလံ မွဲလှသော သူဆင်းရဲ ဒါယကာ ပင့်ခေါ်ရာသို့ လိုက်လာမည့်အရေးလည်း ဝေးနိုင်မျှဖြစ်တော့သည်။ ငါ့ပါရမီကံ ကူညီပါလျှင် ဤပုဂ္ဂိုလ်ထေရ်ကျော်ကို ပင့်ခေါ်၍ရတော့မည်ဟု အတည်မကျ နှစ်ခွတွေးခေါ်လျက် ကျောင်းတော်သို့တက်သည်တွင် ရှင်သာရိပုတ္တရာလည်း ပိဏ္ဍစာရဆွမ်းခံကြွမည်ဟု မုခ်ဝက အထွက် တွင် သက်ကြီးမနှင့် လှလှသားဆုံမိ၍ ဓိပတိဘုန်းတော်ရှင် သခင်ကောင်းဘုရား အဘွားအိုဒုက္ခသည် ကို ကယ်ဆယ်တော်မူပါမှ ချမ်းသာရာရပါမည်။ သူတစ်ပါးအန်တု ကုသိုလ်ပြုလို၍ သေလုနီးပါး ဆွမ်းချက်ပြုတ်ပြီးခါမှ အဒေါ်ကြီး အကျွန်ုပ်ထံ အလှူခံပုဂ္ဂိုလ် ရှာမရသောကြောင့် သောကကြီးစွာ ရောက်ပါသည်။ ဘုန်းတောက်သည့်ဘုရား အကျွန်ုပ်အားကို သနားတော်မူပါသဖြင့် ကျွန်အလှူဝတ္ထုကံကို သည်းခံတော်မူပါဟု ကရုဏာပွားတိုးအောင်ရှိုး၍လျှောက်ရာတွင် ရှင်သာရိပုတ္တရာလည်း ဒါယိကာမကြီး ၏လက်သို့ သပိတ်တော်အပ်နှံ၍ သည်းခံတော်မူလေ၏။

ထိုကာလ၌ ဒကာမိန်းမအိုသည် တစ်ကိုယ်လုံး ကြမ်းတမ်းပီတိဟုန် လွှမ်းမိုးသဖြင့် ဝါဂွမ်း ဆီထိ ပီတိဝှန်လှိုက် ဘဝဂ်သို့ ဆိုက်မတတ် နှစ်ခြိုက်ဝမ်းမြောက်လေသတည်း။ ထိုအခါ လက်ယာရံ အရှင်ကို ပင့်ခေါ်ဆောင်ယူ၍ အိမ်သို့ရောက်လျှင် သင့်တင့်သောနေရာ၌ ကိန်းဝပ်သပ္ပာယ်စေ၍ မိမိစီရင်ချက်ပြုတ်သော ယာဂုဆွမ်းဘောဇဉ်တို့ကို ရှင်သာရိပုတ္တရာလက်၌ ရေစက်သွန်းချလှူဒါန်း ၏။ ရှင်သာရိပုတ္တရာလည်း ကရုဏာရှေးရှုခံတော်မူလေသတည်း။

ထိုအကြောင်း ကောသလမင်းကြီးနှင့်တကွ ပြည်သူတို့ကြားလျှင် အဘွားအိုမှ ပုဂ္ဂိုလ်မြတ် အကျော်ကို ရတော်ပေစွတကား။ သက်ကျားအိုကြိုးပမ်းသည့် ဆွမ်းဘောဇဉ်ခဲဖွယ်သည် တင့်တယ်ပုံ မပေါ်။ မထေရ်ကျော်ဘုဉ်းပေး၍ လေးမြတ်ပုံမရဟု ကောသလမင်းကြီးက အပြီးတိုင် တိုင်းထွာ၍ အသပြာတစ်ထောင်သုံးဆောင်ရန် အများဝတ်အစား စုံအလင်နှင့် ဆွမ်းပြင်၍ ပို့လွှတ်စေ၏။ ထို့ အတူ မှူးကြီးမတ်ရာသေနာပတိ၊ မဟာအနာထပိဏ်၊ စူဠအနာထပိဏ်၊ ဝိသာခါအစရှိသော မှူးမတ်၊ သူဌေးသူကြွယ်တို့ကလည်း သဒ္ဓါတရားနှင့်ပြည့်စုံသော ပြည်သူပြည်သားအပေါင်းတို့ကလည်း အသီးသီး အသပြာနှစ်ရာတန် သုံးရာတန်ဝတ်ရန် သုံးရန်နှင့်တကွ ပို့သရောက်လာကြကုန်၏။ ငါတို့အရှင်သခင် ဘုရားကို ငါတို့အား ပေးပါ။ အမယ်အိုသည် ရွှေကိုလိုလည်း ကိုယ်နှင့်ဆယ်လေး ရွှေစက်၍ပေးပါ မည်။ ပတ္တမြား၊ စိန်၊ ဣန္ဒနီလာ အဖြာဖြာတွင် ကြိုက်ရာကိုရွေး လိုသမျှပေးမည်ဟု စိတ်သွေးစကားနှင့် လည်း မှာကြားလိုက်ကြကုန်၏။ မယ်သက်ကျားကလည်း ကြွားကြွားရွှင်ရွှင်စိတ်ကြီးဝင်၍ ရွှေစင် ကျောက်မြတ် နဝရတ်သော မရတ်သော ပေါ်များသူ မင်းသူဌေး စက္ကဝါတင်းတောင်းနှင့် ခပ်လောင်း ၍ ပေးသော်လည်း ကျေးဇူးတော်သခင် ငါ့အရှင်ကို ကိုယ်ပင်တို့သို့ ဘယ်အတွက်ပို့စိမ့်မည်။ အဘွားအို

DBF BOOK Copyright Protected

ဇာတာ ရှစ်ဆယ်ကျော်ခါမှ ကံပေါ်၍လာမင့်ကို၊ ပဇာနုန့်နဲ့ ဘယ်သူ့ကိုငဲ့ရမည်၊ မငဲ့ပါဘူး၊ အနာထပိဏ်သော၊ မောင်ပိဏ်သော၊ ဝိသာခါသော မယ်ခါသော၊ နောဇာနာမိ တို့မသိဘူး၊ ခနိခနဲ မြပုလဲစင်ကျောက်မျက်ရှင်တော်သည် ငါ့သခင်စက်တော်အောက်က မြူလောက်မှကြေးမထိုက်၊ တို့မကြိုက်တို့မလို၊ ငါ့သခင်ဘုန်းမိုကို ကြည်ညိုစွာငါလုပ်ကျွေးမည်၊ မပေးဘူးမယောင်နှင့်ဟု ရန်ထောင်၍လွှတ်ခဲ့သေး၏။ မထေရ်မြတ်ဘုရားလည်း သူတစ်ပါးလှူကပ်သော အရပ်ရပ်ဆွမ်းကျွေးကို ဘုဉ်းပေးတော်မမူ၊ လူအိုဒကာမ ဥဿဟအားထုတ်၍ ချက်ပြုတ်သောဆွမ်းယာဂုကိုသာ ကရုဏာပဓာနဖြင့် မျှတဘုဉ်းပေးတော်မူပြီး၍ အနုမောဒနာတရားဟောကြားတော်မူရာတွင် ဒါယိကာမကြီးသည် သောတာပတ္တိဖိုလ်တည်လေ၏၊ မင်း၊ မှူးမတ်၊ သူဌေးတို့ပေးကြသော ပဏ္ဏာရတနာ ရွှေ ငွေ ဆန်ရေစပါးကျွဲနွား မြင်း ဆင် အရပ်ရပ်စုံလင်၍ ကြွယ်ပင်နေ့ချင်းပေါက်လေ၏။

ဤသို့လျှင် သာဝတ္ထိပြည်သူ ခေါင်းဖြူသက်ကြီး သေခါနီးဒကာမသည် ဒါနကောင်းမှုကို ပြုမိသည့်အတွက်ကြောင့် ပစ္စက္ခမျက်မှောက်၌ ဝမ်းမြောက်ကြောင်းစည်းစိမ်နှင့် ကြုံရလေသည်၊ တစ်ဖန်သောတပန်အနွယ်ဖြင့် အပါယ်မှ ကင်းလွတ်၍ ဝိပဋ္ဋရွှေဘုံ၌အာရုံမွေ့လျော် ပျော်ရသည်တစ်ချက်အကျိုးဆက်နှစ်ဌာန မွန်မြတ်လှသောကြောင့် သူအိုမအရေးကို နည်းပေးကောင်း ဆရာဟု ဥပမာပုံထား၍ ဆယ်ပါးသောသုစရိုက်ကို နှစ်ခြိုက်ညွတ်နူး ဆည်းပူးအားထုတ်ကြရမည်။

စလေဦးပုည

## လေ့ကျင့်ခန်း

၁။ "သူအိုမကြီး"ဝတ္ထုတို၏ ဇာတ်လမ်းအကျဉ်းကို သင့်စကားဖြင့် စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြန်လည် ရေးသားတင်ပြပါ။

၂။ စရိုက်ဟူသည်မှာ အဘယ်နည်း၊ သူအိုမကြီး၏ စရိုက်သဘာဝကို ပေါ်လွင်အောင် သရုပ်ဖော် ရေးသားပါ။

၃။ အားပြိုင်မှုဟူသည်အဘယ်နည်း။ အားပြိုင်မှုအမျိုးအစားများကိုဖော်ပြ၍ "သူအိုမကြီး" ဝတ္ထုတိုမှ တွေ့ရသော အားပြိုင်မှုများကို ဆွေးနွေးတင်ပြပါ။

၄။ "သူအိုမကြီး"ဝတ္ထုတိုမှ ဦးပုည၏ အာဝဇ္ဇန်းရွှင်ပုံကို ထုတ်နုတ်တင်ပြပါ။

၅။ "သူအိုမကြီး"ဝတ္ထုတိုမှ အထွေထွေသရုပ်ဖော်အဖွဲ့များကို တင်ပြပါ။

DBEBOX - Copyright Protected

## အခမဲ့ကူလီထမ်းခြင်း၏အကျိုး

လွန်ခဲ့သော ခြောက်နှစ်ခန့်က ကျွန်ုပ်သည် မြို့ငယ်တစ်ခုသို့ အမျိုးသားကျောင်းစစ်ရန် သွားရ၏။ ၎င်းမြို့သို့ မီးရထားဆိုက်လျှင် ကျွန်ုပ်၏သူငယ်ချင်း သပိတ်မှောက် ကျောင်းသားဟောင်း ဆရာကြီးသည်လာ၍ ကြိုနေသည်ကိုတွေ့ရ၏။ ဘူတာအနီးတွင်ကပ်၍ ကျွန်ုပ်၏ရင်းနှီးသော မိတ်ဆွေ တစ်ယောက်နေသည်ကို ခဏမျှတွေ့လိုသည်နှင့် သူငယ်ချင်း ဆရာကြီးအား ကျွန်ုပ်၏ပစ္စည်းများ နှင့် သွားနှင့်ရန် ပြောဆိုလွှတ်လိုက်၏။ အဆိုပါ ဘူတာအနီးရှိ မိတ်ဆွေနှင့် စကားစမြည်ပြော၍ အတန်ကြာပြီးနောက် ဆရာကြီးအိမ်သို့ သွားတော့မည်ဟု ဘူတာအနီးကပင် ဖြတ်၍လာခဲ့ရာ ဘူတာရုံ အတွင်း၌ သပ်ရပ်စွာဝတ်ဆင်၍ သနားကမား သူငယ်ကျောင်းသားအရွယ်တစ်ယောက်ကို တွေ့မြင် ရ၏။ ၎င်းမှာ တစ်ယောက်တည်းလိုပင် ကျန်ရစ်ခဲ့ရာ မျက်နှာမကြည်မသာ တစ်စုံတစ်ယောက်ကို သို့မဟုတ် တစ်စုံတစ်ရာကို မကျေမချမ်း စိတ်လက်ဆိုးနေဟန်ရှိ၍ တဖျစ်တောက်တောက်နှင့် ဟိုလျှောက်သည်လျှောက် ပြုနေသည်ကို တွေ့ရ၏။ ကျွန်ုပ်သည်လည်း မနေတတ်သည်နှင့်-

"မောင်. . . ဘာဖြစ်လို့လဲ"

"ဟာ. . . မပြောပါနဲ့ဗျာ၊ ကောလိပ်ကျောင်းပိတ်လို့ ပြန်လာတယ်၊ အိမ်ကို စာရေးထားတာ ဘယ်သူမှလဲ လာမကြိုကြဘူး၊ အခု ဒီမှာ ခွကျနေတာပေါ့"

"နေပါအုံး မောင်ရဲ့၊ ဘယ်သူမှ လာမကြိုလဲ ဘာအပန်းကြီးသလဲ၊ အိမ်က ဘယ်လောက် ဝေးလို့လဲ"

"အိမ်က မဝေးပါဘူး၊ ဟိုဈေးနားတွင်ပဲ"

"အဲဒါဖြင့်လဲ မောင်ရယ်၊ ကိုယ့်ဟာကိုယ် သွားလိုက်ကရောပေါ့၊ လူလာမကြိုကော၊ ကိုယ့် အိမ်ကိုယ်ပြန်တာပဲ"

"ဟာ. . . ခင်ဗျားကြီး၊ တယ်ခွကျတာကိုး။ (ကျွန်ုပ်ကိုပါရော၍ စိတ်ဆိုးသွားဟန်တူသည်) အိမ်နီးပေမဲ့ စီးသွားစရာ လာနေကျ မြင်းလှည်းကလေး တစ်စီးဟာလဲ မရလိုက်ဘူး၊ ပြီးတော့ ဒီမှာ သားရေအိတ်တစ်လုံးနဲ့၊ ကူလီတွေလဲ မရှိတော့ဘူး၊ ဘယ့်နှယ်လုပ်မလဲဗျ"

ကူလီ လိုသည်ဆိုသော သားရေအိတ်ကို ကြည့်လိုက်ရာ အရှည် တစ်တောင်တစ်မိုက်ခန့်၊ အနံ တောင်ဆုပ်လောက်မျှသာရှိသော သားရေအိတ် ဖြစ်နေ၏။

ထိုအခါ ကျွန်ုပ်ကပင်-

"ကဲ. . . မောင်၊ ဒီသားရေအိတ်အတွက်ဖြင့် ဝန်လေးမနေပါနဲ့၊ ကျုပ်ပဲ ဆွဲခဲ့ပါ့မယ်၊ ကဲ. . . သွားသာ သွားပါတော့"

DBEBOX - Copyright Protected

ထိုအခါမှ သူငယ်သည် အတန်မျက်နှာကြည်လာပြီးလျှင်

“အဲဗျာ၊ သွားရင်းလာရင်း ဆွဲခဲ့ပါတော့၊ ကျွန်တော် ကူလီခပေးပါ့မယ်”

ဟု ဆိုလေ၏။ ကျွန်ုပ်သည် ကူလီခအကြောင်းကို တစ်စုံတစ်ရာ ပြန်မပြောဘဲ သားရေအိတ်ကိုသာ ကောက်ယူ၍ သက်သက်သာသာပင်ဆွဲကာ ထိုသူငယ်နှင့် မြို့တွင်းဘက်သို့ လျှောက်လာခဲ့ကြ၏။ စာဖတ်သူအား ပြောရန်ကျန်သေးသည်။ ကျွန်ုပ်သည် ခရီးသွားသည့်အခါ အေးအေးချမ်းချမ်း သွားတတ်သည်နှင့် ထိုအခါက ပိုးကြားပေါက် လုံချည်အနွမ်းကိုဝတ်၍ ပင်နီရှပ်အင်္ကျီ တစ်ပတ်နွမ်းကို လက်ပင့်လက်လိပ်၍ မျက်နှာသုတ်ပဝါကို ခေါင်းတွင် ထူထူပတ်ကာ ဝတ်ဆင်လျက်ရှိ၏။ ဖိနပ်မှာလည်း ပိန်းတန်းဖိနပ်မျှသာဖြစ်၏။ သို့ကြောင့်လည်း ထိုသူငယ်သည် ကျွန်ုပ်အား “ကူလီ” ငှားရန် အားမနာခြင်း ဖြစ်ဟန်တူသည်။

နှစ်ယောက်သား လာခဲ့ကြရာ ကျွန်ုပ်ကစ၍-

“မောင်. . . ကောလိပ်ကျောင်းမှာနေတာ ဘယ်အတန်းရောက်ပြီလဲ”

“အင်္ဂလိပ်လို ဆီနီယာ-အိုင်အက်စ်စီ (Sr.ISc)ခေါ်တယ်၊ မြန်မာလိုတော့ ဟိုဒင်း . . . အဲ . . . ၁၂ တန်း ဆိုပါတော့ဗျာ”

“ဟင်. . . ရောက်လှပါပကော၊ နို့ နေပါအုံး မောင်ရဲ့၊ အဲဒီ ၁၂ တန်းရောက်တော့ ဘာတွေ သင်ရသလဲကွဲ့”

“အများကြီးပါဗျာ၊ အထူးကတော့ အက်ဒ်ဘန်းစ်ဒ်-အင်္ဂလိပ်ရှ် (Advanced English) ဆိုတာ သင်ရတယ်ဗျ”

“မောင့်ဟာက အင်္ဂလိပ်လိုကိုး၊ ဗမာလိုလဲ ပြောအုံးမှပေါ့”

“ဗမာလို မလွယ်ဘူးဗျ၊ နေအုံး နေအုံး၊ ဟိုဒင်း. . . အဲ၊ ရှေ့ရောက်သော အဲ. . . ပိုမို၍ဖြစ်သောဟာ. . . ဒါလဲ မဟုတ်သေးပါဘူးလေ၊ ဟိုဒင်း လွယ်လွယ်ဆို ကြပါစို့ဗျာ၊ သိပ်ခက်တဲ့ အင်္ဂလိပ်စာ ဆိုပါတော့”

“အင်း. . . အင်း၊ ကောင်းရဲ့၊ နို့ မြန်မာစာများကော မသင်ရဘူးလားကွဲ့”

“ဘားမီး(ဆ်)လား၊ ခင်ဗျာ့ မြန်မာစာ ဘာခက်လို့လဲဗျ၊ ကျွန်တော်တို့ ကောလိပ်မှာ အရေးတကြီး မသင်ပါဘူး၊ စာမကြည့်ဘဲနဲ့ ပ(စ်) (pass) နိုင်ပါတယ်ဗျာ၊ အလကား အသုံးလဲ မကျလှပါဘူး”

“ဒါဖြင့် သည့်ပြင်ကော ဘာများ သင်ရသေးသလဲ”

DREBOX - Copyright Protected

"သည့်ပြင် တစ်ခုက ခယ်မစ်စတြီ (chemistry)ဆိုတာ သင်ရတယ်၊ အဲဒါက မြန်မာလို ရှိမယ်မထင်ပါဘူး၊ ဟိုဒင်းဆိုပါတော့ဗျာ၊ ဓာတ်ခွဲပညာ ဆိုပါတော့၊ ဘယ်အရာတစ်ခုဟာ ဘယ်ဓာတ် ဘယ်ဓာတ်များ ပေါင်းစပ်ပြီးဖြစ်နေတယ်ဆိုတာတွေလဲ ပါတယ်ဗျ။ ဥပမာဗျာ ရေဆိုတဲ့ဓာတ်ဟာ ဘယ်ဓာတ် ဘယ်ဓာတ်များ ပေါင်းစပ်လို့ ဖြစ်တယ်ဆိုတာ သိရတယ်ဗျ"

"အို. . . တယ်နေရာကျပါကလား၊ ပြောစမ်းပါအုံး မောင်ရယ်၊ ရေထဲမှာ ဘာတွေ ဘာတွေ ပါသတဲ့လဲ"

"ရေဆိုတာ အိတ်ချ်-တူးအို ($H_2O$)ဆိုတဲ့ဓာတ်တွေကို ပေါင်းစပ်ထားတာဗျ"

"မောင့်(အိတ်ချ်-တူးအို)ကို မြန်မာလိုပြောအုံးမှပေါ့ကွဲ့"

"ဟာ. . . ဘယ်မှာ အကုန်လုံးကို ခင်ဗျားမြန်မာစကားတွေနဲ့ ပြောနိုင်မလဲဗျ၊ ခင်ဗျား မြန်မာစကားကလဲ အင်မတန်ဆင်းရဲတယ်၊ ဒီလို အထက်တန်းစကားကြီးတွေကို ဘာသာပြန်ဖို့ရှိမယ် မဟုတ်ဘူးဗျ၊ ဒီတော့ အကြမ်းပဲမှတ်ထား၊ အိတ်ချ်က နှစ်ဆ၊ အိုက တစ်ဆ၊ အဲဒါနှစ်ခုရောရင် ရေဖြစ်တာပဲ"

"အဲလေ. . . ဆိုပါတော့၊ ဒီတော့ 'အိတ်ချ်'က ဘာ၊ 'အို'က ဘာဆိုတာလဲ ပြောအုံးမှပေါ့"

"ဟာ. . . ခင်ဗျား တယ်အမေးအမြန်းထူတဲ့လူကြီးပဲ၊ ဒါတွေဟာ ဓာတ်သဘောတွေဗျ၊ ခင်ဗျားတို့ကိုပြောလို့လဲ နားလည်မှာမဟုတ်ဘူး၊ အဲဒီတော့ အဲဒီ အင်္ဂလိပ်စာလုံးနှစ်လုံးပေါင်းရင် ရေဖြစ်တယ်ဆိုတာသာ မှတ်ထားပါဗျ"

"နေပါအုံး မောင်ရဲ့၊ မောင့်အင်္ဂလိပ်စာလုံးတွေ မပေါ်ခင်က ရေရှိနှင့်တယ် မဟုတ်လား၊ မောင့်အင်္ဂလိပ်စာလုံး နှစ်လုံးရှိမှပဲ ရေဖြစ်ရတော့မလား"

"ဩော်. . . တယ်ခက်ပါလား၊ ဒါက သင်္ကေတအမှတ်အသားဗျ၊ အဲဒီ စာနှစ်လုံးရဲ့ အရှည် အဓိပ္ပာယ်ရှိသေးတယ်၊ သိရဲ့လား။ အဲဒီအဓိပ္ပာယ်အရှည်ကို ကျွန်တော့် နုတ်ဘုတ် (note book) ထဲမှာ မှတ်ထားတယ်၊ အခု ပါးစပ်ထဲမှာတော့ မရဘူး၊ ပြီးတော့လဲဗျာ၊ ကျွန်တော်တို့ဆရာက အဓိပ္ပာယ်ပြောတာ မရှင်းပါဘူး၊ ကျွန်တော်တို့ နားလည်အောင် မပြောတတ်ဘူးဗျ၊ ဒီဆရာတွေဟာ အလကားပါဗျာ"

ဟု ဆရာကို လွှဲချပြီး သူ့ဇာတ်ကိုသူ မြန်မြန်သိမ်းလိုက်လေသတည်း။

"နို့၊ မောင်တို့ကောလိပ်မှာ စားရပုံက ဘယ်လိုလဲကွဲ့"

"မှတ်ထား ဆရာကြီး၊ ကောလိပ်ဆိုတာကို ရောက်ဖူးမှ လူဖြစ်ရကျိုးနပ်တာ၊ အနေအစား အကုန်လုံး အထက်တန်းအညွန့်စားချည်းပဲ မှတ်ထား။ တစ်ခါတည်း နယူးလိုက်ဖ် (new life) ကို ရောက်သွားတာပဲ သိရဲ့လား"

"အဲ. . . အဲ၊ ဘာတဲ့၊ နရူး(နွားရူး)အလိုက်ခံရသလား၊ ဟိုရောက်ရင်"

“အောင်မယ်၊ ဗျို့ ဆရာကြီး၊ ဒါ သရော်စရာမဟုတ်ပါဘူး၊ ခင်ဗျားကြီးတို့ဟာ ပညာလဲ မတတ်၊ ယဉ်ကျေးတဲ့ အင်္ဂလိပ်စကားတွေလဲ နားမလည်၊ ဒါကြောင့် ခင်ဗျားတို့ဗမာတွေ ခွကျ နေတာ သိရဲ့လား၊ နယူးလိုက်ဖ်ဆိုတာ အင်္ဂလိပ်စကားဗျ၊ အသစ်အသက်၊ အနေအစား အသစ်တစ်မျိုး ဆိုလိုတယ်၊ ကြည့်လေ၊ နေရတာက ကျွန်တော်တောမြို့ကလေးမှာ ဆယ်တန်းမှာ နေရတုန်းက သူဆင်းရဲသား၊ ကုန်သည်သား၊ သူကြီးသားဆိုသလို သာမညလူတွေနဲ့သာ တွေ့ရတာကလားဗျ၊ ဟို ကောလိပ်ကျတော့ အနည်းဆုံး မြို့အုပ်သား၊ ဝန်ထောက်သား၊ အရေးပိုင်သား၊ မင်းကြီးသားဆို သလို အထက်တန်းစားတွေချည်းကလားဗျ၊ အဲလေ. . . ဆင်းရဲသားရဲ့သားသမီးလဲ နည်းနည်း ပါးပါးတော့ ရှိတာပေါ့၊ ဘာဖြစ်ဖြစ် ကျွန်တော်တော့ အထက်တန်းစားနဲ့မှ ရွှေပေါင်းတာပဲ၊ ကုန်ကုန် ပြောမယ်ဗျာ၊ ဖိနပ်တောင်ကြည့်ပါလား၊ ကျွန်တော် တောမြို့ကလေးမှာ နေတုန်းက ၁၀ ကျပ်တန်၊ ၁၅ ကျပ်တန်အထက် ပိုမစီးရဘူး၊ ခုတော့ ဟော. . . ၂၀ ကျပ်တန်အောက် မစီးရဘူးဗျ”

“နေပါအုံး၊ ၂၀ ကျပ်တန်အောက်မစီးရတာကမောင်တို့ကောလိပ်မှာဥပဒေလုပ်ထားလို့လား”

“ဘယ်က ဥပဒေလုပ်ထားရမှာလဲဗျ၊ ခင်ဗျားကြီးလဲ တော်တော်အတာပဲ၊ ဟိုမှာ အထက်တန်းစား တွေနဲ့ ပေါင်းရတာဗျ၊ ခင်ဗျား ၁၀ ကျပ်တန် အစုတ်တွေနဲ့ မဖြစ်ဘူးဗျ၊ လူထဲ မတိုးဘူးဗျ၊ သိရဲ့လား။ အခုကျွန်တော် စီးထားတဲ့ ၂၀ ကျပ် ၂၅ ကျပ်တန်တောင်မှ လူထဲဝင်နိုင်ရုံရှိသေးတယ်၊ သိရဲ့လား။ ၃၀ ကျပ်တန် ၄၀ ကျပ်တန် စီးနိုင်မှ ဖိနပ်ကို လူဝိုင်းကြည့်တာဗျ”

“ဟင်. . . မောင်တို့ကောလိပ်က လူအဖိုးတန်တာ အရေးမကြီးဘူး၊ ဖိနပ်အဖိုးတန်တာ အရေး ကြီးသလို နေပါကလား”

“တယ်. . . ခင်ဗျားကြီး အင်မတန် နုံသေးတာကိုး၊ တော်ပါဗျာ၊ ကောလိပ်ဆိုတာ ကြွားဖို့ဗျ၊ ကြွားဖို့၊ လူပေါ် လူလုပ်ဖို့ သိရဲ့လား၊ အစစအရာရာ အထက်တန်းချည်းပဲ သွားရ၊ စားရ၊ နေရတယ်။ ကြည့်ပါလား၊ ကျွန်တော်ဟာ ကောလိပ်ကို အသွားအပြန် စက်ကင်းကလပ်စ်ဆိုတဲ့ ဗိုလ်စီးတွဲမှ စီးတယ်၊ ခင်ဗျားတို့စီးတဲ့ တတိယတန်းဆိုတဲ့ ဆင်းရဲသားတွဲကို ဘယ်တော့မှ မစီးဘူး၊ အဲဒီစက်ကင်း ကလပ်စ်ဆိုတာ ခင်ဗျားတို့ ဆင်းရဲသားတွေလို သစ်သားခုံနဲ့ ညစ်ပတ်ပြီး ကြမ်းပိုးကိုက်တာ မဟုတ်ဘူး၊ သိရဲ့လား၊ ဆိုဖာဆိုတဲ့ မွေ့ရာတစ်မျိုးကို ခင်းထားတယ်၊ အောက်ကစပရိန်ထည့်ထားတယ်၊ ပြီးတော့ ခါတ်မီးတွေ၊ ပန်ကာတွေ၊ မှန်တွေ၊ ရေတွေ စုံလို့ပါပဲဗျာ၊ တစ်ခါလောက် ခင်ဗျားတို့ကို စီးစေချင်တယ်၊ တစ်ခါတည်း လျှာလည်သွားမှာပဲ၊ ပြီးတော့ အဲဒီ ဗိုလ်စီးတွဲအခက ခင်ဗျားတို့ ဆင်းရဲသားတွဲအခရဲ့ သုံးဆပေးရတယ်၊ သိရဲ့လား၊ အဲလေ . . တချို့ပိုက်ဆံဝါလားတွေဟာ ပိုက်ဆံပေါလို့ စီးပေတဲ့ ဗိုလ်စီးတွဲနဲ့ သူတို့နဲ့တခြားစီပါဗျာ။ ဟော. . ကျုပ်တို့လို အင်္ဂလိပ်စာတတ်တဲ့ ကောလိပ်ကျောင်းသား လဲ ဖြစ်ရမယ်၊ စတိုင်ကျကျ လှလှပပ ဝတ်ဆင်ရမယ်။ ကျွန်တော့် ဗိုလ်ဆံတောက်ကို ကြည့်စမ်း၊ လိမ်းထားတာ ဆီရိုးရိုးမဟုတ်ဘူး။ ဟို. . . ဘိလပ်တို့၊ အမေရိကန်တို့ကလာတဲ့ ဆီမွှေးတို့

VRLBOX - Copyright Protected

ကော့စမက်တစ်တို့ကိုသာလိမ်းတယ်။ ပြီးတော့ ပေါင်ဒါဆိုတဲ့ အမွှေးမှုန့်တို့၊ ကတ္တီပါရည်တို့ အဲဒါမျိုးတွေကို လိမ်းလို့၊ အဲဒီလို လှလှပပ ကျကျနနနဲ့မှ ဗိုလ်စီးတွဲနဲ့တော်တာဗျ၊ ခင်ဗျားတို့ တောသားကြီးတွေနဲ့တော့ အလကားပါဗျာ၊ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာဆိုသလို မနေဘူးလား"

"မောင်ရယ်၊ မောင့် ဗိုလ်စီးတွဲ မစီးရချင်နေပါစေတော့၊ ယောကျ်ားဖြစ်လျက်သားနဲ့ သနပ်ခါးမျက်နှာချေတွေတော့ မလိမ်းမဆင်ဝံ့ဘူးမောင်ရဲ့"

"အလို. . . ခင်ဗျားကြီး အတော်လာပါကလား၊ ဒါလောက် ပြောနေတာတောင် သဘောမပေါက်သေးဘဲကိုး၊ ခင်ဗျားတို့ဗမာတွေ မကြီးပွားတာ အဲဒီလို ခေတ်မမီ ခေတ်မဆန်တာတွေကြောင့်ပဲ၊ နားလည်ရဲ့လား"

ကျွန်ုပ်သည်လဲ ပြုံးရယ်၍သာ နေလိုက်၏၊ ထိုသို့နှစ်ယောက်သားလာခဲ့ရာ အိမ်အနီးသို့ရောက်လာလေ၏၊ အိမ်ဝသို့ဝင်လျှင် ၎င်းသူငယ်၏အမိ၊ အစ်မ၊ နှမများနှင့်တူသော မိန်းမတစ်စုက စုဝိုင်း၍

"ဟော. . ငါ့သားကလေး ပြန်လာပြီ၊ ဟော. . . မောင်သောင်း ပြန်လာပြီ၊ ဟော. . . ကိုကို ပြန်လာပြီ၊ အမေလဲ အခုပဲ မင့်ဆီကစာကိုရတယ်၊ ရရချင်း အဝတ်အစားလဲပြီး အခု ဘူတာဆင်းမလို့ပဲ၊ မင်းစာက နောက်ကျနေတာကိုးကွဲ့"

မောင်သောင်းမှာ များစွာစိတ်ဆိုးသော မျက်နှာဖြင့်

"ဟာဗျာ. . . ဒဲမစ် (damn it) ခင်ဗျားကြီးတို့ ဒီလိုချည်းပဲ၊ စာကို ကပျာကယာ ပေးရတာဗျ၊ ရရချင်း ဆင်းလာပြီးရောပေါ့၊ ကတဲ. . . လှချင်လိုက်ကြတာ၊ တယ်"

ထိုအခါ အစ်မကြီးဖြစ်ပုံရသူက

"မဟုတ်ဘူးကွဲ့ မောင်သောင်းရဲ့၊ မင်းပဲ လိုတယ်၊ သံကြိုးရိုက်လိုက်ပါလား၊ ကတဲ. . . ပိုက်ဆံကလေး သုံးမတ်တစ်ကျပ်ကို ဂရုစိုက်လို့"

"မဟုတ်ဘူး မမရဲ့၊ တနင်္ဂနွေနေ့ကျနေလို့ အားဂျင်းဖီးစ် နှစ်ဆပေးနေရမယ် သိရဲ့လား၊ ပြီးတော့ ပိုက်ဆံလဲ မပိုဘူး၊ ဟိုဒင်းရွေးရ၊ ဒီဒင်း ရွေးရနဲ့"

နှမငယ်က ဝင်တဲ့၍

"အဟုတ်သားပဲ၊ ကိုကို့မှာ ဘယ်တော့မှပိုက်ဆံ ပိုပိုမိုမို မသုံးရဘူး၊ ပိုက်ဆံမှာလိုက်ရင် ဟော ဟိုဖေဖေက ဝင်ဝင်ပြီး များတယ် ဘာတယ်နဲ့၊ ကိုင်း ခုတော့ ဘယ့်နှယ်နေသေးသလဲ၊ ကိုကို ခြေကျင်လျှောက်လာရတော့ ကောင်းသေးရဲ့လား"

ဟု ဝမ်းနည်းပက်လက်နှင့် ငိုမဲ့မဲ့ပြောလေသည်။ ခေါင်းရင်းခန်းတွင်ကုပ်၍ ထိုင်နေရှာသော အဘိုးကြီးက ၎င်းသားအမိတစ်စုကို ကြည့်၍မဲ့လိုက်သည်ကို ကျွန်ုပ်မြင်လိုက်ရသဖြင့် ၎င်းသားအတွက် အိမ်တွင်

ရှေးရိုးအဘိုးကြီးက တစ်ဖက်၊ ခေတ်ဆန်သော သားအမိတို့က တစ်ဖက် ဖြစ်နေကြသည်ကို ကျွန်ုပ် ရိပ်မိလိုက်လေ၏။ ကျွန်ုပ်မှာလဲ ခေါင်းက မျက်နှာသုတ်ပဝါကို ခပ်အုပ်အုပ်ပတ်ကာ သားရေအိတ်ကို အိမ်ပေါ်တွင်ချ၍ အမှတ်မဲ့ထွက်သွားမည်ဟု လှည့်လိုက်ရာ အမယ်ကြီးကမြင်၍

"ဟဲ့. . . ကူလီခ ပေးကြအုံးလေ"

ဟု ဆိုမှ မောင်သောင်းသည် ပိုက်ဆံနှိုက်ကာ

"အို. . . ဟုတ်ပါရဲ့၊ ဟောဒီ ဆရာကြီးရှိလို့၊ နို့မဟုတ်ရင် အခက်ပဲ"

ဆိုပြီး ပိုက်ဆံတစ်မူး ကျွန်ုပ်အား ပေးလေသည်။ ကျွန်ုပ်က

"အို. . . နေပါစေ၊ ကျုပ်လဲ ခရီးကြုံတာနဲ့ ကူဆွဲလာတာပါ၊ နေပါစေ"

ဆိုပြီး ထွက်ခဲ့၏၊ ထိုအခါ အစ်မကြီး ဆိုသူက

"အို. . . ဒီမှာဦးကြီးရဲ့" (ထိုအခါ ကျွန်ုပ်က ပြုံး၍ ပြန်လှည့်ကြည့်လိုက်ရာ) ဟာ. . . ဟုတ်ပေါင် မောင်ကြီးရဲ့၊ ဟာ. . . ဟုတ်ပေါင်၊ ဒီမှာ ကိုဟိုဒင်းရဲ့၊ ပိုက်ဆံယူသွားပါလေ"

ဟုဆိုကာ ပိုက်ဆံလိုက်၍ပေး၏၊ ကျွန်ုပ်ကား လွတ်အောင်သုတ်သုတ်ထွက်ခဲ့၏။ ထိုအခါ ညီမငယ်က ရယ်၍

"မမက လောလိုက်တာ၊ ဦးကြီးရဲ့တဲ့၊ လူကြည့်တော့ဖြင့် မမနဲ့ရွယ်တူလောက်ရှိတယ်။ ပြီးတော့ ကိုဟိုဒင်းတဲ့၊ ဟိုက ပြုံးသွားတာမြင်လိုက်ရဲ့လား"

ဆိုသည်တွင် အစ်မကြီးက

"ဘာလဲ၊ ကောင်မလေးက တော်တော်ရွှန်း၊ နင် တယ်ထတယ်"

ဟု ကြိမ်းမောင်းသံကိုသန့်သန့် ကြားလိုက်ရလေ၏။ ကျွန်ုပ်၏သူငယ်ချင်း ဆရာကြီးအိမ်သို့ရောက်၊ ညစာစား၊ နောက်နေ့ ကျောင်းစစ်ရ၏။ ၎င်းညနေတွင် ဆရာကြီးက ကျောင်းဥက္ကဋ္ဌအိမ်တွင် ထမင်းစား ဖိတ်ထားကြောင်း၊ အခြားကော်မတီ သုံးလေးယောက်ကိုလည်း ဖိတ်ထားကြောင်းပြောဆို၍ နှစ်ယောက်သား ရေမိုးချိုး အဝတ်အစားလဲကာ ထွက်ခဲ့ကြ၏။ ကျွန်ုပ်မှာ ယခုသော် ပိုးသားလုံချည် အင်္ကျီနှင့်တကွ ခေါင်းပေါင်းပေါင်း၍ အတန်သပ်သပ်ရပ်ရပ် ရှိသွားလေ၏။ ယခုအနေ မောင်သောင်း သာ မြင်ရပါလျှင် "ကူလီ"ငှားရန် အားနာဖွယ်ရှိ၏။ လာခဲ့ကြရာ မောင်သောင်းတို့အိမ်လမ်းသို့ ရောက်လေသဖြင့် ထိတ်ခနဲဖြစ်သွား၏။ စိတ်မလုံသည်နှင့်

"အခုသွားမှာ ဘယ်အိမ်ကိုလဲ"

ဟု ဆရာကြီးအားမေးရာ ခပ်လှမ်းလှမ်းရှိ မောင်သောင်းတို့အိမ်ကိုပင်ပြလေသတည်း။ ကျွန်ုပ်က

"ဟိုက်. . . ခွကျကုန်ပြီ"

ဟု လွှတ်ခနဲ ဆိုမိ၏။ ဆရာကြီးက ကြည့်၍

"ဟေ့လူ၊ ဘာဖြစ်တာလဲ မင်း. . . "

"ဟာ. . . ဘာမှမဖြစ်ပါဘူး၊ သွားသာ သွားပါကွယ်"

ဆို၍ ဘာဖြစ်ဖြစ်ဟု စိတ်တင်း၍လိုက်ခဲ့ရ၏။ အိမ်သို့ရောက်လျှင် လှမ်းကြည့်လိုက်ရာ မောင်သောင်းကို ရုတ်တရက် မြင်လိုက်ရ၏။ မောင်သောင်းသည် ကျွန်ုပ်ကို မှတ်မိပုံရ၏။ ရုတ်တရက် အခန်းတွင်းသို့ ခပ်သုတ်သုတ် ဝင်သွားလေ၏။ မောင်သောင်း၏ အမိ၊ အဖ၊ အစ်မ စသည်တို့ကား ကျွန်ုပ်ကို မှတ်မိပုံမရချေ။ ကျွန်ုပ် "ကုလီ"ဘဝနှင့် ရောက်စဉ်က အဝတ်အစား ညစ်ထက်ထက်နှင့် မျက်နှာကို မျက်နှာသုတ်ပဝါဖြင့် ခပ်အုပ်အုပ် ပတ်စည်းထားသောကြောင့်လည်းကောင်း၊ အိမ်သားအားလုံးတို့မှာ မောင်သောင်းကိုသာ ဝိုင်း၍ဂရုစိုက်ကြသောကြောင့်လည်းကောင်း ကျွန်ုပ်ကို မမှတ်မိခြင်း ဖြစ်ရ၏။ ကျွန်ုပ်သည်လည်း ကွက်ဖြွေမပျက်နေ၏။ မောင်သောင်းတို့အိမ်သားများက ပျူပျူငှာငှာ ဧည့်ခံကြလေ၏။ အတန်ကြာလျှင် အဘိုးကြီးက

"ဟဲ့. . . မောင်သောင်းတစ်ယောက်ကော၊ ဒီမှာ ပညာဝန်များ လာကြတယ်၊ စကားစမြည် ပြောရအောင်လာကွယ်"

ဟု အိမ်တွင်းဆီသို့ လှမ်း၍ခေါ်လိုက်၏။ ထိုအခါ သမီးအငယ်က

"ဖေဖေ၊ ကိုကိုရယ် ဟိုဦးလေးကြီးအိမ်ကိုတဲ့၊ အရေးကြီးလို့တဲ့၊ ခုပဲ ဆင်းသွားတယ်၊ တော်တော် ကြာမယ်လို့လဲ ပြောသွားတယ်ဖေဖေ"

ထိုအခါ အဘိုးကြီးမှာ ကျေနပ်ပုံမရချေ၊

"တယ်ခက်သကို၊ ဧည့်တွေ စောင်တွေရောက်မှ ထွက်သွားရသတဲ့လား (ကျွန်ုပ်ဘက်သို့ လှည့်၍) မောင်ရေ့ သားတစ်ယောက် ကောလိပ်ကျောင်းမှာထားရတယ်၊ သူတို့ကောလိပ်ဆိုတာက အင်မတန် . . " ထိုအခါ အမယ်ကြီးက အဓိပ္ပာယ်ပါသော မျက်နှာဖြင့် အဘိုးကြီးကို ကြည့်လိုက်ရာ " အဲ . . အဲ၊ သူတို့ကောလိပ်ဆိုတာက အင်မတန်ကြီးကျယ်ဆိုပဲ မောင်ရဲ့"

ဟု အစသတ်လိုက်လေ၏။ ကျွန်ုပ်ကား အဓိပ္ပာယ်ကို နားလည်လိုက်ပါ၏။ ကျွန်ုပ်တို့လည်း စားသောက် စကားစမြည်ပြောပြီး ပြန်ခဲ့ကြ၏၊ ၎င်းနောက် အခြားနှစ်မြို့သုံးမြို့တွင် ကျောင်းစစ်ပြီးနောက် ရန်ကုန်သို့ပြန်ခဲ့၏။

၎င်းနောက် ငါးလခြောက်လခန့်ကြာသောအခါ ကျွန်ုပ်သည် မောင်သောင်းကိုမေ့၍နေချေပြီ။ တစ်နေ့၌ ထူးထူးခြားခြား စာတစ်စောင်ရောက်လာ၏။ စာအိတ်မှာ စာရင်းစာအုပ်ဟောင်းတစ်

ခုမှ ဆုတ်ယူအပ်သော မျဉ်းကြောင်းနှင့် စာရွက်ကို အိမ်တွင် ကတ်ကြေးဖြင့် ကိုက်ညှပ်၍ ထမင်းလုံးကော်ဖြင့် ကပ်ထားသော အိမ်လုပ်စာအိတ်ဖြစ်၏။ အပေါ်ကလိပ်စာမှာ ရှေးလက်ရေးဘုန်းကြီးကျောင်းလက်ရေးရိုးကြီးဖြင့် သေသပ်လှပစွာ ရေးထား၏။ ထူးခြားလှ၏ဟု ဖောက်၍ကြည့်ရာ အောက်ပါစာကို တွေ့ရလေ၏။

“. . . မြို့နေ မောင်သောင်း၏ဖခင်က စာအားဖြင့် အကြောင်းကြားပါသည် မောင်ဖိုးကျား၊ စေတနာရိုးရိုးဖြင့် ပို့အပ်သော မေတ္တာကိုခံယူပါ။ မောင့်အကြောင်းကို မောင်သောင်းက ဖွင့်ပြော၍သိရပါပြီ။ ဟိုထမင်းကျွေးတဲ့နေ့က သူဦးလေးအိမ်ကိုသွားတယ်ဆိုတာ ရိုးရိုးမဟုတ်ဘူး၊ ပြေးတာ။ သူ့ကိုယ်သူရှက်၍ မောင်နဲ့ မျက်နှာမဆိုင်ဝံ့လို့ ပြေးခြင်းပါ။ မောင်နဲ့ တွေ့ရကြုံရကတည်းက အလွန်နောင်တရပြီး ယခု အလွန်ပြောင်းလဲသွားပါပြီ။ မောင့်ကြောင့် ကျုပ်သား အဖိုးတန်လာလေသဖြင့် မောင့်အား မည်မျှကျေးဇူးတင်သည်ကို မပြောတတ်သလောက် ရှိရပါသည်။

မောင်နှင့်မတွေ့မီက ကျုပ်သားဖြင့် ပစ်ရပြီ၊ ဒီသားကလေးတစ်ယောက်ကို ဘယ်လိုပြုပြင်ကယ်ဆယ်ရပါမည်လဲဟု တကြောင့်ကြကြနှင့် နေရပါသည်။ ယခု မောင်မင်းကြီးသားကယ်ပေလို့ ကျုပ်သား ကျွတ်ပါလေပြီ။ အဖြစ်ကို ပြောပါရစေအုံး။ ကျုပ်သား ပျက်တာဟာ သူ့အမေ၊ အစ်မ၊ ညီမတွေကြောင့်ပဲ။ ကြည့်ပါအုံး မောင်ရယ်၊ သားက ကောလိပ်ကနေပြီး ငွေမှာရင် ၃၀ ကျပ်မှာရင် အနည်းဆုံး ၄၀ ကျပ်လောက် ပို့ကြတယ်။ ကျုပ်က ပိုမပို့ဘဲ လျှော့ပို့ဖို့ပြောရင် သူ့အမေက ရှင်က ဘာသိလို့လဲတဲ့။ ဟိုမှာ လူထဲမှာ နေရတာ။ လူလိုနေရတာတဲ့ မောင်ရယ်၊ အဲဒီလိုမအေလုပ်တဲ့လူက စလိုက်ရင်ပဲ အစ်မတွေ၊ ညီမတွေက တစ်ခါတဲ ဝိုင်းဆူကြတာပဲ။ ကျုပ် ဘယ့်နှယ်နိုင်နိုင်မလဲ၊ သူတို့က ဝိုင်းဆူတော့ကျုပ်က ဘာလုပ်သလဲ သိလား၊ ကျုပ် ဘုန်းကြီးကျောင်းကို ထွက်သွားလိုက်တာပေါ့။ ကျုပ်မှာလဲ အားကိုးနဲ့ကလား မောင်ရဲ့။

တစ်ခါကလဲ ကြည့်ပါ့မောင်ရယ်၊ မောင်သောင်း ကောလိပ်ကပြန်လာလို့ ထမင်းဝိုင်းစားကြတော့ မောင်သောင်းက ဟင်းချို မချိုဘူးတဲ့၊ သူတို့ကောလိပ်မှာ ၁၂ မျိုး ဆိုလား၊ ၁၃ မျိုးဆိုလား၊ အဲဒီဟင်းချိုမှ ချိုသတဲ့၊ ဒီတော့ ကျုပ်က မောင်သောင်းရယ်၊ ဟင်းချိုဆိုတာဟာ ပူရင်ချိုတာပေါ့ကွဲ့လို့ ပြောမိတာနဲ့ သားကလဲစိတ်ဆိုးပြီးထသွားတယ်။ သူ့အမေကလဲကျုပ်ကို လက်ညှိုးကောက်ကောက်ထိုးလို့၊ ရှင့် ကိုအောင်ဘန်းရဲ့တဲ့၊ ရှင်တို့သာ ဟင်းရွက်ပြုတ်ရေကို ဆားခပ်ပြီး ခပ်ပူပူလုပ်သောက်ကြ၊ ကျုပ်သားကိုတော့ အတင်းမတိုက်ပါနဲ့ဆိုပြီး သူ့သားကလေးကို တရုတ်ခေါက်ဆွဲဆိုင် ခေါ်သွားပြီး အဲဟိုမျိုးစုံဟင်းချိုကို ဝယ်တိုက်သတဲ့။ ကျုပ်က ဟင်းချိုဟာ ပူရင်ချိုတာပဲဆိုတာ လွန်သလား မောင်ရယ်။ ဟုတ်ကော မဟုတ်ဘူးလား မောင်ရယ်။ ကျုပ်တို့ ခေတ်တုန်းကတော့ ဟုတ်တာပဲ။ အခု သူတို့ခေတ်တော့ မပြောတတ်ဘူး။

မောင့်တော့ ပြောရအုံးမယ်။ တစ်ခါကလဲ သူတို့ ဘောလုံးရိုက်ကစားတဲ့ လက်ရိုက်တစ်ခု တဲ့၊ ဝယ်လာတယ်။ ကျုပ်က မနေတတ်လို့ ဘယ်လောက်ပေးရသလဲလို့ မေးကြည့်တော့ ကြည့်ပါအုံး

DDL BOX - Copyright Protected

မောင်ရယ်၊ ၃၅ ကျပ်တဲ့။ ဘုရား. . . ဘုရား၊ ကစားစရာ လက်ရိုက်တစ်ခုကို ၃၅ ကျပ်တဲ့မောင်ရယ်။ ကြားဖူးပါစ။ ဒီတော့ ကျုပ်မလဲ အံ့အားသင့်ပြီး မောင်သောင်းရယ်၊ ငါ့သား ဒီလောက်မိုက်သလား ကွယ်၊ ၃၅ ကျပ်ဆိုတဲ့ ငွေဟာနည်းတာ မဟုတ်ပါကလား၊ ဟိုဒင်း. . . နွားမတစ်ကောင်ဖိုးလောက် ရှိနေပါပြီလားလို့ ပြောမိပါတယ် မောင်ရယ်၊ သူ့အစ်မက အခန်းထဲကကြားတော့ ထွက်လာပြီး ဖေဖေကလဲ ကိုယ်ဆန့်လက်ဆန့်လုပ်မှ ကျန်းမာတယ်တဲ့၊ ဒီတော့ ကစားစရာဆိုတာ ဝယ်ရတာပဲ ဖေဖေရဲ့တဲ့၊ ဒီတော့ ကျုပ်က အေးလကွယ်၊ ကိုယ်ဆန့်လက်ဆန့်ဖြစ်ဖို့ နင်တို့ ၃၅ ကျပ်တန် လက်ရိုက်မှ မဟုတ်ပါဘူးဟဲ့ မယ်ခရဲ့၊ ထုပ်ဆီးတိုးတမ်း ဖန်ခုန်တမ်း ကစားပါလားကွဲ့။ လမ်းလျှောက်ပါလားကွဲ့၊ ပြေးပါလားကွဲ့၊ အပုံပါ သမီးရယ်။ နင်တို့ ၃၅ ကျပ်တန်ရမှ မဟုတ်ပါဘူးလို့ ကျုပ်က ပြန်ပြောတယ်၊ ပြောနေရင်း သူ့အမေ ပေါက်လာပြီး ကိုအောင်ဘန်း ရှင်ဝင်ရှုပ်ပြန်ပလားတဲ့။ ရှင်သာ နွားမတစ်ကောင် ကို ၃၅ ကျပ်ပေးဝယ်ပြီး နို့ညှစ်ရောင်းစားပေတော့။ ကျုပ်သားကတော့ ကောလိပ်ကျောင်းသား အင်္ဂလိပ်စာတတ်မို့ ဝယ်ချင်တာဝယ်ပစေ။ ကုန်ကုန် ဘာဖြစ်သေးသလဲတဲ့။ အဲဒီတော့ ကျုပ်ကဘာ လုပ်လိုက်သလဲ သိရဲ့လား။ ကျုပ်က ဘုန်းကြီးကျောင်းကို ထွက်သွားလိုက်တာပေါ့။

ပြီးတော့လဲ သူ့သားဆီက စာရောက်မှဖြင့် သူ့ အမေမှာ အိမ်တကာ၊ ဈေးဆိုင်တကာ လိုက်ပြီး ပြောနေတာပဲ။ သူ့သား ဘယ်အတန်းရောက်ပြီ၊ တစ်လတစ်လ ငွေဘယ်လောက်ပို့ရတာ ကလားနဲ့၊ စုံပါရောမောင်ရယ်။ ထမင်းစားတောင် လိုက်ခေါ်ယူရတယ်။

ကျောင်းပိတ်လို့ ပြန်လာတဲ့အခါ အိမ်က အလုပ်ကလေးများ ခိုင်းလိုက်လျှင် ဟော. . သူ့အမေတွေ အစ်မတွေက ရှေ့က ကာဆီးကာဆီးနှင့် လာပါရော။ အင်္ဂလိပ်ကျောင်းသား ကောလိပ်ကျောင်းသားများဟာ လက်အလုပ်တွေ၊ အလုပ်ကြမ်းတွေ မလုပ်ရဘူးတဲ့၊ ခိုင်းစရာရှိလျှင် သူတို့ကိုသာ ခိုင်းပါတဲ့၊ ကျုပ်လဲပဲ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ဂြိုဟ်မှစ၍ မြန်မာစာ အတော်အတန် သင်ခဲ့ဖူးပါတယ်။ အင်္ဂလိပ်ကျောင်းသားများ လက်အလုပ် အလုပ်ကြမ်း မလုပ်ရဘူးဆိုတာ ဘယ်စာထဲမှာမှ မတွေ့ဖူးပါဘူး မောင်ရယ်။ လူရဲ့ဉာဏ်ရိုးရိုးနဲ့ စဉ်းစားကြည့်လျှင်လဲ မရပါဘူး မောင်ရယ်။

တစ်ခါတုန်းကလဲ မောင့်ကို ပြချင်တယ်၊ မောင်သောင်းကိုဘူတာရုံကို လိုက်ပို့ကြတယ်၊ လမ်းမှာ မိုးရွာထားလို့ ရွှံ့ဗွက်ကလေးနည်းနည်းရှိတာကို အမေနှင့်အစ်မက မောင်သောင်းကို ပွေ့ချီပြီးတော့ ကူးကြသတဲ့။ ကျုပ်ကြားတော့ ရှက်လိုက်တာ မောင်ရယ်၊ ကျုပ် ဘာလုပ်သလဲ သိလား။ ကျုပ်က ဘုန်းကြီးကျောင်း ထွက်သွားလိုက်တာပေါ့။

အဲဒီလို မောင်သောင်း ပျက်စီးနေတာ မောင်က ကူလီပုံစံနှင့်ဆုံးမခဲ့တဲ့နေ့ကစပြီး အတန် ပြောင်းလဲပါပြီ၊ အရင်က တစ်လ ၁၀၀ ကျပ်ပို့ရတယ်။ အခု ၅၀ ကျပ်သာ ပို့ရတယ်။ တစ်ခါတစ်ခါ

DBE BOX - Copyright Protected

သူ့အမေများ အစ်မများက ပိုမိုပို့လျှင်လဲ ငွေကိုမသုံးဘဲ အိမ်ကိုပြန်ယူခဲ့တယ်၊ ယူခဲ့တဲ့အပြင် သူ့အမေနှင့် အစ်မတို့ကို အပြစ်လဲတင်၊ တရားလဲဟော။ လား . . လား၊ သူတို့ ကောလိပ်ကျောင်းသားကပြောတော့ တုတ်တုတ်မလှုပ်ဘူး။ ငြိမ်နေကြတာပေါ့။ ကျုပ်က တစ်ထောင့်က ပြုံးပြုံးကြီးနားထောင်နေတာပေါ့။ အင်း . . သူတို့တော့ ငါ့ဝင့်လည်တာပဲလို့ ကြိတ်ပြီးဝမ်းသာလိုက်တာပေါ့ မောင်ရဲ့။

အိမ်မှာ လုပ်စရာကိုင်စရာရှိလျှင်လဲ အခိုင်းကို စောင့်မနေဘူး၊ သူ့ဟာသူ ကောက်လုပ်တာပဲ။ တံမြက်စည်းလှည်း ရေခပ်ကစပြီး အကုန်လုပ်တာပဲ။ ရထားတို့၊ သဘော်တို့မှာလဲ တတိယတန်းက ပိုမစီးဘူး၊ ဖိနပ်များလဲ ငါးကျပ်တန် ခြောက်ကျပ်တန်က ပိုမစီးဘူး၊ အများအားဖြင့်တော့ ခုံဖိနပ်တို့ ပိန်းတန်းတို့ကို စီးတာများပါတယ်။

ကျုပ်သည် ကျောင်းကန်ဇရပ်ဆောက်လုပ်ခြင်း၊ သီလ အမြဲစောင့်ရှောက်ခြင်း စသည်ဖြင့် ဒါန၊ သီလ၊ ဘာဝနာများစွာပြုကျင့်ပါသည်။ ပြုအပ်သော ကုသိုလ်ကောင်းမှု အလုံးစုံ၏အဖို့ကို ခံယူပါ။ ညအခါ မေတ္တာပို့လျှင် တရားကျမ်းဂန်အရ အဟံ အဝေရော ဟောမိ ဟု မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပို့ပြီးနောက် မောင်၏နာမည်ကိုတပ်၍ မေတ္တာပို့ပါသည်။ ပြီးမှ သားမယား၊ အိမ်သူအိမ်သားစသည်ဖြင့် အများအတွက်မေတ္တာပို့ပါသည်။ ကျွန်ုပ်၏ လေးနက်သောမေတ္တာ ရိုးရိုးကြီးကို ခံယူပါလေ၊ မောင်၏ကျေးဇူးကြီးလှပါ၏။"

သြော်. . . ကောင်းစွ၊ ကောင်းစွ၊ ချမ်းသာစွ၊ ချမ်းသာစွ၊ ငါသည်အမှတ်မထင် ပြုအပ်သော အမှုတစ်ခုသည် အလွန်တာသွားလေစွတကား ဟု နှစ်ခြိုက်စွာ မြည်ကျူးမိ၏။

ဤသို့ ကောင်းမှုတစ်ခု၏အရသာကို ခံစားနေ၍ လေးငါးရက်မြောက်သောတစ်နေ့နံနက်၌ ကျွန်ုပ်သည် အိမ်ပြတင်းပေါက်မှ ရပ်ကြည့်နေစဉ် ခပ်လှမ်းလှမ်းမှ သူငယ်တစ်ယောက်သည် ငှက်ပျောခိုင်တစ်ခိုင်ကို ထမ်းကာကျွန်ုပ်ထံသို့ လာသည်ကိုမြင်ရ၏။ အနီးသို့ရောက်သော် အခြားသူမဟုတ်၊ မောင်သောင်းပင် ဖြစ်နေလေ၏၊ ကျွန်ုပ်ကပင် ဆီး၍

"အလို . . မောင်သောင်းပါကလား၊ ဘယ့်နှယ်မောင်ရယ်၊ ငှက်ပျောခိုင်ကြီးကို တပင်တပန်းကြီး ထမ်းလာရသလဲ၊ လန်ချားနဲ့ဖြစ်ဖြစ်၊ ကူလီနဲ့ဖြစ်ဖြစ် လာရောပေါ့။"

"ကိစ္စမရှိပါဘူး ဦးရယ်၊ ကျွန်တော် အခု ကူလီကို တယ် မသုံးတော့ပါဘူး။"

ဟု ပြုံး၍ပြော၏။ ကျွန်ုပ်သည်လည်း ယခင်ကအကြောင်းကို သတိရသည်နှင့်

"အေး . . ဒါလဲ ဟုတ်ပါရဲ့၊ နို့ပေမဲ့ ကာလ ဌာန ကြည့်လုပ်ရပါတယ်။ ကိုယ်တိုင်ပြုအပ်တဲ့ အခါလဲရှိတယ်၊ ကူလီလိုတဲ့အခါလဲရှိတယ်၊ နေရာတကာတိုင်းကို မဆိုလိုပါဘူး၊ ခုနေရာမျိုးတော့ ကူလီငှားကောင်းပါတယ်ကွဲ့"

"ဦးကို ကျွန်တော် တောင်းပန်ရအောင်လာပါတယ်"

"မင်း တောင်းပန်စရာမလိုဘူး၊ ငါ့မှာ ကူလီခရပြီ၊ ရသင့်သည်ထက်တောင် အများကြီး ပိုရတယ်၊ ရော့. . . ဟောဒီမှာကြည့်စမ်း"

ဆို၍ သူ့ဖခင်ထံမှစာကို ထုတ်ပြလိုက်၏။ စာကိုဆုံးအောင်ဖတ်ပြီးနောက် အတန်ကြာတွေ၍နေ၏၊ အမှန်မုချ ထူးခြားမွန်မြတ်လှသော အရသာကို ခံစားနေသည်ကို ကျွန်ုပ်သိ၏၊ ထိုသူငယ်၏ နှလုံး၌ မွန်မြတ်သောစိတ်ဓာတ်တို့ တဖွားဖွားဖြစ်နေသည်ကို ကျွန်ုပ်သိ၏။ ထိုသည့်နောက် အာလာပ သလ္လာပ စကားပြောကြ၍

"ကိုင်း. . . မောင်၊ မောင်လဲ ကျောင်းတက်ရအုံးမယ်၊ ပြန်ပေတော့၊ အချိန်လဲ နည်းနည်းသာရှိတယ်၊ ခရီးကလဲ အတန်ဝေးတယ်၊ အဲဒီတော့ ဒီလိုနေရာ ဒီလိုအခါမျိုးမှာ မြင်းရထားကလေးတောင် မကဘူး၊ မော်တော်ကားနဲ့ပဲ သွားရလိမ့်မယ်"

ဟု ကျွန်ုပ်ကဆို၍ ထိုသူငယ်ကငြင်းဆန်နေစဉ် တွန်းတွန်းပို့ပို့နှင့် ကားတွင်းသို့ထည့်ကာ မော်တော်ကားဖြင့် သွားစေလိုက်ပါသတည်း။

**ဦးဖိုးကျား**

## လေ့ကျင့်ခန်း

၁။ "အခမဲ့ကူလီထမ်းခြင်း၏အကျိုး"ဝတ္ထုတိုမှ စာဆို၏ရည်ရွယ်ချက်နှင့် ရည်ရွယ်ချက်ရောက်အောင် ဖော်ဆောင်ပုံကို တင်ပြပါ။

၂။ စရိုက်ဟူသည် အဘယ်နည်း။ ဇာတ်ဆောင်စရိုက်အဖွဲ့သည် ဝတ္ထုတွင်မည်မျှ အရေးပါကြောင်းကို "အခမဲ့ကူလီထမ်းခြင်း၏အကျိုး"ဝတ္ထုတိုဖြင့် ကိုးကားဆွေးနွေးပါ။

၃။ "အခမဲ့ကူလီထမ်းခြင်း၏အကျိုး"ဝတ္ထုတိုမှ တွေ့ရသည့် လူ့သဘာဝအဖွဲ့များကို တင်ပြပါ။

၄။ "အခမဲ့ကူလီထမ်းခြင်း၏အကျိုး"ဝတ္ထုတိုတွင် အားပြိုင်မှုများကို တွေ့ရပါသလား၊ မည်သည့် အားပြိုင်မှုများဖြစ်ကြောင်း လေ့လာတင်ပြပါ။

၅။ ဦးဖိုးကျား၏ ဝတ္ထုတိုအရေးအသားကို လေ့လာတင်ပြပါ။

DBF BOX - Copyright Protected

## ပညာတော်သင်

ထိုနေ့ကား အင်္ဂလိပ်မြန်မာ ဆယ်တန်းစာမေးပွဲအောင်စာရင်းထွက်မည့်နေ့ကြီးတည်း။ မိတ္ထီလာမြို့ရှိ ကျောင်းသားများလည်း လှုပ်လှုပ်ရွရွဖြစ်ကာ စိတ်ပူသူပူ ဝမ်းသာသူသာ ဖြစ်နေကြ၏။ နံနက်မှစ၍ သတင်းစာပါလာမည့် ရထားကိုသာမျှော်နေကြပြီတကား။ ဘူတာရုံထဲတွင်လည်း ကျောင်းသားများ ဟိုသွားသည်သွား စကားတများများနှင့် အတော်စည်ကားလျက်ရှိနေ၏။ ရထားလည်းဆိုက်၊ သတင်းစာလည်းရ၊ သတင်းစာရောင်းသူမှာ လက်မလည်နိုင်အောင်ပင် ခဏချင်းနှင့် စာအုပ်ရေတစ်ဝက်ကျော်မျှ ရောင်းရလေပြီ။ ကျောင်းသားများလည်း သတင်းစာကို အရေးတကြီး အလုအယက်လှန်ပြီး အောင်စာရင်းကိုရှာကြ၏။ ‘ဟော ပါပြီ၊ တွေ့ပြီ။ တို့ ကျောင်းကိုရှာပါကွ။ ဟေး ဟောဒီမှာ မောင်ကျင်၊ မောင်ကျောက်ပု’ စသည်ဖြင့် တစ်ယောက် တစ်ခွန်းဟစ်အော်ဆူညံကြသည်မှာလည်း နားကွဲမလောက် ပါးစပ်ကိုတအားဖြဲ အသံကိုအကုန်ထုတ်ပြီးလျှင် အောင်စာရင်းကို အားရပါးရအော်ဖတ်ကြသည့် အသံမှာလည်း တစ်မိုင်လောက်ကကြားနိုင်၏။ ထိုအခါ၌ အောင်သူများမှာ ပျော်မဆုံး မော်မဆုံး၊ မြေပေါ်တွင် ကျွမ်းပစ်သူပစ်၊ သတင်းစာကို မြှောက်ရင်း ကသူက၊ ကျသူမှာ မဲ့တဲ့တဲ့မျက်နှာအိုနှင့် အရှက်ပိုကာ လူကြားထဲတွင်ပင် မြေလျှိုးသွားသူသွား၊ ကိုယ်ယောင်ဖျောက်သူဖျောက်နှင့် တစ်ယောက်မျှ ရှာမတွေ့အောင် ပျောက်သွားကြ၏။

စာမေးပွဲအောင်သူထဲမှ ကံသာသည် အပျော်ဆုံး၊ အိုင်ယာလန်ထီ ဆယ်ခါပေါက်သူထက်ပင် ပျော်၏။ ချက်ချင်းပင် မိမိအောင်ကြောင်းကိုကြားလို၍ နေရင်းပိန္နဲကုန်းရွာသို့ သုတ်ခဲ့၏။ ခါတိုင်း အမြန်သွားနေကျခြေလှမ်းကိုပင် နှေးလွန်းသည်အောက်မေ့ကာ ပြေး၍သွားချင်၏။ သို့သော်အမြင်မတော်၍ ခပ်သုတ်သုတ်ထွက်ခဲ့၏။ နှစ်ခြိုက်အားရပုံမရ။ ရွာနားသို့ ကံသာရောက်ခဲ့ပြီ၊ သပိတ်ပိုက်၍ ဆွမ်းခံထွက်လာသော ရှင်တေဇကို အရင်မြင်ရ၏။ ‘ကိုရင်၊ တပည့်တော်စာမေးပွဲအောင်တယ်ဘုရား’ ဟု စစ်နိုင်လာသူ ဦးအောင်ဇေယျ၏ တပ်သားတစ်ဦး အော်သံမျိုးကြီးနှင့် အဝေးကပင်အော်ဟစ်လိုက်၏။ လူမည် ပေတူး၊ ရှင်မည်တေဇလည်း ‘ဟင်၊ ဟုတ်လား’ ဟု သကာဆမ်းထားသော မျက်နှာကြီးနှင့် ကံသာဆီသို့ ပြေးလာ၏။ လမ်းတွင်ရှိသော ငုတ်ကိုမျှ မမြင်နိုင်သော ရှင်တေဇလည်း ပြေးရင်းတိုက်၍လဲတော့၏။ သပိတ်ကြီးကွဲ၊ ဒူးလည်းပြဲ။ သို့နှင့် ဝမ်းမနည်းဘဲ ရှင်တေဇသည် ကံသာအတွက် လူသတ်မှုမှ လွတ်လာသူကဲ့သို့ ဝမ်းသာ၍မပြီးတော့ချေ။ တစ်ယောက်စကား တစ်ယောက်ကြားကာ ရွာသားအားလုံးပင် သိကြ၏။ ကံသာအတွက်လည်း ပျော်မဆုံးကြတော့ပြီ။

သို့သော်ကံသာ၏ မိဘဆွေမျိုးမှာ ဆင်းရဲပါဘိ။ ကံသာတက္ကသိုလ်ပညာကိုသင်လိုသည်။ မပို့နိုင်။ ထိုအကြောင်း သူကြီးမင်းဦးသာတုတ်ကြားသဖြင့် ကံသာအတွက်အကြံထုတ်၏။ သဘောကောင်းမနေခါချို ရွာ၏ဂုဏ်ကိုမြှင့်လိုသူ ဦးသာတုတ်သည် ဤနေရာ၌ လူကြီးပီသပါပေသည်။ တစ်နေ့တွင်

ရွာရှေ့ဘုန်းကြီးကျောင်းထဲတွင် သူကြီးမင်း၏အာဏာတော်နှင့် ရွာအစည်းအဝေးကြီး ကျင်းပသည်မှာ လူမနည်းလှပေ။ ထိုအစည်းအဝေး၌ သူကြီးမင်းက အကြံပေးစကား ပြောကြား၏။ 'မောင်ကံသာ ရိုးသားဖြောင့်မတ်ကြောင်းကို တစ်ရွာလုံးသိသဖြင့် အထူးပြောဖို့မလိုဟုထင်ပါသည်။ ယခု သူ အင်္ဂလိပ် ဆယ်တန်းအောင်သည်မှာ ရွာ၏ဂုဏ်ကို တိုးမြင့်သွားပါသည်။ ဘယ်ရွာမှ ဤကဲ့သို့ အင်္ဂလိပ်စာတတ်သူ မရှိသေးပါ။ ယခုလည်းသူ့ကို ရန်ကုန်မြို့ တက္ကသိုလ်ကျောင်းတော်သို့ ပညာသင်လွှတ်ရန် ရွာက ဆောင်ရွက်ဖို့ သင့်တော်ပါသည်။ ဝိဇ္ဇာတန်းအောင်၍ မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင်ကြီးများပင် ကံသာဖြစ်လာနိုင်ပါသည်။ မည်မျှလောက် ရွာ၏ကျက်သရေတိုးသွားမည်ကို စဉ်းစားကြပါ' စသည်ဖြင့် ဦးသာတုတ်ကပြော၏။ ဘုန်းတော်ကြီး ဦးဇနိယကလည်း မောင်ကံသာကို ပညာဆက်၍ သင်ပေးရန် သင့်ကြောင်း ထပ်လောင်းပြောကြားပြန်၏။ နောက်ဆုံးရွာက လိုသမျှကုန်ကျမည့်စရိတ်ကို ထောက်ပံ့ရန် သဘောတူ ဆုံးဖြတ်ကြကာ အစည်းအဝေးပွဲရုပ်သိမ်းလိုက်၏။

ထိုနေ့က ကံသာ ရန်ကုန်တက္ကသိုလ်သို့သွားတော့မည့်နေ့ကြီးတည်း။ တစ်ရွာလုံးကလေး လူကြီး၊ မိန်းမ မကျန် မောင်ကံသာအား နှုတ်ဆက်ပွဲကျင်းပရန် စီစဉ်နေကြကုန်၏။ ရွာအရှေ့ဦးရှိ အုပ်ဆိုင်းသိုင်းဝိုင်းလျက်ရှိသော မန်ကျည်းပင်ကြီးများအောက်၌ လူအများစည်ကားစွာရှိပေပြီ။ ကံသာ၏ တွဲဖက်သူငယ်ချင်း ဖိုးခွေးမှာ သနပ်ခါးတွေဘဲကျားလိမ်း အစိမ်းရောင်လုံချည် ခါးတောင်းကျိုက်။ ဗိုက်ကြီးက ဗလာ။ ဝါတာတာ နီတီတီပန်းတွေ ခေါင်းမှာထိုးလို့ အကြော့သား အမော့သား ကွေး နေအောင်အိုးစည်က ကနေသည်မှာ အားရလို့မပြီးနိုင်။ တီးလိုက်သည့် အိုးစည်မှာ ထုံထုံညံညံနှင့် အသံချင်းဆူလျှံကာရှိတော့၏။ သံချပ်တွေထိုးလိုက်၊ သီချင်းတွေဆိုလိုက်နှင့် လူငယ်များမှာ မမော နိုင်။ ရွာ၏အလှဆုံး မယ်ပြုံးမှာ ဖဲလုံချည်ပန်းရောင်နှင့် ဆံတောက်မှာ စက္ကူပန်းနီကြီးကို ထိုးလို့ ရှင်မဆုံး ပျော်မပြီး အတော်ကြီးဝမ်းသာစွာ ကံသာကို နှုတ်ဆက်ရန် ရောက်ရှိနေလေပြီ။

'ငါ့သား၊ ဟိုကျရင်မြို့ထဲကို တစ်ယောက်တဲ မသွားနဲ့။ ကတ်ကြေးညှပ်တွေက ပေါ ပေါ။ လူလိမ်တွေက များများ။ မင့်ကိုရောင်းသွားမှဖြင့် ပြီးရော။ ဒီပြင်မော်တော်ကား၊ ဓာတ်ရထားတွေက လဲ အလွန်ရှုပ်တယ်တဲ့။ မျက်စိလည်ပြီး၊ ဒုက္ခရောက်နေအုံးမယ်။ ပြီး ရန်ကုန်သူကလေးတွေ လှတယ် ချောတယ်ဆိုပြီး မကြိုက်လေ မလိုက်လေနဲ့။ မင့်ဆီကငွေချူပြီး အရူးကြီးဖြစ်အောင် လုပ်တတ်တယ်' စသည့်ဖြင့် မိဘဆွေမျိုးများက မြင်းအီးပေါက်သကဲ့သို့မပြီးနိုင်မဆုံးနိုင် ဆုံးမနေကြ၏။ မိခင်ကြီးမှာ သားနှင့်ခွဲရမည်ဖြစ်သဖြင့် မျက်ရည်များပင်စို့ကာ သားကိုကြည့်နေ၏။ သားဖြစ်သူ ကံသာမှာ ထိုအခါ၌အဘယ့်ကြောင့် ပျော်နိုင်တော့အံ့နည်း။ သို့သော်မိခင်ဖခင်များကို ကန်တော့ ဦးချကာ စိတ်မချစရာမရှိကြောင်းပြောပြီး မန်ကျည်းပင်ကြီးဆီသို့ခွာခဲ့၏။ 'ဟေး၊ ကိုကံသာလာစမ်း ပါကွာ။ သွားခါနီးပျော်ပျော်ကြီး တို့နဲ့ဆူလှည့်၊ ကလှည့်စမ်းပါ'ဟု ကနေသော ဖိုးခွေးက လှမ်းခေါ်ကာ လျှာကိုထုတ်၊ မျက်စိကိုမှိတ်၊ ကြာပစ်နဲ့ မဲ့ကာရွဲ့ကာ ကံသာအားကြည့်ပြီး ကနေပြန်၏။ မယ်ပြုံးလည်း

DDE BOX Copyright Protected

နှုတ်ဆက်လိုသောမျက်နှာကလေးနှင့် ကံသာနားသို့ ရွှေ့စွန်ညိုလုပ်နေ၏။ သို့သော် ကံသာကား အရေးမစိုက်၊ မမြင်ဘိအလား ကနေသူဖိုးခွေးမှာ ပါးစပ်အပြဲသားနှင့် ကြည့်နေ၏။ မယ်ပြုံးကို လှည့်၍မျှပင် မကြည့်တော့ချေ။ သူကြီးမင်းလည်း ထိုအခိုက်ရောက်ကာ ဆုံးမစကားပြောကြားမှာထား နေသည်ကို ကံသာမှာ ကောင်းပါပြီ၊ ဟုတ်ကဲ့စသည်ဖြင့် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပါသည်။ ဘုန်းတော်ကြီး ဦးဇနိယကလည်း မြို့က ကထိန်မှရခဲ့သော ဂွမ်းစောင်ကြီးကိုရက်ရောစွာ ကံသာအား စွန့်လိုက်၏။

သို့နှင့် ညနေရောက်၍ ဘူတာသို့ကံသာနှင့် လိုက်ပို့သူ ဆွေမျိုးမိတ်ဆွေများပါ ရောက်နေ ကြလေပြီ။ ဘူတာထဲ၌ကား ကံသာနှင့်အတူသွားကြမည့် အခြားကျောင်းသားသုံးယောက် လိုက်ပို့သူ များနှင့် ပြည့်နှက်နေတော့၏။ နှုတ်ဆက်သံ၊ မှာကြားသံမှာလည်း နားကွဲလု မတတ်ပင်။ ရထားလည်း ဆိုက်၊ တုတ်ထိုးခံရသောပျားအုံကဲ့သို့ ဘူတာထဲသို့ လူးလာလျှောက်ကာသွားနေသူ ခရီးသည်များဖြင့် ခြေချင်းရှုပ်လျက်ရှိ၏။ ကံသာတို့ကျောင်းသားလေးယောက်လည်း တတိယတန်းတွဲတွင် ထိုင်မိကြ လေပြီ။ ကံသာမှာ အိုလံပစ်ချန်ပီယံကို လူအများအားရစွာ နှုတ်ဆက်ကြသကဲ့သို့ သူငယ်ချင်း အများ လက်ဆွဲနှုတ်ဆက်၊ ပါးစပ်ဖြင့်နှုတ်ဆက်နှင့် လက်မအား ပါးစပ်မအားတော့ချေ။ အချိန်စေ့၍ ရထား ထွက်စပြုလေ၏။ ကံသာမှာ ဝမ်းလည်းသာ၊ ဝမ်းလည်းနည်းဖြစ်နေသော မရွှင်မမဲ့သည့်မျက်နှာနှင့် ဆုကာအော်ကာကြည့်နေကြသော သူငယ်ချင်းဆွေမျိုးများကို မျက်စိတဆုံး ကြည့်နေ၏။ ပညာတော်သင် မောင်ကံသာကို ယူဆောင်လာသော ရထားကြီးမှာ ဘူတာငယ်ငယ်ကလေးများကိုပင် မရပ်တော့ဘဲ တအားကုန် ပြေးရှိတော့၏။

ယခုအခါ ပိန္နဲကုန်းရွာ၏ ပညာတော်သင်မောင်ကံသာဘယ်ကဲ့သို့နေထိုင်သည်ကို သူ့ထံမှ စာရမှသိရတော့မည်တည်း။

မောင်အာယု

DBE BOX - Copyright Protected

**လေ့ကျင့်ခန်း**

၁။ "ပညာတော်သင်"ဝတ္ထုတိုမှ စာရေးသူ၏ရည်ရွယ်ချက်ကိုဖော်ပြ၍ ရည်ရွယ်ချက်သို့ရောက်အောင် ပို့ဆောင်ပုံကို တင်ပြပါ။

၂။ နောက်ခံဝန်းကျင်ဟူသည် အဘယ်နည်း။ နောက်ခံဝန်းကျင် အမျိုးအစားများကို ဖော်ပြ၍ "ပညာတော်သင်" ဝတ္ထုတိုဖြင့် ကိုးကားတင်ပြပါ။

၃။ "ပညာတော်သင်"ဝတ္ထုတိုမှတွေ့ရသည့် အလင်္ကာအသုံးကောင်းများကို လေ့လာတင်ပြပါ။

၄။ "ပညာတော်သင်"ဝတ္ထုတိုမှ သရုပ်ဖော်အဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။

၅။ "ပညာတော်သင်"ဝတ္ထုတိုမှ ခံစားရရှိသည့် ရသများကို ဖော်ပြပါ။

## မိုးဦးကျ

ကိုဒေါင်းစိန်သည် ပဲ့ကိုင်ဒီလုံးအား သူတို့နှင့် မနီးမဝေးရှိ ဒိုက်ပင်များ ထူထပ်ပေါများသော နေရာသို့လှော်ရန်ညွှန်ကြားလိုက်ပြီး သူကိုယ်တိုင်လည်း လှေဦးမှ မတ်တတ်ရပ်ကာ လှော်လေ၏။ ဒိုက်ပင်များအနီးသို့ရောက်သောအခါ လှေကိုရေသံမကြားအောင် တဖြည်းဖြည်းနှင့် ကျိတ်၍လှော်ရန် အချက်ပေးလိုက်ပြီးနောက်၊ သူကိုယ်တိုင်ကတော့ ရေပေါ်၌ တစ်ထွာခန့် မြင့်တက်နေသော ဒိုက်ပင်ကလေး များအား လျင်မြန်ဖျတ်လတ်သောမျက်လုံးအစုံဖြင့် လှမ်းမြော်ကြည့်ရှုနေ၏။

လှေကား ရေသံမကြားရအောင်ပင် ညင်သာစွာရွေ့လျားနေ၏။ လေငြိမ်နေသဖြင့် ပတ်ဝန်းကျင်မှ ဒိုက်ပင်ကလေးများမှာလည်း လုံးဝလှုပ်ရှားခြင်းမရှိဘဲ ပကတိငြိမ်သက်နေ၏။ ကိုဒေါင်းစိန်၏ စူးရှသောမျက်လုံးအစုံမှာ ဤငြိမ်သက်နေသော ဒိုက်ပင်များ အပေါ်ဝယ် လှမ်းမြော်ကျက်စားသော လှုပ်ရှားလျက်ရှိသော ဒိုက်ပင်ကိုရှာဖွေနေ၏။ အရှေ့မှသည် အနောက်သို့၊ အနောက်မှသည် အရှေ့သို့၊ တောင်မှသည် မြောက်သို့၊ မြောက်မှသည် တောင်သို့ အစုန်အဆန် အပြန်အလှန်။ တစ်နေရာတွင် သူ့မျက်လုံးသည် တန့်သွား၍ သူ့ရင်ထဲ၌လည်း ဖိုခနဲဖြစ်သွား၏။ အလို . . အို သည်မှာ ဟောလေဗျာ ကြည့်စမ်းပါ။ သူ့ရှေ့ ၁၀ ကိုက်ခန့် အကွာရှိ ဒိုက်ပင်တစ်ပင်မှာ လှုပ်ယမ်းနေသည် မဟုတ်လား။

ကိုဒေါင်းစိန်၏ ပျံ့လွင့်နေသော စိတ်အာရုံမှာလည်း တန့်ခနဲရပ်သွားကာ သူ့မျက်စိ စူးစိုက်ရာ ဒိုက်ပင်၌သာ တစ်ချက်တည်းတည်ငြိမ်သွား၏။ သူ့နှလုံးမှာလည်း အခုန်ရပ်ဆိုင်းသွား၏၊ အသက်ကိုပင်မရှူမိဘဲ အောင့်ထားလိုက်မိသည်ဖြစ်၍ အသက်ရှူပင်မှားသွား၏။ တကယ်ဆိုတော့ လှုပ်ယမ်းလျက်ရှိသောဒိုက်ပင်ကလေးဝယ် ပြင်းထန်သောဇောဖြင့် စူးစူးစိုက်စိုက် အာရုံဝင်စားလိုက်ခြင်း၏ လက္ခဏာရပ်များသာဖြစ်သည်။

နောက်သူသည် ဒိုက်ပင်မှ မျက်လုံးကို မခွာဘဲ ‘ကျွတ်ကျွတ်’ ဟူ၍စုတ်သပ်ကာ ဒီလုံးအား လက်ဝါးကာပြလိုက်၏။ သဘောမှာ ဒိုက်ပင်ကိုကိုက်နေသော ငါးကိုတွေ့ပြီ လှေလှော်ရပ်လိုက်ဟု အချက်ပေးလိုက်ခြင်းဖြစ်သည်။ အရိပ်ပြလျှင် အကောင်ထင်အောင် လျင်ပြီးသားဖြစ်နေသော ဒီလုံး ကလည်း လှေကို ရေသံမကြားအောင် အရှိန်သတ်၍ ရပ်လိုက်၏။ ကိုဒေါင်းစိန်သည် လှေကန့် ပေါ်တွင် တက်ချလျှင် အသံမမြည်အောင်ခံထားသော ကန်စွန်းစည်းပေါ်သို့တက်ကို အသာအယာ ချလိုက်၏။ တစ်ဆက်တည်း လှေကန့်ပေါ်မှ ကန်စွန်းစည်းပေါ်တွင်ပင် တင်ထားသော ‘ဆောင်ပုံ’ ကိုလှမ်းယူလိုက်၏။ ‘ဆောင်ပုံ’ ဆိုသည်ကား အရင်းသိမ်၍အဖျားတွင် ကားတက်သွားသောမှိန်း သွား ၆ ချောင်း၊ တချို့ လည်း ၇ ချောင်းကိုခွ၍ တပ်ထားသော ငါးထိုးသည့် လက်နက်ကိရိယာပင် ဖြစ်သည်။

ဒိုက်ပင်လှုပ်ယမ်းပုံမှာ တစ်ဖက်စောင်းလှုပ်ယမ်းခြင်း၊ သို့မဟုတ် ရှေ့တိုး နောက်ငင် လှုပ်ယမ်းခြင်းမျိုးမဟုတ်ဘဲ ဆန်ကောဝိုင်း ဝှေ့ယမ်းနေခြင်းဖြစ်၍ ဒိုက်ပင်ပတ်လည်ရှိ ရေမှာလည်း ဝဲကတော့ထိုးနေ၏။ ဒါကိုထောက်၍ရေအောက်ရှိငါးသည် 'ငါးအုံတုံ' ဖြစ်ကြောင်းသူသိနိုင်သည်။ အကြောင်းကတော့ ဒီလိုငါးမျိုးသည် အမြီးကိုအပေါ်ထောင်ကာ ခေါင်းအောက်စိုက်ပြီး ဒိုက်ပင်ကို ဇောက်ထိုးတွယ်ကပ်၍ ဒိုက်ပင်ပတ်လည်တစ်လျှောက် လှည့်လည်ကိုက်ဖြတ်စားသောက်တတ်သည်။ ထို့ကြောင့်ပင် ဒိုက်ပင်ကိုပတ်လှည့်ရာ၌ သူ့အမြီးဖြင့် ယက်လိုက်သောရေသည် ရေမျက်နှာပြင်ပေါ်၌ ဝဲကတော့ထိုးနေပြီး၊ ဒိုက်ပင်မှာလည်း ဆန်ကောဝိုင်း ဝှေ့ယမ်းနေခြင်းဖြစ်သည်။

သူသည်ငါးကိုထိုးရန် အနည်းငယ်ဝေးနေသေးသဖြင့် 'ဆောင်ပုံ' ဖြင့်ရှေ့သို့ ဆတ်ခနဲ ဆတ်ခနဲ နှစ်ချက်သုံးချက်လောက် ပြလိုက်၏။ ဒါကအနည်းငယ်ဝေးနေသေးသည်၊ ရှေ့ကို နည်းနည်းဆက်လှော်ဟု ပဲ့ကိုင်ဒီလုံးအား အချက်ပေးလိုက်သော သဘောဖြစ်သည်။ သည်လို အချိန်အခါမျိုး၌ နှုတ်မှ ထုတ်ဖော်ပြောကြားလျှင် ငါးလန့်ပြီးပြေးမည်ဖြစ်၍ အချက်ပေးပြောဆိုရ၏။

ကိုဒေါင်းစိန်၏ အရိပ်အကဲကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်နေသော ဒီလုံးကလည်း ဆိုလိုရင်းအနက်အဓိပ္ပာယ်ကိုနားလည်သည်ဖြစ်၍ ရေသံမကြားအောင်ရှေ့သို့ အနည်းငယ်လှော်ပေးလိုက်၏။ လက်လှမ်းမီလောက်သည့်နေရာသို့ ရောက်သောအခါ ကိုဒေါင်းစိန်သည် 'ဆောင်ပုံ'ကို သေချာစွာချိန်၍ လက်လွှတ်ထိုးချလိုက်၏။

ကိုဒေါင်းစိန်၏ နားသောတအာရုံ၌ 'ခွပ်' ခနဲမြည်သွားသောအသံကို ကြားလိုက်ရသည်ဟု ထင်မိ၏။ စင်စစ်အားဖြင့်တော့ ဝုန်းခနဲရေသံမှတစ်ပါး အခြားမည်သည့်အသံမှ ထွက်ပေါ်လာခြင်းကားမရှိပါ။ သို့သော်စူးရှသောသူတို့၏ အာရုံဝယ် ငါးကိုထိသည် မထိသည်ဟု ခွဲခြားနိုင်လောက်အောင် အသံတစ်စုံတစ်ခုကိုတော့ ကြားရမြဲဖြစ်သည်။ ဤကဲ့သို့ 'ခွပ်' ခနဲမြည်သွားသောအသံကို ကြားရသလိုလိုရှိသည့်အခါတိုင်း ချက်ကောင်းဖြစ်သော ငါး၏ခေါင်းကို ထိတတ်သည်နှင့်ချည်း ကြုံရသည်ဖြစ်၍ ယခုလည်း ခေါင်းကိုပင် ထိမည်ဟုယုံကြည်ထား၏။

ဟုတ်ပါသည်။ ရေပေါ်တွင် ပေါ်လျက်ရှိသော 'ဆောင်ပုံ' လက်ကိုင်ရိုးကိုကြည့်ပါ။ အနည်းငယ်မျှ လှုပ်ယမ်းခြင်းမရှိဘဲ ငြိမ်နေ၏။ တကယ်လို့အမြီးဖျားကလေး ခတ်ထိသွားသည်ဖြစ်စေ၊ ဝမ်းပိုက်ဖျားကလေး ရှပ်ထိသွားသည်ဖြစ်စေ၊ ပါးဟက်ဖျားကလေးကို ကပ်ထိသွားသည်ဖြစ်စေ အထိမနာသည့်အခါမျိုး၌ ငါးသည်ရုန်းကန်သည်ဖြစ်၍ 'ဆောင်ပုံ' လက်ကိုင်ရိုးမှာလည်း လှုပ်ယမ်းနေတတ်သည်။ ယခုတော့ ဆောင်ပုံလက်ကိုင်ရိုးမှာ အနည်းငယ်မျှပင် လှုပ်ယမ်းခြင်းမရှိပါ။ သို့မဟုတ် လုံးဝမထိ၍ လှုပ်ယမ်းခြင်းမရှိဟုလည်း ယူဆနိုင်ပါသည်။ ဤယူဆချက်ကိုတော့ ကိုဒေါင်းစိန်လက်မခံနိုင်ပါ။ သူ့လက်ကိုသူ ယုံပြီးဖြစ်သည်။ သူ့နားသောတအာရုံ၌လာ၍ကြားသော 'ခွပ်'ခနဲ အသံကို သူသံသယကင်းသည်။

သူ ငါးကိုထိုးပြီးသည်နှင့်တစ်ပြိုင်နက် ဒီလုံးကလှေကို 'ဆောင်ပုံ' ရှိရာသို့ ခပ်သွက်သွက် လှော်ပို့လိုက်သဖြင့်သူသည် 'ဆောင်ပုံ' လက်ကိုင်ရိုးကို လက်နှင့်လှမ်းကိုင်ကာ အနည်းငယ်မ၍ ဆကြည့်၏။ ဟုတ်သည် 'ဆောင်ပုံ' သည် မူလအလေးချိန်ထက်ပို၍ လေးနေသဖြင့် မှိန်းသွား ၆ ချောင်းတွင် တစ်ချောင်းချောင်း၌ ငါးကိုမလှုပ်နိုင်အောင်ထိုးမိထားသည်မှာ သေချာပေပြီ။

သူ 'ဆောင်ပုံ' ကို ဆွဲဖော်လိုက်သောအခါ သူ ကြိုတင်တွက်ဆထားသလို ငါးအုံတုံပင်ဖြစ်၍ ခေါင်းကိုပင် ထိုးမိထားပါသည်။ သူသည် 'ဆောင်ပုံ' မှ ငါးကို ဖြုတ်၍ ဒီလုံးအား ရှေ့သို့လှော်စေပြန်၏။ သူကိုယ်တိုင်ကတော့ မတ်တတ်ရပ်၍ ပတ်ဝန်းကျင်ရှိ ဒိုက်ပင်များကိုလှမ်းမြှုံးစမ်းရင်း လိုက်ပါလာ၏။ ၁၅ မိနစ်၊ ဟော . . . တွေ့ပြန်ပြီ၊ လှုပ်ယမ်းနေသော ဒိုက်ပင်တစ်ပင်။

သူသည်ထုံးစံအတိုင်း 'ကျွတ် . . . ကျွတ်' ဟုစုတ်သပ်၍ လက်ဝါးကာပြလိုက်သဖြင့် ဒီလုံးကလည်း လှေကိုအရှိန်သတ်၍ရပ်လိုက်၏။ သည်တစ်ခါတော့ ဒိုက်ပင်သည် တစ်ဖက်စောင်း လှုပ်ယမ်းခြင်းမျိုး ဖြစ်ပါသည်။ ဒိုက်ပင်တစ်ဖက်သို့ ကိုင်းညွှတ်သွားလိုက်၊ မူလအတိုင်းပြန်မတ်လာလိုက်ဖြင့် တစ်ဖက်စောင်းလှုပ်ယမ်းနေပါသည်။ ဒါကိုထောက်၍ရေအောက်ရှိငါးသည် ငါးမြစ်ချင်းနှင့် ငါးကြင်း တစ်ကောင်ကောင်ဖြစ်ရမည်ဟု သူသိနိုင်ကာ ငါးသည် မှိန်းသမားများနှင့် တွေ့ကြုံဖူး၍ ပါးနပ်နေသောငါးဖြစ်ကြောင်းလည်း သူခွဲခြားသိရှိနိုင်ပါသည်။ အကြောင်းမူကား သည်ငါးမြစ်ချင်းနှင့် ငါးကြင်းသည် ဒိုက်ပင်ကိုတွယ်ကပ်တက်စီး၍ ဒိုက်ဖတ်ကလေးများနှင့် ဒိုက်ပင်၌တွယ်ကပ်နေသော ရေညှိကလေးများကို စားသောက်တတ်သည်ဖြစ်ရာ သူတို့စီးလိုက်သောအရှိန်ကြောင့် ဒိုက်ပင်မှာလည်း တစ်ဖက်သို့ ယိုင်ဆင်းသွားရပြီး ပြန်ခွာလိုက်သောအခါ မူလအတိုင်းပြန်မတ်လာခြင်းဖြင့် တစ်ဖက်စောင်းလှုပ်ယမ်းနေရခြင်းဖြစ်သည်။ မှိန်းသမားနှင့် မတွေ့ဖူးသောငါးမှာ အရိုင်းဖြစ်၍ ဒိုက်ပင်ကို တစ်ရှိန်တည်းတွယ်ကပ်တက်စီး၍ ဒိုက်ပင်အောက်မှ အထက်တစ်လျှောက် တွယ်ကပ်နေသော ရေညှိများကို တစ်ဆက်တည်း စားတတ်လာခြင်းဖြင့် ရေမျက်နှာပြင်အထက်နားသို့ရောက်လေ အလေးချိန် အားကောင်းလေဖြစ်ပြီး၊ ဒိုက်ပင်များ အလေးချိန်ကိုမခံနိုင်ဘဲ ရေထဲသို့ နစ်မြုပ်သွားရသည့်တိုင် ကိုင်းညွှတ်သွားတတ်သော်လည်း၊ မှိန်းသမားနှင့် ကြုံဖူး၍ပါးနပ်သွားသော ငါးမှာကား ဒိုက်ပင်ကိုစီး၍ စားလိုက်၊ ပြန်ခွာလိုက်ဖြင့် အခြေအနေကို အကဲခတ်ရင်း စားသောက်တတ်သည်ဖြစ်ရာ ဒိုက်ပင်မှာလည်း ကိုင်းညွှတ်သွားလိုက်၊ ပြန်မတ်လာလိုက်ဖြစ်နေရသည်။ ဒါကြောင့် သူခွဲခြားသိရှိနိုင်ခြင်းဖြစ်သည်။

တစ်ချို့တစ်ချို့တွင် ဒိုက်ပင်ဘေး၌ ရေဗလုံစီကလေးများ တက်လာကာ ဒိုက်ဖတ်အစအန ကလေးများလည်း ထိုရေဗလုံစီကလေးများနှင့်အတူ ရေမျက်နှာပြင်ပေါ်သို့ ပေါ်တက်လာသည်။ ဒါက ငါးသည် သွားပါးစပ်ဖြင့် ကိုက်ဖြတ်ပြီးသောဒိုက်ဖတ်အစအနကလေးများအနက် သူ မနှစ်သက်သော ဒိုက်ဖတ်ကလေးများကိုပါ ပါးဟက်မှ ပြန်ထုတ်လိုက်ရာ၊ ထိုထုတ်လိုက်သော လေအရှိန်ဖြင့် ရေဗလုံစီ ကလေးများဖြစ်သွားကာ ဒိုက်ဖတ်အစအနေကလေးများနှင့်အတူ ရေပေါ်သို့ ပေါ်တက်လာရခြင်း ဖြစ်သည်။

သူသည် ကျေနပ်စွာပြုံးလိုက်ကာ ငါးမြစ်ချင်းနှင့် ငါးကြင်း ခွဲခြားနိုင်ရန်အတွက် ဒိုက်ပင်ကို သေချာစွာကြည့်နေပြန်၏။ အရှိန်နှင့် စီးလိုက်၍တစ်ဖက်သို့ ကိုင်းညွတ်သွားသော ဒိုက်ပင်မှာ လေးလေးနှင့် မှန်မှန်သာလှုပ်ယမ်း၍ အချိန်အတော်ကြာသည့်တိုင်အောင် ငါးသည် ဤဒိုက်ပင်မှ မခွာသေးဘဲရှိသည့်အတွက် မုချ ငါးမြစ်ချင်းဖြစ်ရမည်ဟု သူတွက်ဆလိုက်၏။ အကြောင်းမူကား ငါးမြစ်ချင်းမှာ ဤသို့ပင် လေးလေးနှင့်မှန်မှန်သာကိုက်လေ့ရှိ၍ ဒိုက်ပင်တစ်ပင်တည်း၌လည်း အချိန်အတော်ကြာအောင်နေတတ်သည်။ ငါးကြင်းမှာမူကား အရှိန်နှင့်စီးလိုက်၍ တစ်ဖက်သို့ကိုင်းညွတ်သွားသော ဒိုက်ပင်သည် တဆတ်ဆတ် ယိမ်းထိုးလှုပ်ရှားနေအောင် ခပ်ပျာပျာခပ်သွက်သွက် ကိုက်တတ်၍ ဒိုက်ပင်တစ်ပင်တည်း၌လည်း ကြာရှည်မနေဘဲ အခြားတစ်ပင်သို့ ကူးပြောင်းသွားတတ်သည်။

ကိုဒေါင်းစိန်ကား ချက်ကောင်းကို ထိုးနိုင်ရန် အခွင့်ကောင်းကို ချောင်းနေ၏။ ယခု အချိန်တွင် ငါးသည် သူ့ဘေးကို သူစိုးရွံ့သဖြင့် ရေမျက်နှာပြင်အထက်နားသို့ရောက်အောင် တက်မစားဘဲ ဒိုက်ပင်အောက်ခြေတွင်သာ တွယ်ကပ်၍စားလိုက်၊ ပြန်ခွာလိုက်ဖြင့် သွေးတိုးစမ်းနေသော်လည်း အတန်ကြာသောအခါ စိတ်ချလက်ချဖြစ်သွားပြီး ရေအောက်မှ တစ်ဆင့် ရေမျက်နှာပြင်အထက်နား အထိ တက်စားပေလိမ့်မည်။ ရေနှင့် တစ်ထွာကွာလောက်ရောက်လာလျှင် သူထိုးဖို့အချက်ကောင်း ဖြစ်၍ ကိုင်းညွတ်လှုပ်ယမ်းနေသော ဒိုက်ပင်ကလေးကိုသာ မျက်ခြည်မပြတ်ကြည့်နေရ၏။ ငါးသည် ရေမျက်နှာပြင်အထက် ဒိုက်ပင်အဖျားပိုင်းသို့ နီးကပ်လာလေလေ၊ သူတွယ်ကပ် တက်စီးထားသော အလေးချိန်မှာ ပိုလာလေလေ ဖြစ်သဖြင့် ဒိုက်ပင်အဖျားမှာလည်း တစ်ဖက်သို့ပို၍ပို၍သာ ကျလာ လေလေ ဖြစ်လာလိမ့်မည်။ ထို့ကြောင့် ဒိုက်ပင်ကိုင်းညွတ်ခြင်း၏အနည်းအများကိုကြည့်၍ ရေအောက်ရှိ ရေမျက်နှာပြင်နှင့် တစ်ထွာကွာခန့် ရောက်မည်ဆိုတာကိုလည်း သူသေချာစွာတိုင်းထွာတွက်ချက်နိုင်ပါသည်။ လက်တွေ့မှ တတ်သိထားသော သချ်ာပညာ။

သိပ်မကြာပါ။ ငါးသည် စိတ်ချလက်ချဖြစ်သွားဟန်ဖြင့် ဒိုက်ပင်အောက်ခြေမှသည် ဒိုက်ပင် အဖျားပိုင်းတစ်လျှောက် တွယ်ကပ်နေသော ရေညှိကလေးများကို စား တက်လာပြီဖြစ်ရာ၊ ဒိုက်ပင် အဖျားမှလည်း ညိတ်ခနဲ ညိတ်ခနဲဖြင့် ပို၍ ပို၍သာ ကိုင်းညွတ်ကျလာ၏။

လျှပ်တစ်ပြက် အချိန်အတွင်း သူသည် သတိအနေအထားဖြင့် 'ဆောင်ပုံ' ကို အသင့် ချိန်ရွယ်ကာ ငါးသည်သူနှင့် 'ရင်ဆိုင်' လား၊ 'ကုပ်ပိုး' လားဟုလည်း လျင်မြန်စွာစူးစမ်းလိုက်သေး၏။ ဒိုက်ပင်သည် သူ့ဘက်သို့ ကိုင်းညွတ်ကျလာခြင်းဖြစ်ရာ၊ ငါးသည်သူ့ကို မျက်နှာမူ၍ ရင်ဆိုင်တွယ်ကပ်တက်စီး ကိုက်ဖြတ်ခြင်းကြောင့်သာ ဒိုက်ပင်သည် သူ့ဘက်သို့ ကိုင်းညွတ်လာခြင်းဖြစ်ကြောင်း သူသိရသည်။ အကယ်၍ သူ့ကိုကျောပေး၍ (ဝါ) နောက်ခိုင်း (ဝါ) ကုပ်ပိုးတွယ်ကပ် စားသောက်လျှင် ဒိုက်ပင်သည် သူ့ဘက်သို့ မညွတ်ဘဲ အခြားတစ်ဖက်သို့သာ ညွတ်ကျသွားပေမည်။

DREBOOK Copyright Protected

ရင်ဆိုင်ထိုးရမည်ဖြစ်ကြောင်း ကွဲပြားပြီး မရှေးမနှောင်းပင် တဖြည်းဖြည်းနှင့် တိုး၍တိုး၍ ညွတ်ကျလာသောဒိုက်ပင်၌ စူးစိုက်ထားသော သူ့အာရုံဝယ် ငါးသည် ရေနှင့်တစ်ထွာကွာခန့်ရောက်လာပြီဟု ထင်သည်နှင့်တစ်ပြိုင်နက် ငါး၏ဝမ်းဗိုက်တည့်တည့်လောက်ဆီသို့ မှန်းဆကာ လက်လွှတ်ထိုးချလိုက်၏။ သို့သော်ထိုးခါနီးမှ လေ့အနည်းငယ်လှုပ်သွားသဖြင့် ဝမ်းဗိုက်တည့်တည့်၌ မဟုတ်ဘဲ အနည်းငယ်စောင်းသွားကာ ဝမ်းဗိုက်ကိုရှပ်၍ ထိမည်ဟုသူ့အာရုံက ချက်ချင်းသိလိုက်၏။ မမှားပါ၊ 'ဆောင်ပုံ' လက်ကိုင်ရိုးသည် အထိမနာသောငါး၏ ရုန်းကန်မှုကြောင့် သွက်သွက်ခါအောင် လှုပ်ယမ်းနေသည်မဟုတ်လား။

ပဲ့ကိုင်ဒီလုံး တအားကျုံးလှော်၍ 'ဆောင်ပုံ' လက်ကိုင်ရိုးကို လက်လှမ်းမီသည်နှင့် တစ်ပြိုင်နက် လှမ်းကိုင်ကာ ရေအောက်မြေကြီးဆီသို့ တအားထိုးစိုက်ဖိကပ်ထား၏။ သည်ငါးကိုတော့ ချက်ကောင်းထိသည့်ငါးကဲ့သို့ အပေါ်မှဆောင်ပုံကို ဆွဲဖော်ယူ၍ ဖြစ်လိမ့်မည်မဟုတ်၊ လွတ်သွားလိမ့်မည်။ သူသည် ဒီလုံးကိုခေါ်ကာ ဆောင်ပုံလက်ကိုင်ရိုးကို ကိုင်ဖိထားစေပြီး သူကရေထဲဆင်းငုပ်ကာ ရုန်းကန်နေသော ငါး၏ဇက်ကို ကိုင်ဖမ်းပြီး ငါးရော၊ 'ဆောင်ပုံ' ပါ ဖော်တင်လာ၏။ တစ်ပိဿာခန့်ရှိ ငါးမြစ်ချင်းကြီး တစ်ကောင် . . . ။

နောက်ထပ်နာရီဝက်ခန့်အကြာတွင် လှုပ်ယမ်းနေသောဒိုက်ပင်ကို တစ်ချီတွေ့ပြန်၏။ သည်တစ်ကြိမ်လှုပ်ယမ်းခြင်းမှာတော့ ရှေ့တိုးနောက်ငင်လှုပ်ယမ်းခြင်းမျိုးဖြစ်ပါသည်။ ပြီးတော့ လေးလေးမှန်မှန်မဟုတ်ဘဲ သွက်သွက်ခါအောင် လှုပ်ယမ်းနေသည်။ ဒါကိုထောက်၍ ငါးသိုင်းအုပ်ဖြစ်ကြောင်း သူသိရသည်။ ငါးသိုင်းများမှာ အုပ်လိုက်ချီတတ်သည်ဖြစ်၍၊ ဒိုက်ပင်ကိုလည်း ငါးသိုင်းအုပ်ကဝိုင်း၍ တောင်ကကိုက်၊ မြောက်က ကိုက်ဖြင့် ဝိုင်းကိုက်သောကြောင့် ဒိုက်ပင်မှာ တောင်ယိမ်းမြောက်ယိမ်း ရှေ့ထိုးနောက်ငင်နှင့် ဂနာမငြိမ်ဘဲ သွက်သွက်ခါနေရခြင်းဖြစ်သည်။ သူသည်ငါးသိုင်းအုပ်ထဲမှလည်း ငါးသိုင်းတစ်ကောင်ကို သူရမိလိုက်သည်။

ဤသည့်နောက်၌ကား ငါးများသည် မှိန်းလန့်သွားကြပြီဖြစ်၍မြက်ကိုက်ခြင်းမရှိတော့ဘဲ ပျောက်ကွယ်ကုန်၏။ ကိုဒေါင်းစိန်သည် မြက်ကိုက်ငါးထိုးဖို့လမ်းကုန်နေပြီဖြစ်သဖြင့် မြက်တိုးငါးထိုးရန် ဒီလုံးအား ကမ်းစပ်ရေတိမ်ရာဘက်ဆီသို့လှော်စေ၏။ ရေတိမ်ရာ ကမ်းစပ်ဘက်တွင် အတန်ကြာ လှေလာခေါက်ပြန်ရှာဖွေကြည့်ရှုနေရာမှ တစ်နေရာတွင် မြက်ပင်များလှုပ်ယမ်းနေသည်ကိုတွေ့၍ လှေကိုတန့်ရပ်လိုက်၏။

ဆန်းသည်၊ အတော့်ကို ဆန်းသည်။ မြက်တိုးငါးများမှာ မြက်တောကို ဖြတ်ကျော် တိုးဝှေ့သွားသည့်အခါ၌ မြက်သည်တစ်ဖက်တစ်ချက်ကွဲကွာသွားကာ၊ ငါးသွားရာလမ်းကြောင်း တစ်လျှောက်လုံး လှုပ်ရှားသွားရမည်ဖြစ်သော်လည်း ယခုတော့ တစ်နေရာတည်းကွက်၍ လေးလေးနှင့်မှန်မှန် လှုပ်ရှား

နေ၏။ ပြီးတော့မြက်ပင်တစ်ပင်တည်း လှုပ်ရှားခြင်း၊ သို့မဟုတ် မြက်ပင်လေးငါးဆယ်ပင် တကွဲတပြား လှုပ်ရှားနေခြင်းမျိုးမဟုတ်ဘဲ မြက်ပင်ဆယ်ပင်ခန့်ကို ကြိုးနှင့်စုစည်းထားသကဲ့သို့ အစည်းလိုက် ထူးဆန်းစွာလှုပ်ရှားနေသည်။

ဒါကိုကြည့်ပြီး ကိုဒေါင်းစိန်သည် ဟစ်၍ဟစ်၍ ရယ်လိုက်၏။ အားရပါးရရယ်လိုက်၏။ အူလှိုက်သည်းလှိုက်ရယ်လိုက်၏။ လှေပဲ့မှ ဒီလုံးပင်သူ့အမူအရာကို နားမလည်သလို ငေးကြည့်နေ၏။ အမှန်ကတော့ ကိုဒေါင်းစိန်သည် သူ့လိုင်းထိုးဝိဇ္ဇာတစ်ယောက်ကို လှည့်စားရန်ကြံနေသော ရေအောက်မှ သက်ရှိသတ္တဝါတစ်ကောင်အား သရော်၍ရယ်လိုက်ခြင်းသာဖြစ်သည်။

တကယ်ဆိုတော့ မြက်ပင်များကို အစည်းပြု၍လှုပ်ယမ်းနေသော ရေအောက်မှသတ္တဝါသည် ငါးသတ္တဝါမဟုတ်ဘဲ၊ မြွေတစ်ကောင်သာလျှင် ဖြစ်သည်ကိုသူ့အတွေ့အကြုံများမှ သူက သိထားပြီး ဖြစ်နေပါသည်။ ထိုကြောင့်မဟုတ်လော၊ ရေအောက်ရှိမြွေသည် မည်သည့်အရာဝတ္ထုကိုမဆို လှည့်လည်ပတ်ရစ်ထားတတ်သော သဘောဝါသနာအတိုင်း မြက်ပင်ဆယ်ပင်ခန့်ကို စုစည်းပတ်ရစ်ထားခြင်းအားဖြင့် မြက်ပင်များမှာ အစည်းလိုက် လှုပ်ယမ်းနေပြီး လှုပ်ယမ်းပုံမှာလည်း လေးလေးနှင့် မှန်မှန်သာလှုပ်ယမ်းနေခြင်းဖြစ်သည်။

**ကြယ်နီ**

## လေ့ကျင့်ခန်း

၁။ နောက်ခံဝန်းကျင်ဟူသည်အဘယ်နည်း။ နောက်ခံဝန်းကျင် အမျိုးအစားများကိုဖော်ပြပါ။ "မိုးဦးကျ" ဝတ္ထုတိုဖြင့် ကိုးကားဆွေးနွေးပါ။

၂။ အားပြိုင်မှုဟူသည်အဘယ်နည်း။ "မိုးဦးကျ"ဝတ္ထုတိုကို ကိုးကား၍ အားပြိုင်မှုကို ဆွေးနွေးပါ။

၃။ အထွေထွေသရုပ်ဖော်အဖွဲ့များ၏အရေးပါပုံကို "မိုးဦးကျ"ဝတ္ထုတိုဖြင့် ကိုးကားဖြေပါ။

၄။ "မိုးဦးကျ"ဝတ္ထုမှ တွေ့ရသည့် သရုပ်ဖော်အဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။

၅။ "မိုးဦးကျ"ဝတ္ထုမှ ရရှိသည့် ရသခံစားမှုများကို တင်ပြပါ။

DBE BOX - Copyright Protected

## ရောင်းခါစ

ကျွန်တော်တို့အိမ်ရှေ့ လမ်းနံဘေး၌ မုန့်ဟင်းခါးသည်လက်သစ်တစ်ဦး အထမ်းခင်း၍ ရောင်းချနေသည်မှာ ရက်သတ္တတစ်ပတ်နီးပါးမျှရှိခဲ့လေပြီ။

ကျွန်တော်၏ စာရေးစားပွဲရှေ့ ပြတင်းသံတိုင်ကလေးများအကြားမှ လမ်းမဘက်သို့ငုံ့၍ ကြည့်လိုက်လျှင် ထိုမုန့်ဟင်းခါးသည်နှင့်တကွ သူ၏မုန့်ထမ်းတို့ကိုပါ အိမ်ပေါ်မှစီး၍မြင်နိုင်၏။ အိမ်ရှေ့သို့ ထိုမုန့်ဟင်းခါးသည် စတင်ရောက်ရှိလာသည့်နေ့မှစ၍ နံနက်တိုင်းလိုလိုပင်သူ့ကိုသာ စာရေးစားပွဲမှနေ၍ အာရုံစူးစိုက်ကြည့်ရှုမိခဲ့ပါသည်။

နံနက် ၆ နာရီခွဲကျော်လျှင် ကျွန်တော်တို့အိမ်ရှေ့လမ်းမှာ ဈေးသွားဈေးပြန်၊ အလုပ်သွားသူ၊ ကျောင်းတက်သူ စသည်တို့ဖြင့် စည်ကားစပြုတော့၏။ ထိုအချိန်မှစ၍ ၉ နာရီအတွင်းဆိုလျှင် မုန့်ဟင်းခါးသည်မှာ လက်မလည်အောင်ရောင်းချခွင့်ရပေတော့သည်။ သူ၏မုန့်ထမ်းကလေးတစ်ခုလုံးမှာဖွန်း၊ ပန်းကန်ခွက်ယောက်၊ မုန့်ထည့်သည့်ဇလုံ၊ မုန့်ဖုံးသောအဝတ်တို့က အစ ဒန်ဟင်းအိုးကြီးအထိ သန့်ရှင်းဖြူစင်၊ မြင်ရုံနှင့် စားချင့်စဖွယ်ရှိသောကြောင့် တစ်ခါတစ်ရံ မုန့်စားနေသူများအား လှမ်းကြည့်မိရင်းက ကျွန်တော်ကိုယ်တိုင် သွားရည်ယိုအားကျလာမိတော့ကာ အိမ်အောက်ဆင်း၍ ဝယ်စားရသောအခြေသို့ဆိုက်ရောက်တတ်ပါ၏။

တစ်နေ့ကလည်း ကျွန်တော်သည် ထုံးစံအတိုင်းမုန့်ထမ်း ရှေ့သို့ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့၏။ ထိုအချိန်က မုန့်ဟင်းခါးသည်လူရွယ်သည် ကျွန်တော့်အပြင် အခြားလူပေါင်းခြောက်ယောက်တို့အား လက်မလည်အောင် မုန့်ပြင်ပေးနေ၏။ မိန်းမဝဝကြီးတစ်ဦးမှာ နှစ်ပန်းကန်စားပြီးသည်နှင့်ပင် တင်းတိမ်ရောင့်ရဲသေးဟန်မတူ။

'ထည့်စမ်းပါအုံးကွဲ့၊ နောက်တစ်ပန်းကန်၊ အကြော်တစ်ခုကောထည့်လိုက်ပါအုံး'

လူရွယ်မှာ မိန်းမကြီးအတွက် ပြင်၍မှမပြီးသေးမီ . .

'တယ်ကောင်းကိုးကွဲ့၊ ထည့်ပါအုံး၊ ဘယ်ကများ လာရောင်းတာလဲကွယ့်'

ဟုစားပြီးပန်းကန်ကို ထိုး၍ပေးနေသော မွန်မွန်ရည်ရည်လူကြီးတစ်ယောက်အား 'ကြည့်မြင်တိုင်ထဲကပါ ဦးကြီး၊ အရင် တစ်လနီးပါးလောက်ကမှ အစမ်းရောင်းကြည့်လိုက်တာပါ' ဟုဖြေလိုက်ရင်း မုန့်ထပ်ထည့်ပေးနေရပြန်၏။ တစ်ဖန် ကလေးသုံးယောက်တို့အားကျွေးနေသော မိန်းမကြီးတစ်ယောက်က

'ကလေးတွေကို ထပ်လိုက်ပေးပါအုံးကွယ်၊ အဒေါ့်လဲ နောက်တစ်ပန်းကန်။ ရောင်းခါစမို့ ထင်ပါ့၊ တယ်ကောင်းကိုးကွဲ့'

'မဟုတ်ပါဘူး ခင်ဗျာ၊ နောင်ကိုလဲအမြဲတမ်းကောင်းအောင်ကြိုးစားမှာပါပဲ'

ပြောပြောဆိုဆိုလူရွယ်သည် ကလေးတို့၏ ပန်းကန်များကို ထပ်မံဖြည့်ပေးနေလေသည်။ ထိုအခိုက် 'ဟင်းရည်ကလေးနည်းနည်း' ဟု မိန်းမဝဝကြီးက စားပြီးပန်းကန်ကို လက်ထိုးပေးနေပြန်သဖြင့် ဟင်းရည် လိုက်ရပြန်လေ၏။

လူရွယ်သည် ဤသို့လက်မလည်အောင်မုန့်ဟင်းခါးပြင်ပေးနေစဉ်၌ မယ်စီကုန်းလမ်းဘက် ဆီသို့ မကြာခဏ မျှော်၍မျှော်၍ ကြည့်တတ်သည်ကို မသိမသာအကဲခတ်လိုက်မိသော ကျွန်တော့်မှာ တစ်စုံတစ်ခုကိုသိလို၊ စုံစမ်းလိုသောဝါသနာဘာဂီကလေးအတိုင်း မုန့်ပန်းကန်ထဲမှ မုန့်ကျွန်အနည်းငယ် မျှကို အစမသတ်သေးဘဲ လူရွယ့်နည်းတူ မယ်စီကုန်းလမ်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်မိပါသည်။ မကြာမီအတွင်းမှာပင် လူရွယ်၏မျက်လုံးများ ပြောင်လက်တောက်ပသွားသည်ကို မြင်လိုက်ရသဖြင့် သူမျှော်ကြည့်ရာဆီသို့ ကြည့်လိုက်မိပြန်ရာ မယ်စီကုန်းလမ်းထဲမှ ကန့်ကလျှလျှောက်လာနေသော မိန်းမပျိုကလေးတစ်ဦးကိုလှမ်းမြင်ရပါတော့၏။

'ဟေ့ မောင်ရင်၊ ရော့ပိုက်ဆံကွဲ့' ဟု မိန်းမဝဝကြီးက ပိုက်ဆံထုတ်ပေးတော့မှပင် လူရွယ်သည် လမ်းဘက်ဆီမှ မျက်နှာလွှဲလိုက်နိုင်၏။

နောက်နှစ်မိနစ်ခန့်အကြာတွင် မိန်းမပျိုသည် ကျွန်တော်တို့ဘေးနားသို့ဝင်ထိုင်လိုက်ပါသည်။

'တစ်ခွက်ရှင့်၊ အကြော်လဲထည့်ပါ . .'

လူရွယ်သည် မုန့်ရောဟင်းပါ သူတကာထက် ပိုမိုထည့်ပေးလိုက်သည်ဟု ထင်မိပါသည်။ ကလေး သုံးယောက်နှင့် မိန်းမကြီးက မိန်းမပျိုစားတော့မယ့်ဟန်ပြင်သော မုန့်ပန်းကန်ကို လှမ်းကြည့်ရင်း-

'မောင်ရင်က ရောင်းခါစမို့ လက်မမှန်းတတ်သေးဘူးထင်တယ်။ ရော့ . . ရော့ ပိုက်ဆံ' ဟု မုန့်ဟင်းခါးဖိုး ထုတ်ပေးနေသဖြင့် ရိုးသားပုံရသောလူရွယ်၏မျက်နှာမှာ ရှက်ကိုးရှက်ကန်းအသွင်ဆောင် သွားရင်း-

'ဟုတ်ကဲ့ ခင်ဗျာ၊ တစ်ခါတလေ လက်ဆမမှန်သေးဘူး' ဟုစကားရောဖောရောနှင့် ငွေများ ကို လှမ်းယူလိုက်လေ၏။

'ထည့်ပါအုံးရှင့်'

လူရွယ်သည် ထပ်မံ၍သွက်လက်စွာပြင်ပေးလိုက်ပြန်၏။ ဤတစ်ကြိမ်၌လည်း သူ့ လက်မမှန်း တတ်သေး၍လားမသိ။ မုန့်များမှာ ယခင်အတိုင်းပင် များနေပြန်တော့သည်။ မိန်းမပျိုဘေးနားမှ လူကြီးကတော့ မသိမသာပြုံးလိုက်ပါသည်။

'ကဲ . . . ကဲ . . ဦးကိုလဲ နောက်တစ်ခွက်'

လူရွယ်သည် ထိုလူကြီး၏ပန်းကန်ကိုလည်း မိန်းမပျိုအားပြင်ပေးလိုက်သည့်နည်းတူ ခပ်များများကလေးပြင်ပေးလိုက်၏။ ကျွန်တော်လည်းထိုအချိန်ကျမှပင် မိမိပန်းကန်ထဲ၌ မုန့်လုံးဝ ကုန်နေကြောင်းသတိပြုမိသဖြင့် တကယ်တမ်းထပ်စားလိုစိတ်မရှိသော်လည်း တမင်သက်သက်ပင် မှာစားလိုက်ရပြန်သည်။ လူရွယ်သည်ကျွန်တော့်ကိုလည်း ပြင်နေကျမုန့်ဆထက် ပိုမို၍ထည့်ပေးလိုက်ကြောင်း တွေ့ရပါသည်။ ဒါကိုအာရုံစိုက်နေပုံရသည့် လူကြီးက -

'ဟဲ . . . ဟဲ ဟုတ်သားပဲ၊ မောင်ရင်က လက်မမှန်သေးတာအမှန်ပဲ။ ဒီလိုဆို မောင်ရင် ဘယ်အမြတ်ပေါ်ပါ့မလဲ' ဟုပြုံးပြုံးကြီးပြောလိုက်တော့မှ လူရွယ်သည် မပြုံးချင်ပြုံးချင် ပြုံးရင်း လူကြီးအား မော့ကြည့်လိုက်ကာ-

'ဟဲ . . . ဟဲ . . . ဟုတ်ကဲ့' ဟုချော်လဲရောထိုင် ရောနှောရယ်မောလိုက်လေ၏။ ထိုအခိုက်တွင်-

'ဟင် . . . ပိုက်ဆံအိတ် အိမ်မှာမေ့ကျန်ခဲ့ပြီ၊ ကြည့်စမ်းပါအုံး၊ မေ့ပဲမေ့တတ်လွန်းပါရောရှင်၊ အိမ်ပြန်ပြေးယူအုံးမှပါပဲ။ ရှင့်ပိုက်ဆံနောက်မှပဲယူပေါ့နော်၊ ရုံးကားတောင်လာခါနီးပြီ' ဟုပြောပြော ဆိုဆို မိန်းမပျိုသည်ပျာပျာသလဲ ထပြေးလေတော့၏။

'အို . . . ကိစ္စမရှိပါဘူး။ ဘယ်တော့မှ ပေးပေးပေါ့ဗျာ'

ဟုလှမ်းပြောလိုက်သော မုန့်ဟင်းခါးသည် လူရွယ်၏အသံကြီးမှာ ကရုဏာသံတွေယှက်သန်းနေသည်ဟု သဘောပေါက်သွားမိရင်းက ကျွန်တော့်အဖို့ ထိုတစ်မနက်ခင်းအတွက် မုန့်ဟင်းခါးစား၍ ဝမ်းဗိုက်ပြည့်သည်ထက် စိတ်ထဲ၌မဖော်ပြတတ်သော ကြည်နူးနှစ်သိမ့်မှုကလေးများ ပြည့်သိပ်သွားမိပါတော့သည်။

နောက်နေ့များတွင် ကျွန်တော်သည် မုန့်ဟင်းခါးသည်ကလေးအား အထူးပိုမိုဂရုစိုက်မိပါတော့သည်၊ သူ့ကို ဂရုစိုက်မိသည်အမျှ နံနက် ၈ နာရီခွဲတိုင်း၌ မယ်စီကုန်းလမ်းထဲမှ ကိုယ်ဟန်နွဲ့နွဲ့ လျှောက်လာတတ်စမြဲဖြစ်သော အမည်မသိရုံးစာရေးမလေးကိုလည်း အာရုံစိုက်မိတော့သည်။

တစ်ကြိမ်သော တနင်္ဂနွေနေ့ တစ်နေ့၌ကြုံတွေ့လိုက်ရသောအဖြစ်အပျက်ကား အင်မတန်မှပင် စိတ်ဝင်စားဖွယ်ကောင်းလှပေသည်၊ ထိုနေ့မယ်စီကုန်းလမ်းထဲမှ လျှောက်ထွက်လာသော စာရေးမလေးမှာ အခြားအခြားသော နေ့များကကဲ့သို့ တစ်ကိုယ်တည်းမဟုတ်ဘဲ ၎င်း၏ နံဘေး၌ မွှန်မွှန်ရည်ရည် ယောကျ်ားပျိုတစ်ဦးနှင့် ယှဉ်တွဲလျှောက်လာခြင်းကြောင့် မျက်စိပသာဒတွင် ထူးခြားနေသယောင်ယောင်ရှိမိပါသည်။ ကျွန်တော်သည် အိမ်ပေါ်မှ အကဲခတ်ကြည့်ရှုရသည်ကို အားမရနိုင်တော့သည်နှင့် ကော်ဖီနှင့်ပေါင်မုန့် ဗိုက်အပြည့်စားထားပြီးဖြစ်လျက်နှင့် တမင်သက်သက်မုန့်ဟင်းခါးဆိုင်သို့ဆင်းခဲ့မိပေ၏။

PBF BOX - Copyright Protected

'လာ ကိုကို၊ ဒီဆိုင်ပေါ့ . . ကျွန်မပြောတာ၊ တခြားဆိုင်နဲ့မတူဘူး။ သိပ်ကောင်းတာပဲ' ဟုမိန်းမပျိုသည် သူနှင့်အတူ ပါလာသောယောကျ်ားပျိုအားလှည့်ပြောရင်း မုန့်ဟင်းခါးသည်ရှေ့တွင် ဝင်ထိုင်လိုက်ကြသည်။

'နှစ်ခွက်ထည့်ပေးပါရှင်၊ တနင်္ဂနွေနေ့ ရုံးပိတ်ရက်တစ်ခါမှ လာမစားဖူးသေးဘူး။ ကိုကို့ကို ကျွေးချင်လွန်းလို့ လာခဲ့တာ၊ ကောင်းကောင်းကလေးပြင်ပေးရမယ်နော်. . .'

'ဟုတ်ကဲ့ ခင်ဗျာ'

ဟုဆိုကာ မုန့်ပြင်ပေးနေသော မုန့်ဟင်းခါးသည်ကလေး၏လက်တို့မှာ အခြားသောနေ့များကလောက် မသွက်လက်ချေ။

'ဒီတစ်ခါ နည်းသွားတယ်နော်. . ဟိုနေ့တွေက လက်ဆမမှန်လို့ ရှုံးပြီထင်တယ်၊ ဟင်း . . ဟင်း'

ဟု မိန်းမပျိုက ငွေဆည်းလည်းသံလေးဖြင့်ရယ်လိုက်၏။

'ဟုတ်ကဲ့'

ဟုသာ လူရွယ်က တုံးတိတိပြန်ဖြေလိုက်၏။ သူ့မျက်လုံးကြီးများကား မိန်းမပျို၏ဘေး၌ မုန့်ဟင်းခါး ကုန်း၍လွေးလျက်ရှိသော ယောကျ်ားပျိုအပေါ်သို့ မသိမသာရောက်ရှိနေကြောင်း ကျွန်တော်အကဲခတ် လိုက်မိပါသည်။

'ပေးပါအုံး . . နောက်တစ်ခွက်စီ' ဟု မိန်းမပျိုက မှာလိုက်ပြန်သည်။ လူရွယ်ကား မုန့်များကို နှေးကန်စွာပင် ထပ်မံ၍ပြင်ပေးနေပြန်၏။

'မုန့်ဟင်းခါးရောင်းရတာ သိပ်ဟန်မကျဘူးထင်တယ်။ ရှင့်ကြည့်ရတာရောင်းခါစတုန်းကလို မဟုတ်ဘူး။ ဒီလိုပေါ့ရှင်၊ ရောင်းခါစဆိုတာ ဘယ်တွက်ချေကိုက်အုံးမလဲ. .၊ နောင် ရောင်းရင်း ရောင်းရင်းနဲ့ပဲ ဟန်ကျလာမှာပေါ့'

ဟု မိန်းမပျိုကပြုံးပြုံးကလေးအားပေးလိုက်သဖြင့် လူရွယ်မှာစိတ်ထဲ၌ကျိတ်၍ ဒေါပွသွား ဟန်တူသည်။

မိန်းမပျိုနံဘေးမှ ယောကျ်ားပျိုမှာကား စကားတစ်ခွန်းမှမပြော။ တစ်ယောက်တည်း ခေါင်းကြီးငုံ့၍သာ မြိန်ရှက်စွာစားနေ၏။

'ရော့ ရှင့်ပိုက်ဆံ၊ ဒီကနေ့တော့ မုန့်ပြင်တာ သိသိသာနည်းသွားတာပဲ။ ရှင်က လျှော့မဲ့ လျှော့ တော့လဲ ဖောက်သည်တွေကိုတောင် လျှော့တော့တာကိုးရှင့်'

ဟု စကားတပြောပြောနှင့်ပင် ပိုက်ဆံများကိုရှင်း၍မိန်းမပျိုရော သူ့အဖော်ယောကျ်ားပျိုပါ မယ်စီကုန်း လမ်းထဲသို့ ပြန်လည်ဝင်ရောက်သွားကြလေတော့သည်။ သူတို့နှစ်ဦးထွက်သွားရာဆီသို့ လှမ်းမျှော် ကြည့်လိုက်စဉ် မုန့်ဟင်းခါးသည်လူရွယ်၏ မျက်နှာမှာညှိုးပုပ်လျက်ရှိခဲ့၏။

DBE BOY Copyright Protected

ကျွန်တော့်အဖို့ ရုံးများပြန်လည်ဖွင့်မည်ဖြစ်သော တနင်္လာနေ့ ၈ နာရီခွဲအချိန်ကိုသာ စိတ်စောနေမိခဲ့၏။ ထို့နေ့နံနက်၌ ပို၍စောစောထကာ မျက်နှာသစ်၊ အဝတ်အစားလဲလှယ် ဝတ်ဆင်ပြီး သကာလ မယ်စီကုန်းလမ်းထဲမှ အမည်မသိ ရုံးစာရေးမလေးထွက်လာမည့် အချိန်ကိုသာ စောင့်စားနေမိပါတော့သည်။

မုန့်ဟင်းခါးသည်ကလေး၏ ရှေ့၌ကား ထုံးစံအတိုင်းပင် လူစည်ကားလျက်ရှိ၏။ သို့သော်သည်တစ်ခါ သူသည် ယခင်နေ့တွေတုန်းကလိုမမျှော်။ ခေါင်းကြီးငုံ့၍သာ မုန့်ဟင်းခါးပြင်ပေးလျက်ရှိတော့သည်။

'ရှင့်ဆရာကြီး. . မုန့်တစ်ခွက်ပြင်ပေးစမ်းပါ'

သူကလေး၏ အသံကား အခါတိုင်းနေ့များကလိုပင် သာယာမြိုသာယာလျက်ရှိ၏။ သို့သော် မုန့်ဟင်းခါးသည်လေးကတော့ မှာသောမုန့်ကိုသာ လေးကန်ဖင့်နွဲ့လှစွာဖြင့် ပြင်ပေးလိုက်လေသည်။ မိန်းမပျို မုန့်ဟင်းခါးကို ငုံ့၍စားနေတော့မှပင် မသိမသာ သူခိုးကြည့်လိုက်၏။

'ရှင်မုန့်ပြင်ပေးတာ အတော်ကြီးကို လက်မှန်သွားပြီးနော်၊ ဒါမှလဲ အမြတ်ပေါ်မှာပေါ့ရှင့်'

မိန်းမပျို၏ မှတ်ချက်ကို 'ဟုတ်ကဲ့' ဟုသာ လူရွယ်က စကားပြန်လိုက်လေသည်။

'မနေ့က ရှင် . . ကျွန်မ အစ်ကိုကြီးကဖြင့် ရှင့် မုန့်ဟင်းခါးကို ချီးမွမ်းလို့မဆုံးဘူး။ သူက တစ်နေ့ကမှ စစ်မြေပြင်က စစ်တိုက်ပြီး ပြန်ရောက်လာတာရှင့်။ ငှက်ဖျားမိခဲ့လို့ စစ်ဆေးရုံ တက်ရပြီး ခုမှပြန်ဆင်းလာတာ။ လူမမာနာလန်ထဆိုတော့ သရေစာဆိုရင် သိပ်စားချင်နေတာ။ ဒီကနေ့တောင် ကျွန်မကိုလိုက်ပို့ရင်း ရှင့် မုန့်ဟင်းခါးစားအုံးမလို့တဲ့၊ အပြင်ခဏခဏထွက်ရင် ပြန်ဖျား နေမှာစိုးလို့ မနည်းတောင်းပန်ထားခဲ့ရတယ်။ လုပ်စမ်းပါအုံး နောက်တစ်ခွက်။ ဒီကနေ့တော့ မနက်စာ အတွက် စားသွားမှပဲ။ အိမ်ကထမင်း စားမလာခဲ့ရဘူး။'

မုန့်ဟင်းခါးသည် လူရွယ်သည် မိန်းမပျို၏ စကားများကို တအံ့တသြနားထောင်နေရာက တစ်စတစ်စမျက်နှာအသွင်ပြောင်းလဲလာပြီးနောက် မိန်းမပျိုက 'နောက်တစ်ခွက်' ဟုဆိုလိုက်သည်နှင့် တစ်ပြိုင်နက်ဘေးလူ မည်သူကိုမှ ဂရုမစိုက်၊ ပြောင်ပြောင်ကြီးပင် မုန့်ရောဟင်းပါ စေတနာဗရပွ မောက်မောက်ကြီးပြင်ပေးလိုက်တော့၏။

'ဟင်. . . ရှင့်ကို မုန့်ပြင်တာ လက်မှန်သွားပြီထင်နေတာ။ ဟော . . . အခုများလာပြန်ပြီ' ဟု မိန်းမပျိုက ပါးချိုင့်ကလေးများ ခွက်ဝင်သွားအောင်ပြုံး၍ပြောလိုက်သည့် အခါတွင်မူ-

'ဟဲ . . . ဟဲ တစ်ခါတလေတော့လဲ များသွားတတ်တာပဲပေါ့ဗျာ၊ ရောင်းခါစကိုး' ဟု ပြုံးပြုံးကြီးပြန်ဖြေသည်ကို ကြားလိုက်ရပါတော့သည်။

မင်းရှင်

**လေ့ကျင့်ခန်း**

၁။ "ရောင်းခါစ"ဝတ္ထုတိုမှ တွေ့ရသည့် လူ့သဘောသဘာဝများကို တင်ပြပါ။

၂။ "ရောင်းခါစ"ဝတ္ထုတိုမှ မည်သည့်ဇာတ်ကွက်ကို အနှစ်သက်ဆုံးဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

၃။ "ရောင်းခါစ"ဝတ္ထုတိုတွင် အားပြိုင်မှုကို တွေ့ရပါသလား။ မည်သည့်အားပြိုင်မှုမျိုးဖြစ်သနည်း။ ရှင်းလင်းတင်ပြပါ။

၄။ "ရောင်းခါစ"ဝတ္ထုတိုမှ မုန့်ဟင်းခါးသည်လေး၏ စရိုက်သဘာဝကို သရုပ်ဖော်ရေးသားပါ။

၅။ "ရောင်းခါစ"ဝတ္ထုတိုမှ ခံစားရရှိသည့် ရသများကိုဖော်ပြပါ။

DBE BOX - Copyright Protected

## လူရိုးဆိုတာ

"ကိုညီရေသွားကြည့်လိုက်အုံး . . ဟိုမှာကိုချစ်အောင်တို့ဘက်က ခြံစည်းရိုးကာနေတယ်" မိန်းမက ကျုပ်ကို လာပြောတယ်။

"ကာပစေပေါ့ . . . ချစ်အောင်က စိတ်ချရပါတယ်၊ ကြည့်ဖို့လိုတဲ့လူ မဟုတ်ပါဘူး" ကျုပ်နဲ့ ချစ်အောင်ဆိုတာ ငယ်ပေါင်းအကြောင်းသိ

"လို-မလို သွားကြည့်လိုက်ပါအုံး . . ဒီဘက်ကသရက်ပင် သူတို့ခြံထဲထည့်ကာထားတယ်" မိန်းမက ထပ်ပြောနေတုန်းပဲ. . .

"ဟာ. . . အဓိပ္ပာယ်မရှိတာကွာ. . .၊ အဲဒီသရက်ပင်က ဒီဘက်ကဆိုတာ ချစ်အောင်ရော ငါရော သိတာပဲ. . . ချစ်အောင်က ဒီလိုမတရားလုပ်တဲ့ကောင်မျိုးမဟုတ်ပါဘူး"

မိန်းမဆက်ပြောနေတာကို ကျုပ်သဘောမကျဘူး။ မဟုတ်တာ ပြဿနာလာလုပ်နေတယ် ထင်တာ။ ဒါပေမဲ့ သွားတော့ကြည့်လိုက်ပါတယ်။

ဟာ. . . ဟုတ်တာပေါ့. . . ကိုယ့်မျက်စိတောင် ကိုယ်မယုံဘူး။ ချစ်အောင်တို့ ခြံကာတာ ဒီဘက်ကို အများကြီးရောက်နေတယ်။ ဒီဘက်က သရက်ပင်လဲ သူတို့ဘက် ပါသွားပြီ။

"ချစ်အောင်. . . ဘယ်လိုလုပ်တာပါလိမ့်"

ကျုပ်နားမလည်အောင်ဖြစ်ရတယ်။

"ချစ်အောင်ရေ. . . ချစ်အောင်"

ခြံစည်းရိုးနားထိသွားပြီး အသံပြုရတယ်။

သူတို့အိမ်ထဲက ချစ်အောင်မိန်းမ မိကြွေ ထွက်လာတယ်။

" ကိုချစ်အောင် မရှိဘူး။ တောင်ရိုးတက်သွားတယ်"

" ဟေ. . . ဘယ်နေ့ကတက်သွားတာလဲ "

" မနေ့က"

ချစ်အောင်က အိမ်မှာမရှိဘူး။ ကျုပ်ဘာဆက်ပြောရမှန်း မသိတော့ဘူး။ မနေ့ကမှ တောင်ရိုးတက်သွားတယ်ဆိုရင် အနည်းဆုံး သုံးလေးညတော့ကြာမယ်။ ကျုပ်တို့ရွာ လူတွေက ခုလိုလယ်ယာလုပ်ငန်းပါးတဲ့အခါကျရင် ရှမ်းရိုးမအခြေက တောင်ရိုးထိသွားပြီး သစ်ပင်ခြောက်၊ သစ်ကိုင်းခြောက်များကို ထင်းအဖြစ် ခုတ်ယူကြသည်။ လှည်းရှစ်စီး၊ ဆယ်စီးစုသွားကြတယ်။

"သစ်ခြောက်ပင်၊ သစ်ခြောက်ကိုင်းကရှားလို့ တောင်အမြင့်အထိ တက်ရှာရတယ်။ တောင်ရိုး သွားကြမယ်လို့ ပြောနေကြတာတော့ကြားပါတယ်။ ချစ်အောင်ပါမှန်း မသိဘူး"

"ချစ်အောင်မရှိဘဲနဲ့ ပြောရမှာလဲအခက်၊ ဒါပေမဲ့ မပြောဘဲနဲ့ ရက်ကြာသွားရင်လဲ မကောင်း ပြန်ဘူး။ ခြစည်းရိုးကာတာက မိကြွေလုပ်နေတာ"

"နင်တို့ခြစည်းရိုး အသစ်ကာတာ ဒီဘက်အများကြီးရောက်နေတယ်။ နည်းနည်းဆို ငါ မပြော ပါဘူး။ ဒီဘက်က သရက်ပင်ပါ နင်တို့ခြံထဲရောက်နေပြီ"

" ရောက်ရမှာပေါ့ သရက်ပင်က အစတည်းက ဒီဘက်ခြံထဲကပဲ"

" မိကြွေရာ နင်ဘာမှမသိဘဲနဲ့ လျှောက်ပြောမနေနဲ့၊ ချစ်အောင်တို့ ငါတို့က ဒီနေရာမှာ နေခဲ့တာကြာပြီ။ အားလုံးသိတယ်။ နင်က မနေ့တစ်နေ့ကမှ ချစ်အောင်နဲ့ညားပြီး ဒီအိမ်ရောက် လာတာ"

"ဟုတ်တယ်လေ. . . ကျုပ်မသိပါဘူး။ ကိုချစ်အောင်ပြောလို့ သူပြောတဲ့အတိုင်း ကာတာပဲ"

"ဘာပြောတယ်. . . ချစ်အောင်က ဒီသရက်ပင်ကို နင်တို့ဘက်ကလို့ပြောလို့လား"

"ပြောတယ်လေ။ သူပြောလို့ ကာတာပေါ့။ ကိုယ့်ဘာသာလုပ်တာ မဟုတ်ပါဘူး"

"ဟာ. . . ဒါဆိုရင်တော့ ရှုပ်ကုန်ပြီ"

ကျုပ်ဘာမှ နားမလည်တော့ဘူး။

"ကဲဟာ. . . နင်နဲ့ ငါနဲ့ ဒီလိုပြောနေလို့ တရားမဝင်ပါဘူး။ နင်နေ့ခင်းကျရင် ရုံးလာခဲ့"

"လာဆိုရင်လဲ. . . လာရုံပဲ။ လူကြီးဆိုပြီး မတရားလုပ်လို့တော့ မခံနိုင်ဘူး"

"မိကြွေရာ. . နင်ကလဲ စွာမနေစမ်းပါနဲ့. . ငါတစ်ယောက်တည်းမဟုတ်ပါဘူး. . အဖွဲ့ဝင်တွေနဲ့ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေလဲ ခေါ်ထားမှာပါ. . "

"စွာစရာ ရှိရင်တော့ စွာရမှာပဲ"

မိကြွေရဲ့ ခပ်တိုးတိုးဆိုပေမဲ့ ကြားရလောက်အောင် ပြောကျန်ခဲ့တဲ့အသံ။

နေ့ခင်းကျတော့ ကျေးရွာရုံးမှာ ဆုံကြရတယ်။ ကျုပ်က ရွာလူကြီးပါ။ ခုနစ်တန်းအောင် အထိ ကျောင်းနေဖူးတယ်။ ထုံးစံအတိုင်း တောသားရွာသားဆိုတာ လယ်သမားသား လယ်သမား ပါပဲ။ ကိုယ့်ရွာမှာပဲ ကိုယ်နေရတာ ပျော်တယ်။ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေစုံအောင်ရောက်ပြီး မကြာမီမှာပဲ မိကြွေ ရောက်လာတယ်။

PDF BOX - Copyright Protected

"မိကြွေ . . လာထိုင်။ ငါကိုယ်တိုင်က ရွာလူကြီးဖြစ်ပြီး ကိုယ့်ခြံကိစ္စ ပြောရဆိုရတာတော့ မကောင်းဘူးပေါ့။ ဒါပေမဲ့ ငါမဆုံးဖြတ်ပါဘူး။ ကျန်တဲ့လူကြီးတွေ ဆုံးဖြတ်ပါလိမ့်မယ်"

" ကောင်းတာပေါ့တော်. . . အဲဒီလိုပဲ ဖြစ်သင့်တာပေါ့"

မိကြွေပြောပုံကအညှနဲ့နဲ့ အတက်နဲ့၊ မိကြွေကိုကျုပ် လှမ်းကြည့်လိုက်ပါတယ်။ မိကြွေက ချစ်အောင်ထက် ငါးနှစ်ငယ်တယ်။ ချစ်အောင်က ကျုပ်ထက် နှစ်နှစ်ငယ်တယ်။ မိကြွေက ဒီရွာက မဟုတ်ပါဘူး။ ဆည်ကတော်ရွာသူ၊ နွေရာသီကျရင် ရွာလာပြီး မုန့်လက်ဆောင်းရောင်းရင်း အပြော အဆိုလေးက သွက်လက်ချက်ချာတော့ ချစ်အောင်အမေ ဒွေးလေးဖော့က သဘောကျတာ။ ရုပ်ကလေး လဲ မဆိုးပါဘူး။ ချစ်အောင်က လူရိုး၊ လူအေး၊ သူ့အစွမ်းနဲ့ရတာ မဟုတ်ဘူး၊ ဒွေးလေးဖော့က ပြောပေးရတာ၊ ချစ်အောင်နဲ့ ကျုပ်က ညီအစ်ကိုလို ခင်တာကိုး။

"ငါ. . နင့်ကို တစ်ခုမေးမယ်။ နင်က ချစ်အောင်မရှိတုန်းမှ ဘာလို့ခြံစည်းရိုး ကာရတာတုံး"

"ကိုယ့်အိမ်ပဲ ကိုယ်ကာချင်တဲ့အချိန် ကာမှာပေါ့။ ယောက်ျားမရှိတဲ့အချိန် မိန်းမအားနေ တော့ ကာချင်ကာမှာပေါ့"

" ချစ်အောင်တို့ ငါတို့က ခြံစည်းရိုးနေရာအမှန်ကိုသိတယ်။ နင်ကမသိဘဲနဲ့ကာလို့ပြောတာ"

"ကျုပ်မသိပေမဲ့ သိတဲ့ ကိုချစ်အောင်ပြောတော့ သိတာပေါ့။ သိတဲ့အတိုင်း ကာတာပဲ"

"ဟင်. . . ချစ်အောင်က ဘယ်လိုပြောလို့လဲ။ အခု နင်တို့ခြံထဲထိ ပါသွားတဲ့ သရက်ပင်ကို နင်တို့ဘက်က အပင်လို့ ချစ်အောင်ပြောလို့လား. . . "

"ပြောတာပေါ့၊ သရက်ပင်က သူစိုက်တဲ့ အပင်။ သူစားတဲ့အစေ့ကို ပြန်စိုက်ထားတာတဲ့"

"ဟင်. . . ချစ်အောင်က အဲဒီလိုပြောလား. . . "

"ပြောတာပေါ့. . . တော်ကလဲ တော်တို့ဘက်မှာ သရက်ပင်တစ်ပင်စိုက်တယ်တဲ့ မရှင်ဘူး။ ငယ်ငယ်လေးမှာ သေသွားတယ်တဲ့ "

"အဲဒါတော့ဟုတ်တယ်။ ငါစိုက်တဲ့အပင်က သေသွားပြီ။ ဒါပေမဲ့ အခုရှိနေတဲ့အပင်လဲ ငါတို့ဘက်ကပဲ "

"ကိုချစ်အောင်က လူရိုးလူမှန်ပဲ။ တစ်ရွာလုံးသိတယ် . . . "

"အေး. . . ငါပိုသိတာပေါ့ "

"ဒါဆို. . . သူက မဟုတ်တာ မမှန်တာဘယ်ပြောမလဲ "

မိကြွေက အပိုင်ပြောလိုက်တယ်။

DBEBOX Copyright Protected

"အေး. . . ဒါဆိုရင်. . . ငါနင့်ကိုမေးမယ်၊ နင်မှန်တဲ့အတိုင်းပြော. . . ချစ်အောင်က ဒီသရက်ပင်ကို သူ့အပင်၊ သူတို့ဘက်က အပင်လို့ပြောခဲ့လား. . . "

"ပြောတာပေါ့. . . ပြောလို့ သူ့စကားအတိုင်း သစ်ပင်ကို ခြံထဲထည့်ကာတာပေါ့"

မိကြွေက အခိုင်အမာပြောလိုက်တယ်။

"ကဲ. . . လူကြီးတွေ ဒီကိစ္စ ကျုပ်ပဲဆုံးဖြတ်လိုက်မယ်၊ ချစ်အောင်ကပြောတယ်ဆိုရင်တော့ အခုကာထားတဲ့အတိုင်းနေပါစေ၊ ကျုပ်ကျေနပ်တယ်. . "

လူကြီးတွေအားလုံး ခေါင်းညိတ် သဘောတူလိုက်ကြသည်၊

"ချစ်အောင် ဘယ်လိုဖြစ်သွားပါလိမ့် "

ကျုပ်တွေးလို့မရဘူး၊ အံ့ဩနေတယ်၊ ချစ်အောင်ကအလွန်ရိုးအတဲ့ကောင် လိမ်ညာမပြောတတ်ဘူး၊ ကျုပ်မှတ်မိသေးတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကပေါ့။ အဖေ ကျန်းမာရေးမကောင်းလို့ ကျုပ်က လယ်လုပ်ငန်းမှာ တာဝန်ယူနေရပြီ လယ်တွေရိတ်ပြီးတော့ တလင်းတွင်း စပါးသိမ်းဖို့ ချစ်အောင်နဲ့ စံရွှေကို အကူခေါ်ရတယ်၊ လုပ်ခတော့ ပေးရတာပေါ့၊ သူတို့နှစ်ယောက်လုံးက ကာလသားပေါက် ဖြစ်နေပါပြီ၊

ပြာသိုလထဲမှာ မနက်ဆို သိပ်ချမ်းတာပေါ့၊ ဘယ်သူမှ စပါး ထမနယ်ချင်ဘူး၊ အစောဆုံးလူက လေးနာရီ ထနယ်ရမှာ၊ အိပ်ရေးပျက်တယ်။ ချမ်းလဲချမ်းတယ်၊ ဒုတိယလူက ငါးနာရီ ထနယ်ရမယ်။ တတိယလူကတော့ ခြောက်နာရီထနယ်ရမယ်၊ အိပ်ရေးလဲ ဝတယ်၊ ချမ်းလဲ သိပ်မချမ်းတော့ဘူး။ နောက်ဆုံးလူကအကောင်းဆုံး၊ ပထမဆုံးလူက အနာဆုံး။

ဒါကြောင့် ဘယ်သူအရင်နယ်မလဲ အငြင်းပွားနေကြတယ်၊ အဲဒီအချိန်မှာ-

"ခဏနေကြအုံး"

ချစ်အောင် ထွက်သွားတယ်၊ အတိုအရှည် မညီတဲ့ တုတ်သုံးချောင်းချိုးလာတယ်။

"ကဲ မင်းတို့ဆွဲကြ ဒီတုတ်ချောင်းက အတိုအရှည်မညီဘူး။ ဘယ်တုတ်အရင်၊ ဘယ်တုတ် က အလယ်၊ ဘယ်တုတ်က နောက်ဆုံး ငါမှတ်ထားတယ်၊ ကိုယ်ကျတဲ့အတိုင်း နယ်ရမှာနော်၊ အငြင်းမပွားရဘူး"

ကျုပ်တို့ နှစ်ယောက်က သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်တယ်၊

" ကဲ စပြီးဆွဲတော့ "

ချစ်အောင်က ထိပ်မှာ အညီထားပြီး အောက်ဘက်က တုတ်ကို အတိုအရှည်မပေါ်အောင် ဆုပ်ကိုင်ထားတယ်။ ကျုပ်အရင် ဆွဲလိုက်တယ်။



DBE BOA - Copyright Protected

ကိုင်ထား။ ကိုယ့်တုတ်ကို ကိုင်ထားလို့ ချစ်အောင်က သတိပေးတယ်။

ကျုပ်လက်ထဲမှာ တုတ်ကလေးကို ဆုပ်ကိုင်ထားပါတယ်။

ဒုတိယစံရွှေ တုတ်ကလေးတစ်ချောင်းဆွဲယူလိုက်တယ်။ တုတ်သုံးချောင်း ယှဉ်ကြည့်တယ်။ ချစ်အောင်တုတ်က အရှည်ဆုံး။

"ကဲကွာ. . . ကဲကွာ. . . ကဲကွာ "

ချစ်အောင်စိတ်ဆိုးပြီး သူ့တုတ်ကို သုံးပိုင်းကိုချိုးပစ်လိုက်တယ်။

"အရှည်ဆုံးတုတ်က အရင်နယ်ရမယ်လို့ ငါ့စိတ်ထဲမှာ သတ်မှတ်ထားတာကွ၊ အလတ်တုတ်ရရင် ဒုတိယ၊ အတိုဆုံးတုတ်က နောက်ဆုံးကွ "

ချစ်အောင် သူအရင် နယ်အလှည့်ကျ၍ မကျေမနပ်ဖြစ်နေသည်။ ကျုပ်ကျတဲ့တုတ်က အလတ် ဒုတိယ နယ်ရမယ်။ စံရွှေက နောက်ဆုံး။

ဒီအချိန်မှာ ကျုပ်တစ်ခု သတိရတာနဲ့ ချစ်အောင်ကို မေးကြည့်တယ်။

"ဘယ်တုတ်က ဘယ်အချိန်နယ်ရမယ်ဆိုတာ တို့ကိုကြိုလဲပြောမထားဘူး။ တို့က ငြင်းရင် ဘယ်လိုလုပ်မလဲ. . "

"ဘာလို့ငြင်းရမှာလဲဗျ. . . ကျုပ်က တုတ်သွားချိုးတဲ့လူ၊ ကျုပ်က ဒိုင်လူကြီးပဲ။ ကျုပ်စိတ်ထဲ မှတ်ထားတဲ့အတိုင်း လုပ်ရမှာပေါ့။ အခုလဲ ကျုပ်အရင်နယ်ရမှာပဲလေ"

"အေး. . မင်းအရင်နယ်ရလို့ ပြဿနာမပေါ်တာ၊ စံရွှေက တုတ်အရှည်ဆုံးကျလို့ အရင်ဆုံး နယ်ရမယ်ဆိုရင် သူက ငြင်းချင်ငြင်းမှာပေါ့ "

" ငြင်းရင်ဆွဲထိုးမှာပေါ့ "

" တကယ်လို့ငါက တုတ်အရှည်ဆွဲမိရင်ရော "

"ခင်ဗျား အရင်နယ်ပေါ့ "

"မင်းစိတ်ထဲမှာမှတ်ထားတာငါတို့မှမသိဘဲ၊ မင်းက အမျိုးမျိုးပြောင်းပြောလို့ ရတာပေါ့ "

"ခင်ဗျားက ကျုပ်ကို မယုံတာလား "

ချစ်အောင် မေးပုံက မာတယ်။ တင်းတယ်။

"မယုံလို့ မဟုတ်ပါဘူး။ ပြောင်းပြောတယ်လို့ ထင်မယ်ဆိုရင် ထင်နိုင်တာကိုပြောတာ"

"ထုံးစံမရှိဘူး။ ကျုပ်ဘယ်တော့မှမညာဘူး။ ခင်ဗျားအရင်ကျလို့ ကျုပ်ပြောတာမယုံဘူး ဆိုရင်

ခင်ဗျားကအသက်ကြီးဆုံး။ ပြီးတော့ ခင်ဗျားလယ်။ ကျုပ်က မလုပ်တော့ဘဲနဲ့ ပြန်သွားမှာပေါ့။ ဘာလဲ ခင်ဗျားက အခုလဲ ဒုတိယနယ်ရမှာကို မကျေနပ်လို့လား။ မယုံလို့လား ”

ချစ်အောင် လေသံမှာ ဒေါသပါလာတယ်။

“ငါက မင်းကို ယုံပါတယ်။ မင်းအကြောင်း ငါက ငယ်ငယ်ကတည်းက သိထားတာပဲ။ မသိတဲ့လူနဲ့ကျရင် မင်းစိတ်ထဲမှတ်ထားတယ်ဆိုတာ ဘယ်သူမှ မသိတော့ မယုံဘူးပြောမှာ စိုးလို့ပါ”

“မယုံရင်. . . အဲဒီလိုကောင်မျိုးတွေနဲ့ စကားလဲမပြောဘူး။ အလုပ်လဲ မလုပ်ဘူး”

ချစ်အောင်ဆိုတာက အဲဒီလိုကောင်မျိုး၊ မလိမ်တတ်ဘူး၊ မညာတတ်ဘူး။ ရိုးဖြောင့်တယ်။ သူရိုးဖြောင့်တာကိုလဲ ယုံကြည်ရင် ကျေနပ်တယ်။ မယုံကြည်ရင် မကျေနပ်ဘူး။ ဒါကြောင့် အခုကိစ္စမှာ ကျုပ် သိပ်ကိုအံ့သြနေရတာ။ ခြစည်းရိုး အပေါင်းနေရာကို နှစ်ယောက်စလုံး သိတယ်။ သရက်ပင်က သူတို့ဘက်က မဟုတ်ဘူး။ ကျုပ်တို့ဘက်က။ အဲဒါကို ချစ်အောင် အမေ ဒွေးလေးဖော့လဲ သိတယ်။ ဒါပေမဲ့ ဒွေးလေးဖော့က မနှစ်က ဆုံးသွားပြီ။

ချစ်အောင်က သူ့မိန်းမကို ဘာဖြစ်လို့ သူစိုက်တဲ့အပင်ကို သူ့ဘက်ကလို့ ပြောရတာလဲ။ သူ့မိန်းမက လည်တယ်။ သူလဲ လည်တဲ့မိန်းမနဲ့ပေါင်းပြီး ရိုးဖြောင့်တာတွေ ပျောက်သွားပြီလား။

ကျုပ်စိတ်မကောင်းဖြစ်မိတယ်။

နောက်နှစ်ရက်လောက်ရှိတော့ နေ့လယ်ခင်းတစ်ခုမှာ လင်မယားကွာရှင်းလို့မှုတစ်ခု တိုင်ထားတာနဲ့ ရုံးမှာ လူကြီးအစုံ ရောက်နေကြတယ်။ လင်မယားကွာရှင်းမှုဆိုတော့ စိတ်ဝင်စားကြတယ်။ နှစ်ဖက်ဆွေမျိုးတွေကလဲ လာကြတာပေါ့။ ရုံးမှာလူစည်ကားတဲ့နေ့ပါပဲ။ အပြန်အလှန် ပြောကြဆိုကြ မကျေနပ်တာတွေ ဒေါသတွေနဲ့ပေါ့။ ကျုပ်တို့လူကြီးတွေက မေးတာတွေလဲ ဖြေကြပါတယ်။ မေးရင်းဖြေရင်း ရယ်စရာတွေပါတော့ ဝါးခနဲ ရယ်သံတွေထွက်လာတယ်။ ခဏ ခဏ ရယ်သံတွေ ထွက်တော့ လူတွေပိုရောက်လာကြပြန်တယ်။

DBE BOX Copyright Protected

အိမ်ထောင်သက်တမ်း တစ်နှစ်တောင် မပြည့်သေးတဲ့ ငယ်သူတွေပါ။ ကလေးလဲ မရှိသေးပါဘူး။ နောက်တော့ လူကြီးတွေက မကွဲဖို့ မကွာဖို့ တစ်ယောက်ပြီးတစ်ယောက် ဆုံးမကြတယ်။ တဖြည်းဖြည်းနဲ့ သူတို့စိတ်ပျော့သွားတယ်။

နှစ်ယောက်စလုံးဆီက တောင်းဆိုချက်တွေ ရှိလာတယ်။ မိန်းကလေးက ယောကျ်ားလေးကို ဘယ်လိုမပြောရဘူး၊ ဘယ်လိုဆက်ဆံတာမကြိုက်ဘူးဆိုတာတွေ ပြောလာတယ်။ ကျုပ်တို့ လူကြီးတွေက ယောကျ်ားလေးကို ကတိပေးခိုင်းတယ်။ ကတိပေးတော့ လက်ခုပ်တွေတီးကြတာ ဆူညံသွားတာပဲ။ ယောကျ်ားလေးကလဲ သူမကြိုက်တာတွေ ပြောပြန်တယ်။ လူကြီးတွေက မိန်းကလေးကို

ကတိပေးခိုင်းကြတယ်။ မိန်းကလေးက ကတိပေးပါတယ်။ လက်ခုပ်တွေ တီးကြပြန်တယ်။ ပျော်စရာကြီး ပါပဲ။ သူတို့မကွာတော့ပါဘူး။ ပြန်ပေါင်းသွားတယ်။ ပျောက်သွားတာပါပဲ။ အားလုံးကလဲ ပတ်ချာလည် ဆွေမျိုးတွေပဲ။ တစ်ခါတစ်ရံကျတော့ ပျော်စရာ၊ ကြည်နူးစရာ ကောင်းပါတယ်။ တစ်ခါတစ်ခါကျတော့လဲ အဲဒီလိုဆွေမျိုးတွေ ပတ်လည်ဖြစ်နေလို့ပဲ စိတ်ပျက်စရာ တွေကြုံရတယ်ဗျ။ ပြောမရ ဆိုမရနဲ့ စိတ်ညစ်စရာ။

လင်မယားပြန်ပေါင်းပြီးလို့ လူတွေပျော်ပျော်ပါးပါးပြောဆိုနေတဲ့အချိန်မှာပဲ ရုံးထဲကို လူတစ်ယောက်ဝင်လာတယ်။

" ဟာ. . . ချစ်အောင်. . . လာ၊ မင်းတို့ တောင်ရိုးသွားတာ ပြန်ရောက်ပြီလား "

ကျုပ် ကလှမ်းမေးတယ်။

" ခုပဲ ပြန်ရောက်တယ်၊ ရောက်ရောက်ချင်း ရုံးကိုလာခဲ့တာ "

" ဘာကိစ္စလဲပြော"

" ကျုပ်မရှိတုန်း မိကြွေ ခြံစည်းရိုးကာထားတာ မှားနေလို့"

" ဘာမှားတာလဲကွ"

ကျုပ်က သိလျက်နဲ့မေးတာပါ။

"သရက်ပင်က ကျုပ်တို့ဘက် မဟုတ်ဘူးဗျ။ ကိုညီတို့ဘက်က ခုတော့ ကိုညီတို့ မြေ အများကြီး ကျုပ်တို့ဘက်ရောက်နေပြီဗျ"

ဒါ ချစ်အောင် အစစ်ပဲ။

"မင်းမိန်းမက ပြောတော့ သရက်ပင်က မင်းစိုက်ထားတာ။ မင်းတို့ဘက်ကလို့ မင်းပြော တယ်ဆိုတာနဲ့ ငါကပေးလိုက်တာ "

"အဲဒါ ဟုတ်မှမဟုတ်ဘဲဗျ။ ကိုညီ သိလျက်သားနဲ့ မပေးသင့်ပါဘူး"

ချစ်အောင်က ကျုပ်ကို အပြစ်တင်တယ်။

"ရော. . . ခက်ပြီ. . . သရက်ပင်က မင်းစိုက်. . . "

"ကျုပ်စိုက်တယ်ဆိုတာ ဟုတ်တယ်ဗျ။ ကျုပ်စားတဲ့ သရက်စေ့အိမ်ရှေ့ ကွပ်ပျစ်ကနေ လွှင့်ပစ် လိုက်တာ။ ကိုညီတို့ခြံဘက်ရောက်သွားတာဗျ။ မိုးကျလို့ သရက်ပင်လေး ပေါက်လာတော့ ငါ့ သရက်ပင်လေးကွဆိုပြီး၊ တုတ်ချောင်းလေးတွေ စိုက်ပြီးကာထားတာ။ ကိုညီကလဲ သရက်ပင်လေး တစ်ပင်ကို ကျုပ်လိုတုတ်ကလေးတွေစိုက်ပြီး ဒါက ငါ့သရက်ပင်လို့ ပြောတာ . . . "

ကျုပ်က ခေါင်းညိတ်ပြတယ်။

"နောက်တော့ ကိုညီသရက်ပင်က သေသွားတယ်။ ကျုပ်သရက်ပင်က အခုထိ အပင်ကြီး ဖြစ်လာပြီး အသီးတွေသီးလာတယ်။ သုံးလုံးတစ်တောင်ပင်ဆိုတော့ သရက်သီးဆီစိမ်လုပ်လို့ ကောင်းတယ်။ ဒီနှစ်ကိုညီတို့ သရက်သီးခူးတော့ ကျုပ်တို့ကို သရက်သီး အလုံးသုံးဆယ်လောက်ပေးတယ်။ ကျုပ်မိန်းမ မိကြွေသိပ်သဘောကျတာပဲ။ ဒါနဲ့သရက်ပင်က ငါစားပြီး ကျန်တဲ့အစေ့ ငါစိုက်ထားတာလို့ပြောမိတယ်။"

"အဲဒါနဲ့ မိကြွေက ကိုချစ်အောင်စိုက်တဲ့ ကိုချစ်အောင် သရက်ပင်ဆိုတာ သေချာလားလို့ မေးတယ်။ သိပ်သေချာပေါ့လို့ပြောလိုက်တယ်။ အဲဒါကို ကျုပ်တို့ ခြံမြေထဲမှာ ကျုပ်စိုက်တဲ့ သရက်ပင်ကို ကိုညီတို့က မတရားယူထားတာ။ ကျုပ်က ကိုညီကို ချစ်ခင်လေးစားတော့ ငယ်ကြောက် ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး။ သူကတော့မကြောက်ဘူး။ ကျုပ်မရှိတုန်း ခြံကို ပြန်ကာမယ်ဆိုပြီး သရက်ပင် ကျုပ်တို့ဘက်ပါအောင် ခြံဝင်းအသစ် ကာတာဗျ"

ရှင်းသွားပါပြီ။ လူကြီးတွေလည်း ခေါင်းတညိတ်ညိတ် ဖြစ်နေကြပါပြီ။

"အခု ပြန်ကာရင် မင်းမိန်းမ စိတ်မကောင်းဖြစ်မှာပေါ့ကွာ။ မလုပ်နဲ့ကွာ။ ဒီအတိုင်းပဲ ထားလိုက်ပါ။ မင်းစိုက်တဲ့ သရက်ပင်လေး မင်းတို့ဘက်ရောက်သွားရင်လဲ ကောင်းတာပါပဲ"

ကျုပ်က စိတ်ထားအမှန်အတိုင်းပြောတာပါ။ ဒါပေမဲ့ ချစ်အောင် ဒေါသကြီးသွားလိုက်တာ။

"အဲဒီလိုလုပ်လို့ မရဘူးဗျ။ ကျုပ်က မတရားတဲ့လူ ဖြစ်သွားမှာပေါ့ဗျ။ အစက ခြံစည်းရိုး ကျောက်ငုတ်ရှိတယ်။ ကျုပ်တို့ခြံဘက်က ကုက္ကိုပင်ကြီးလေတိုက်လို့လဲတော့ အရင်ခြံစည်းရိုးကျိုးသွားတာ ကိုညီရောကျုပ်ရော အမှန်သိလျက်သားနဲ့ ဘာလို့ အမှားလုပ်ရမှာလဲဗျ။ အဲဒီလိုလုပ်ရင် ကိုညီ လူကြီးဖြစ်ပြီး မမှန်တာ မတရားတာ လုပ်တာဖြစ်မှာပေါ့ဗျ. . . "

"ဟား. . . ဟား ချစ်အောင်ရာ မင်းစွပ်စွဲချက်ကလဲ ကြီးကျယ်လိုက်တာ။ ငါက မိကြွေ သူ ရချင်တဲ့ သရက်ပင်လေး ရသွားရင် ကျေနပ်အောင်လို့ပြောတာပါ "

"မိကြွေက မသိလို့ ပြောတာဘဲ။ ခုတော့ အမှန်ကို သူသိသွားပါပြီ။ ကျောက်ငုတ်ကျိုးသွားတဲ့နေရာကို ကျုပ်က မှတ်မိတယ်ဗျ။ ဒါနဲ့ ပေါက်ပြားနဲ့ တူးလိုက်တော့ ကျောက်ငုတ်အကျိုး ကျန်တာ တွေ့တယ်။ မိကြွေလဲ အခုပါတယ်ဗျ။ မိကြွေလာလေ အထဲဝင်ခဲ့"

မိကြွေ ရုံးထဲဝင်လာပါတယ်။ လူကြီးအားလုံး မိကြွေမျက်နှာလှမ်းကြည့်တယ်။ ဟိုနေ့က မျက်နှာမျိုး မဟုတ်တော့ပါဘူး။ ခေါင်းလေးငုံ့လို့။

"မိကြွေ ပြောလိုက်လေ လူကြီးတွေကို တောင်းပန်လိုက်"

ချစ်အောင်က သူ့ မိန်းမကို ခပ်မာမာပြောတယ်။ မိကြွေက ကျုပ်ကို လှမ်းကြည့်တယ်။



DBE BOX Copyright Protected

"ဪ. . . နေပါစေ. . . တောင်းပန်စရာမလိုပါဘူး၊ မသိလို့လုပ်တာဘဲ၊ ကျေနပ်ပါတယ်"

"ဟုတ်ပါတယ်၊ မိကြွေမသိလို့ပါ၊ တောင်းပန်ပါတယ်"

မိကြွေက မနေပါဘူး တောင်းပန်ပါတယ်။

"ကဲကဲ ဒါဖြင့်လဲ ခြစည်းရိုးအမှန်အတိုင်း ပြန်ကာလိုက်ပေါ့ကွာ"

ရာအိမ်မှူး ဦးဘဆောင်က ချစ်အောင်ကို ပြောတယ်။

"ကာပြီးပြီဗျ၊ ကျောက်ငုတ်အတိုင်း ခြံစည်းရိုးအသစ် ကျုပ်တို့လင်မယား ပြန်ကာပြီးမှ ရုံးကို လာတာဗျ"

လူကြီးများဆီက ရယ်သံထွက်လာတယ်၊

ချစ်အောင်ကို ကျုပ်လှမ်းကြည့်မိတယ်။ ချစ်အောင် မိန်းမရပြီးမှ ပြောင်းသွားပြီလားလို့ စိတ်ထဲထင်မိတာ စိတ်ထဲမှာတင် တောင်းပန်လိုက်ပါတယ်၊ ချစ်အောင်ရဲ့ ရိုးဖြောင့်မှုကို ပိုပြီးတော့လည်း လေးစားစိတ်ဖြစ်ရပါတယ်၊

**လယ်တွင်းသားစောချစ်**

DBE BOX - Copyright Protected

## လေ့ကျင့်ခန်း

၁။ "လူရိုးဆိုတာ"ဝတ္ထုတိုမှ စာဆို၏ ရည်ရွယ်ချက်ကို ဖော်ပြပါ။ ဝတ္ထုခေါင်းစဉ်နှင့် ဇာတ်လမ်း လိုက်ဖက်မှု ရှိမရှိ တင်ပြပါ။

၂။ "လူရိုးဆိုတာ"ဝတ္ထုတိုမှ လူ့သဘာဝအဖွဲ့များကို ဆွေးနွေးပါ။

၃။ "လူရိုးဆိုတာ"ဝတ္ထုတိုမှတွေ့ရသည့် ဘဝပြဿနာများကို တင်ပြပါ။

၄။ "လူရိုးဆိုတာ"ဝတ္ထုတိုမှ လူရိုးချစ်အောင်၏ စရိုက်များကို လေ့လာတင်ပြပါ။

၅။ "လူရိုးဆိုတာ"ဝတ္ထုတို၏ ဇာတ်ဆောင်များတွင် မည်သည့်ဇာတ်ဆောင်ကို သင်အနှစ်သက်ဆုံး ဖြစ်သနည်း၊ အဘယ်ကြောင့်နည်း။

# ဒသမတန်းစိတ်ကြိုက်မြန်မာစာ
# မြန်မာစကားပြေကျောင်းသုံးစာအုပ်မိတ်ဆက်

မြန်မာစာအခြေခံခိုင်မာပြီး ကျွမ်းကျင်စွာ တတ်မြောက်အသုံးပြုနိုင်ရန် ဦးတည်ချက်ထားရှိပြီး အခြေခံပညာအထက်တန်း မြန်မာစာသင်ရိုးကို ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် ကျောင်းသားအားလုံးလေ့လာသင်ယူရမည့် မြန်မာစာနှင့် မြန်မာစာကို အထူးစိတ်ဝင်စားပြီး နက်နက်ရှိုင်းရှိုင်း လေ့လာလိုသည့်ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာဟူ၍ နှစ်မျိုးခွဲခြားထားသည်။ စိတ်ကြိုက်မြန်မာစာသင်ယူမည့် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် မြန်မာစာကို အသုံးချစာပေအဖြစ်အသုံးပြုနိုင်မည့် အခြေခံကောင်းများရရှိစေရန် ပြုစုရေးသားထားပါသည်။

ဒသမတန်း စိတ်ကြိုက်မြန်မာစာ၊ မြန်မာစကားပြေ ကျောင်းသုံးစာအုပ်ကို အသုံးပြုရာတွင် မြန်မာစကားပြေ အရေးအသားဆိုင်ရာ၊ မြန်မာစကားပြေစိစစ်လေ့လာမှုဆိုင်ရာ၊ မြန်မာစကားမှရရှိသော သုတရသဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်အတွက် ဆရာ၏လမ်းညွှန်မှုဖြင့် တစ်ဦးချင်းလေ့ကျင့်ခြင်း၊ အဖွဲ့လိုက် လုပ်ငန်းများလုပ်ဆောင်ခြင်းတို့ဖြင့် သင်ယူကြမည်။ မြန်မာစကားပြေ အရေးအသားကို လေ့လာသင်ယူရာတွင်ဖြစ်စေ၊ လက်တွေ့ရေးသားရာတွင်ဖြစ်စေ ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြဿနာများကိုလည်း ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ် ဖန်တီးတတ်စေရန် လေ့ကျင့်သင်ယူမည်။ အချို့စာသင်ချိန်များတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လက်တွေ့ လုပ်ဆောင်မှုများဖြင့် လေ့လာသင်ယူကြမည် ဖြစ်သည်။

## သင်ယူရမည့်အကြောင်းအရာ

ဤဒသမတန်း စိတ်ကြိုက်မြန်မာစာ၊ မြန်မာစကားပြေကျောင်းသုံးစာအုပ်တွင် အောက်ပါအကြောင်းအရာများ ပါဝင်သည်။


အခန်း ၁။ စကားပြေ၏သဘောသဘာဝနှင့် စကားပြေရွေးချယ်ချက်

အခန်း ၂။ ဆောင်းပါး၏သဘောသဘာဝနှင့် ဆောင်းပါးရွေးချယ်ချက်

အခန်း ၃။ ခရီးသွားစာပေ၏သဘောသဘာဝနှင့် ခရီးသွားစာပေရွေးချယ်ချက်

အခန်း ၄။ ရသစာတမ်း၏သဘောသဘာဝနှင့် ရသစာတမ်းရွေးချယ်ချက်

အခန်း ၅။ အတ္ထုပ္ပတ္တိစာပေ၏သဘောသဘာဝနှင့် အတ္ထုပ္ပတ္တိစာပေရွေးချယ်ချက်


DBE BOX - Copyright Protected

## သင်ယူကြရမည့်နည်းလမ်းများ

စကားပြေသင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် အရေးပါသော ၂၁ ရာစု စာပေအရေးအသားဆိုင်ရာကျွမ်းကျင်မှုအဖြစ် ဆရာက လက်တွေ့သင်ကြားလေ့ကျင့်ပေးမည်။ စကားပြေလေ့လာရာတွင် ရည်ရွယ်ချက် သို့မဟုတ် အာဘော်၊ အကြောင်းအရာ အစီအစဉ်၊ စာရေးနည်းလေးမျိုး၊ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ၊ သုတ၊ ရသ သဘောဟူသော လေ့လာမှုနယ်ပယ်ငါးရပ်ကို ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း၊ နိုင်ငံသားကောင်းဖြစ်ခြင်းဟူသည့် နည်းလမ်းငါးရပ်ဖြင့် လေ့လာသင်ယူမည်။

**လေ့လာမှုနယ်ပယ်ငါးရပ်**

(က) **ရည်ရွယ်ချက် သို့မဟုတ် အာဘော်** - စာပေလေ့လာရာတွင် စာ၏အတွင်းသားကို ထဲထဲဝင်ဝင်လေ့လာသည့် အတွင်းလေ့လာနည်းနှင့် စာတစ်ပုဒ်ကိုဖြစ်လာစေရန် ဝန်းရံထားသော အကြောင်းအချက်အလက်များကို လွှမ်းခြုံလေ့လာသည့် အပြင်လေ့လာနည်းဟူ၍ နည်းနှစ်နည်းရှိသည်။

ရည်ရွယ်ချက် သို့မဟုတ် အာဘော်ကိုလေ့လာခြင်းသည် စာတစ်ပုဒ်ကိုဖြစ်ပေါ်လာစေသည့် အကြောင်းရင်းခံများကို လွှမ်းခြုံလေ့လာရသည့် အပြင်လေ့လာနည်းဖြစ်သည်။ စာဆိုသည် မိမိစာ၏ ရည်ရွယ်ချက်ကို တိုက်ရိုက်ရည်ညွှန်းဖော်ပြသည့်အခါရှိသလို တစ်ခါတစ်ရံတွင် စာရေးသူက တိုက်ရိုက်ဖော်ပြမထားဘဲ စာဖတ်သူက စာဆို၏ဘဝပတ်ဝန်းကျင်နှင့် ဆက်စပ်ကာ စာ၏ရည်ရွယ်ချက်ကို ဖော်ထုတ်ရခြင်းမျိုးလည်း ရှိပါသည်။

ရည်ရွယ်ချက်ကို အဓိကအားဖြင့် နှစ်မျိုးခွဲလေ့ရှိသည်။ အသိပညာ ဗဟုသုတ ပေးလိုသော ရည်ရွယ်ချက်နှင့် စေတနာကို နှိုးဆော်ပေးလိုသောရည်ရွယ်ချက်တို့ဖြစ်သည်။ အသိပညာ ဗဟုသုတပေးလိုသော ရည်ရွယ်ချက်ဖြင့် ရေးသောစာကို သုတစာဟုခေါ်၍ စေတနာကို နှိုးဆော်ပေးလိုသော ရည်ရွယ်ချက်ဖြင့်ရေးသောစာကို ရသစာဟုခေါ်သည်။

သုတစာတွင် စာရေးသူသည် သူသိသည့်အကြောင်းအရာကို သူသိသည့်အတိုင်း အခြားသူသိအောင် ရေးသားတင်ပြခြင်းဖြစ်သည်။ သုတပေးစာတွင် အသိပေးရင်း စေတနာနှိုးဆော်ပေးသော သုတရသစာမျိုးလည်း အကျုံးဝင်သည်။ စာရေးသူသည် သူသိသည့်အကြောင်းအရာကို စာဖတ်သူ လက်ခံချင်လာအောင် စေတနာနှော၍ ဖျောင်းဖျသွေးဆောင်ရေးရသည်။

DRE BOX - Copyright Protected

စာဖတ်သူသည် ဗဟုသုတရသည့်အပြင် နှစ်သက်ခြင်းလည်း ဖြစ်စေသည်။ အသိပေးစာမျိုး၌ ထည့်နိုင်သော်လည်း ရသသဘောနှောနေသဖြင့် သုတရသစာဟုလည်းကောင်း၊ ဆွဲဆောင်မှုစာဟုလည်းကောင်း ဆိုနိုင်သည်။

ရသစာတွင် စာရေးသူသည် သူသိသောအကြောင်းအရာကိုအခြေပြုပြီး သူ့စေတနာကို အဓိကထားကာ သူ့စိတ်ကူးဉာဏ်တည်းဟူသော ဆေးရောင်စုံခြယ်၍ရေးသည်။ စာရေးသူ၏ စိတ်ကူးဉာဏ်တန်ခိုးကြောင့် နှစ်သက်ခြင်းရသအတွေ့အကြုံကိုရသည်။

(ခ) **အကြောင်းအရာအစီအစဉ်** - စကားပြေတစ်ပုဒ်ကိုလေ့လာရာတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်၊ ပါဝင်သည့်အကြောင်းအရာ၏ အချက်အလက်စီစဉ်ရာတွင် အစ ၊ အလယ်၊ အဆုံး ညီညွတ်မှု ရှိ၊ မရှိတို့ကို ဆန်းစစ်ကြည့်ပါ။ စကားပြေပါ အချက်အလက်တို့ကို အကျိုးသင့်အကြောင်းသင့်ဖြစ်အောင် စီကာစဉ်ကာ ရေးထားခြင်းရှိ၊ မရှိ၊ ဆိုလိုရင်းအာဘော်က မည်သို့ဖြစ်သည်၊ ဆိုလိုရင်းအာဘော်ကို မည်သို့အစချီထားသည်၊ မည်သို့ သယ်ဆောင်သွားသည်၊ မည်သို့အဆုံးသတ်လိုက်သည် စသည်တို့ကို စစ်ဆေးအကဲဖြတ်သင့်သည်။

ထိုအစီအစဉ်များကို အချိတ်အဆက်မိ၊ မမိ အစီအစဉ်ကောင်း၊ မကောင်းကိုလည်း အကဲဖြတ်သင့်သည်။

ချီလိုက်သောအစမှ အချက်အလက်များပွားလာပုံ၊ ပွားလာသောအချက်များသည် ချီလိုက်သောအစကို မည်သို့အထောက်အကူပြုပုံ၊ အချက်အလက်များကိုစုစည်းပြီး အာဘော်ပေါ်လွင်အောင် မည်သို့ အဆုံးသတ်လိုက်ပုံတို့ကို လေ့လာပါ။

(ဂ) **စာရေးနည်းလေးမျိုး** - စကားပြေတစ်ပုဒ်ကိုလေ့လာရာတွင် စာရေးနည်းလေးမျိုးအနက် မည်သည့်ရေးနည်းဖြင့် ရေးသားထားသည်ကို စိစစ်လေ့လာပါ။

**စာရေးနည်းလေးမျိုးမှာ**

(၁) **သရုပ်ဖော်ရေးနည်း** - သက်ရှိသက်မဲ့တို့၏ ပုံပန်းသဏ္ဌာန်တို့ကိုလည်းကောင်း၊ အရောင်အဆင်းတို့ကိုလည်းကောင်း၊ အသံတို့ကိုလည်းကောင်း စာဖတ်သူစိတ်၌ မြင်ယောင်ကြားယောင်လာအောင် ရေးသားသောနည်း

DBE BOOK - Copyright Protected

(၂) **ဖြစ်စဉ်ပြရေးနည်း** - ရုပ်အမူအရာတို့၏ လှုပ်ရှားနေပုံကိုလည်းကောင်း၊ ဖြစ်ပျက်နေကြပုံကိုလည်းကောင်း ပေါ်လွင်လာအောင်လှုပ်ရှားမှု၊ အဖြစ်အပျက်တို့၏ ဖြစ်စဉ်အတိုင်း ရေးသားသောနည်း

(၃) **ဖွင့်ဆိုရှင်းပြရေးနည်း** - လုပ်ငန်းတစ်ခုအကြောင်းကိုဖြစ်စေ၊ ပြဿနာတစ်ခု အကြောင်းကိုဖြစ်စေ၊ ကိစ္စတစ်ခုအကြောင်းကိုဖြစ်စေ စာဖတ်သူ နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆို ရေးသားသောနည်း

(၄) **ကျိုးကြောင်းပြရေးနည်း** - သိအပ်သောအချက်တစ်ခုကို ထင်ရှားလာအောင် အကျိုးအကြောင်း ဖော်ပြ၍ ရေးသားသောနည်း

တို့ဖြစ်ကြသည်။ စကားပြေတစ်ပုဒ်တွင် မည်သည့်ရေးနည်းဖြင့် ရေးသားသည်ကို ဖော်ထုတ်ကြည့်သင့်သည်။

ရေးနည်းလေးမျိုးသည် တစ်သီးတခြားစီရှိနေသည်မဟုတ်ဘဲ၊ စာတစ်ပုဒ်တည်းတွင် အကြောင်းအရာကိုလိုက်၍ အရောရောအနှောနှောဖြစ်နေတတ်သည်။ အများအားဖြင့် သရုပ်ဖော်ရေးနည်းနှင့် ဖြစ်စဉ်ပြရေးနည်းတို့သည်လည်းကောင်း၊ ဖွင့်ဆိုရှင်းပြရေးနည်းနှင့် ကျိုးကြောင်းပြရေးနည်းသည်လည်းကောင်း ထွေးရောယှက်တင်ဖြစ်နေတတ်သည်။ အလေးကဲမှုကို ကြည့်၍ ရေးနည်းကို သတ်မှတ်ဖော်ထုတ်ခြင်းဖြစ်သည်။

(ဃ) **သဒ္ဒါလင်္ကာရနှင့် အတ္ထာလင်္ကာရ** - သဒ္ဒါလင်္ကာရသည် စကားတန်ဆာဆင်ခြင်း ဖြစ်သည်။ စကားပြေတွင် စာဖတ်သူနားလည် နှစ်သက်အောင် စကားသုံးတတ်ခြင်း၊ ဝါကျဖွဲ့တတ်ခြင်းသည် သဒ္ဒါလင်္ကာရဖြစ်သည်။ သဒ္ဒါလင်္ကာရတွင် ဂုဏ်များကို လေ့လာသည်။ စကားပြေကို လေ့လာရာတွင် ကျစ်လျစ်သိပ်သည်းစွာ စကားတို့ကို ဖန်တီးနိုင်ခြင်းဟူသော သြဇဂုဏ်နှင့် ရှင်းလင်း၍ ပြေပြစ်ချောင်သော ဝါကျဖွဲ့နိုင်ခြင်းဟူသော ပသာဒဂုဏ်တို့ကို ဖော်ထုတ်လေ့လာပါ။

အတ္ထာလင်္ကာရသည် အနက်တန်ဆာဆင်ခြင်းဖြစ်သည်။ အတ္ထာလင်္ကာရတွင် အလင်္ကာများကို လေ့လာသည်။ စကားပြေပါအရေးအသားတို့ကို ကျောင်းသင်အလင်္ကာ ၅ မျိုးဖြစ်သော ဝက်ဝုတ္တိ အလင်္ကာ၊ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ အတိသယဝုတ္တိအလင်္ကာ၊ မြည်သံစွဲ အလင်္ကာတို့ဖြင့် စိစစ်လေ့လာပါ။ အလင်္ကာကိုလေ့လာရာတွင် စကားပြေ၏အာဘော်၊ စကားပြေ၏ ဆိုလိုချက်ကို ထက်ထက်မြက်မြက်ဖြစ်အောင် ပို့ဆောင်ပေးသော အဆင်တန်ဆာ

DBEBOX - Copyright Protected

အဖြစ် သင်ယူသင့်သည်။ စကားပြေအာဘော်နှင့် အဆက်အစပ်မရှိဘဲ အလင်္ကာစကားချည်း သက်သက်ကို ကွက်၍လေ့လာသင်ယူခြင်းကို ရှောင်ကြဉ်သင့်သည်။

(င) **ရသသဘော** - စကားပြေပါ ရသတို့ကို ရသ ကိုးပါးဖြင့် ဖော်ထုတ်ပါ။ ရသကိုးပါးမှာ -ချစ်ခင်မှုဆိုသောသိင်္ဂါရရသ၊ ရယ်ရွှင်မှုဆိုသော ဟဿရသ၊ ကြင်နာမှုဆိုသော ကရုဏာရသ၊ ရက်စက်မှုဆိုသော ရုဒ္ဒရသ၊ ရဲဝံ့စွန့်စားမှုဆိုသော ဝီရရသ၊ ကြောက်ရွံ့မှုဆိုသော ဘယာနကရသ၊ မုန်းတီးမှုဆိုသော ဝိဘစ္ဆရသ၊ အံ့သြမှုဆိုသော အဗ္ဘုတရသ၊ တင်းတိမ်ရောင့်ရဲမှုဆိုသော သန္တရသတို့ဖြစ်ကြသည်။

စာတစ်ပုဒ်တွင် ဤအရသာမျိုး တစ်မျိုးသော်လည်းကောင်း၊ အများသော်လည်းကောင်း ပါဝင်နေသည်ကို တွေ့ရမည်။ စကားပြေလေ့လာသည့်အခါ ဤအချက်ကို သတိပြုဖော်ထုတ်ပါ။

**နည်းလမ်းငါးရပ်**

(၁) **ပူးပေါင်းဆောင်ရွက်ခြင်း** - သင်ခန်းစာများသင်ယူရာတွင် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီးအတွေးအခေါ်များမျှဝေခြင်း၊ အဖြေများအတူရှာဖွေခြင်းတို့ကို လုပ်ဆောင်မည်။ စကားပြေသင်ခန်းစာများကို အပြန်အလှန်ပြောဆိုခြင်း၊ စကားဝိုင်းဆွေးနွေးခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အသိအမြင်ဖလှယ်ခြင်း၊ စကားပြေအရေးအသားဆိုင်ရာများ ဆွေးနွေးခြင်း၊ စုပေါင်းရေးသားခြင်း၊ လက်တွေ့ရေးသားထားသည်ကို အပြန်အလှန်စစ်ဆေးအကြံပေးခြင်း တို့ကိုဆောင်ရွက်မည်။

(၂) **ဆက်သွယ်ပြောဆိုခြင်း** - မြန်မာစကားပြေကို တစ်ဦးနှင့်တစ်ဦးဆက်သွယ်ရေးသားရာတွင် အသုံးချဆက်သွယ်ရေးကိရိယာအဖြစ် ထိထိရောက်ရောက်အသုံးပြုနိုင်ရန် ရည်မှန်းထားသည်ဖြစ်ရာ စကားပြေအရေးအသားမှန်ကန်စေခြင်း၊ စကားပြေပါအကြောင်းအရာနှင့် သုတရသများ ဖော်ထုတ်စေခြင်းတို့ကို ပြုလုပ်မည်။ ထိုသို့ပြုလုပ်ရာတွင် ရေးသားခြင်း၊ ပြောဆိုဆွေးနွေးခြင်း၊ ရွတ်ဖတ်ခြင်း၊ နားထောင်ခြင်း စသည့်ဆက်သွယ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေမည်။

(၃) **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** - စကားပြေလေ့လာဖတ်ရှုပြီးနောက် ရရှိလာသည့် စကားပြေအရေးအသားဆိုင်ရာပြဿနာများ၊ သုတရသ စာပေလေ့လာမှုဆိုင်ရာ ပြဿနာများကို အဖြေရှာခြင်း၊ တင်ပြခြင်း၊ လေးနက်စွာ ဆွေးနွေးခြင်းတို့ကို ပြုလုပ်ရမည်။

DBE BOX - Copyright Protected

(၄) **တီထွင်ဖန်တီးခြင်း** - စာအရေးအသားကို မှန်ကန်ချောမွေ့ပြေပြစ်စွာ ဖန်တီးရေးသားတတ်စေရန် သင်ယူမည်။ မိမိကိုယ်တိုင် စကားပြေကောင်းတစ်ပုဒ်ဖြစ်လာစေသည့် အတွေးအခေါ်၊ စိတ်ကူးစိတ်သန်း ဆန်းသစ်မှုတို့ကို ဆန်းစစ်လေ့လာပြီး စကားပြေကောင်းတစ်ပုဒ် ဖန်တီးရေးသားနိုင်စေမည်။

(၅) **နိုင်ငံသားကောင်းဖြစ်ခြင်း** - သုတရသ စကားပြေများကို လေ့လာဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတကြွယ်ဝ၍ ဆင်ခြင်တုံတရားရှိသည့် လူသားကောင်းတစ်ယောက် ဖြစ်လာစေမည်။ အသိပညာနှင့် ဆင်ခြင်တုံတရားပြည့်ဝပြီး လူ့အဖွဲ့အစည်းအတွင်း၊ နိုင်ငံတစ်နိုင်ငံအတွင်း ဘာသာစကားစွမ်းရည်ကို မှန်ကန်ထိရောက်စွာ အသုံးပြုနိုင်ခြင်းသည် နိုင်ငံသားကောင်းဖြစ်စေရန် အရင်းခံကျသောအချက်တစ်ရပ်ပင်ဖြစ်သည်။ မိမိ မိသားစုအတွင်း၊ ကျောင်းလူမှုအဖွဲ့အစည်းအတွင်း၊ ရပ်ရွာဒေသအဖွဲ့အစည်းအတွင်း၊ နိုင်ငံလူ့အဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးရန်၊ အပြန်အလှန် နားလည်မှုရှိရန်၊ အသိပညာ ဗဟုသုတမျှဝေဖလှယ်ရန်၊ ကူးသန်းသွားလာ ကုန်စည်ဖလှယ်ရန် အများနားလည်နိုင်သည့်ဘာသာစကားကို ကောင်းမွန်မှန်ကန်စွာ အသုံးပြုကြရသည်။ မြန်မာစာကျောင်းသုံးဖတ်စာကို မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း နိုင်ငံသားကောင်းဖြစ်ရန် လိုအပ်ချက်ဖြစ်သော မြန်မာဘာသာစကားကျွမ်းကျင်ထိရောက်၊ မှန်ကန်စွာအသုံးပြုနိုင်စေရန် မျှော်မှန်းသင်ယူရမည်ဖြစ်သည်။

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့်ရလဒ်များ

ဒသမတန်းစိတ်ကြိုက်မြန်မာစာ၊ မြန်မာစကားပြေကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

စကားပြေ၏သဘောသဘာဝ သိရှိနားလည်ပြီး စကားပြေကောင်းတစ်ပုဒ်ကို စီစဉ်ရေးသားတတ်လာမည်။ စကားပြေအမျိုးအစားများထဲမှ ဆောင်းပါး၊ ခရီးသွားစာပေ၊ ရသစာတမ်း၊ အတ္ထုပ္ပတ္တိစာပေတို့၏ သဘောသဘာဝကွဲပြားပုံကိုသိမြင်လာပြီး သက်ဆိုင်ရာအမျိုးအစားအလိုက် ရေးသားတတ်သော အလေ့အကျင့်များ ရရှိလာမည်။

စကားပြေ၏ရည်ရွယ်ချက်ကိုလိုက်၍ သုတစကားပြေ၊ သုတရသစကားပြေ၊ ရသစကားပြေတို့ကို ခွဲခြားသိမြင်လာမည်။ သုတစကားပြေများမှသုတအသိများ ကျယ်ပြန့်လာ၍ စာတွေ့၊ လက်တွေ့အသုံးချတတ်လာမည်။ ရသစကားပြေများ၏ ရသခံစားမှုမှတစ်ဆင့် လူ့သဘောလူ့သဘာဝများကို သတိပြုမိ၍ လက်တွေ့ဘဝတွင် ဆန်းစစ်သုံးသပ်တတ်လာမည်။ ကျောင်းသားတို့သည် သုတစကားပြေကို

DBE BOX - Copyright Protected